
www.burmeseclassic.com

# ဇော်နိုင်မိုး



## သမင်လည်ပြန်အလောင်းဝှက်သူ နှင့် မြွေသူတော် မောင်ခြိမ့်

လုံးချင်းဝတ္ထုသစ်

www.burmeseclassic

www.burmeseclassic.com






**(နိဒါန်း)**

"ကျွိ"

"တီ... တီ..."

"ပွမ်... ပွမ်..."

ရုတ်တရက် ကော်မရှင်နာလမ်း (ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်း)အတိုင်း အရှိန်ပြင်းစွာမောင်းနှင်လာသော ဘောက်ဆော ဆလွန်းကားတစ်စီးသည် လမ်းဆုံသို့ရောက်သောအခါ အချက်ပြမီးမပြ၊ ဘာမပြဘဲ ဆူးလေဘုရားလမ်းဘက်သို့ ဖွတ်အတင်း ချိုးကွေ့လိုက်သောကြောင့် အဖြောင့်အတိုင်း မောင်းနှင်လာကြသော အာရ်အီးတီ ဘတ်စ်ကား၊ လန်ချားနှင့် မြင်းရထားများမှာ ဘရိတ်အုပ်သူက အုပ်၊ ဟွန်းတီးသူက ဟွန်းတီးနှင့် ကိုးရိုးကားရား ဖြစ်ကုန်ကြလေသည်။ (ထိုစဉ်က ယခုလို လက်ယာကပ်မောင်းစနစ် မဟုတ်သေးချေ။)



www.burmeseclassic

www.burmeseclassic.com



သို့ရာတွင် ဖွတ်အတင်းချိုးကွေ့လိုက်သော ဘောက်ဆော ဆလွန်းကားမောင်းသူမှာ မည်သူ့ကိုမျှ အရေးတယူလုပ်ကာ တောင်းပန်မနေဘဲ ဆူးလေဘုရားလမ်းဘက်သို့ ကားကို တရမန်းကြမ်း မောင်းနှင်သွားလေသည်။ နောက်... အင်္ဂလိပ်ဆေးဆရာကြီး ဒေါက်တာဂျော့ဘရိုက် ထိုင်သော ဒတ်သခင်ဆေးဆိုင်ကို ကျော်လွန်ပြီး ရုံးခန်းအများအပြား ဖွင့်လှစ်ထားရာ တိုက်တစ်လုံး၏ရှေ့သို့ရောက်မှ ထိုကားမှာ ကျွီခနဲ ထိုးရပ်သွားလေသည်။

ကား ရပ်လျှင် ရပ်ချင်းပင် ကားတံခါးကို ဝုန်းခနဲ ဆောင့်တွန်းဖွင့်ကာ ကားပေါ်မှ အနောက်တိုင်းဥရောပဝတ်စုံကို ဝတ်ဆင်ထားသည့် အသက်ငါးဆယ်ကျော်၊ ခြောက်ဆယ်နီးပါးအရွယ် ရှိမည်ဖြစ်သော အသားဖြူဖြူ၊ ဝဝဖိုင့်ဖိုင့်နှင့် လူကုံထံရုပ်ပေါက်သော လူတစ်ယောက် ဆင်းလာလေသည်။

ထိုသူမှာ အင်္ဂလိပ်အစိုးရ၏ အထူးယုံကြည်ကိုးစားခြင်းကို ခံရပြီး မြန်မာပြည်တစ်နံတစ်လျားတွင်သာမက အိန္ဒိယနိုင်ငံရှိ ကာလကတ္တား၊ ဘုံဘေမြို့တို့မှ အဆောက်အဦအများအပြားကိုပင် ကန်ထရိုက် ချပေးရသော ကန်ထရိုက်တာသူဌေးကြီး ဦးရွှေဖူးပင် ဖြစ်လေတော့သည်။

ယခုတော့ ကန်ထရိုက်တာသူဌေးကြီး ဦးရွှေဖူးမှာ တစ်စုံတစ်ရာကို အလွန်တရာစိတ်ဆိုးဒေါသထွက်နေသည့်ပုံဖြင့် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ တိုက်အတွင်းသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်ဝင်သွားလေ၏။ မျက်နှာမှာလည်း ဒေါသအငိုးအငွေ့တို့ကြောင့် နီမြန်းလျက် ရှိနေသည်။





'ဗိသုကာသာဒွန်းဦး အင်ဂျင်နီယာအဖွဲ့' ဟူသော ဆိုင်းဘုတ် တပ်ထားသည့် ရုံးခန်းတစ်ခု၏ ရှေ့သို့ရောက်မှ ကန်ထရိုက်တာသူဌေးကြီး ဦးရွှေဖူးမှာ အခန်းဝရှိ မှန်တံခါးကို ဝုန်းခနဲ ဆောင့်ဆွဲဖွင့်ကာ အတွင်းသို့ ဒေါနှင့်မောနှင့် ဝင်သွားလေသည်။

ထိုသို့ ဘီလူးဆိုင်းတီးကာဝင်လာသော သူဌေးကြီး ဦးရွှေဖူးကို မြင်လိုက်ရသည့်အတွက် ဗိသုကာအင်ဂျင်နီယာ သာဒွန်းဦး၏ အတွင်းရေးမှူးမလေးဖြစ်သူ ကေသီမှာ ရုတ်တရက် အံ့အားသင့်သွားလေသည်။

သူဌေးကြီး ဦးရွှေဖူး ကန်ထရိုက်ရသည့် အဆောက်အဦအချို့ကို သူမ၏အလုပ်ရှင်ဖြစ်သူ ဗိသုကာအင်ဂျင်နီယာ သာဒွန်းဦးက ပုံစံဒီဇိုင်း ရေးဆွဲပေးပြီး ကြီးကြပ်ဆောက်လုပ်ပေးရသည်။ ထို့ကြောင့် သူမမှာ သူဌေးကြီး ဦးရွှေဖူးကို မကြာခဏ မြင်ဖူးနေ၏။

သို့ရာတွင် ယခုလို ပုံစံမျိုးဖြင့် ရုံးခန်းသို့လာသည်ကိုတော့ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးပေ။

သူဌေးကြီးဦးရွှေဖူးက စိတ်ဆိုးဒေါသထွက်နေသည့် အမူအရာဖြင့် သူမ၏စားပွဲနားသို့ရောက်လာပြီး အသံမာမာဖြင့်...

''နင့်ဆရာ သာဒွန်းဦးရှိလား''

''ဟင့်အင်း... မရှိဘူးရှင့် သူဌေးမင်း၊ ဆရာ အပြင်သွားပါတယ်''

အတွင်းရေးမှူးမလေး ကေသီက ပျာပျာသလဲ ပြန်ဖြေလိုက်သည်။

သို့သော်...

''မညာနဲ့... အထဲမှာရှိတယ် မဟုတ်လား''



www.burmeseclassic

www.burmeseclassic.com



သူဌေးကြီးဦးရွှေဖူးမှာ အတွင်းရေမှူးမလေး ကေသီ၏ စကားကို မယုံကြည်သည့်ဟန်ဖြင့် ပြောလိုက်ပြီး ဗိသုကာအင်ဂျင်နီယာ သာဒွန်းဦး၏ ရုံးခန်းတံခါးကိုဆောင့်တွန်းဖွင့်ကာ သူကိုယ်တိုင် အတွင်းသို့ ဝင်သွားကြည့်လေသည်။

''အို! ... ဒုက္ခပါပဲ''

ထိုစိုးရိမ်တကြီး ရေရွတ်သံနှင့်အတူ အတွင်းရေးမှူးမလေး ကေသီမှာ မည်သည့်အကြောင်းကိစ္စကြောင့် သူဌေးကြီးဦးရွှေဖူး တစ်ယောက် ယခုလို ဒေါသထွက်လာရသည်ကို နားမလည်နိုင်တော့ဘဲ နောက်သို့ ကမန်းကတန်း ပြေးလိုက်သွားလိုက်သည်။

သူမရုံးခန်းအတွင်းသို့ ရောက်ရှိသွားသည့်အချိန်တွင်တော့ သူဌေးကြီး ဦးရွှေဖူးမှာ 'ရွှေဖူး ဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်း' ဟု စာတမ်းရေးထိုးထားသည့် အဆောက်အဦပုံစံငယ်တင်ထားရာ စင်ရှေ့တွင် ခါးထောက်ကာ ရပ်ကြည့်နေလေ၏။

*(ထိုစဉ်က 'ဥယျာဉ်မြို့တော်အိမ်ရာ'ဟူသည့် စကားအသုံးအနှုန်း မပေါ်ပေါက်သေးဘဲ 'ဘတ်စတီ' ဟုသာ ခေါ်ဝေါ်ကြသည်။ ဥပမာပြောရလျှင် ကမာရွတ်ကို 'မဲရှိဒီခန်း ဘတ်စတီ'ဟု ခေါ်ကြသကဲ့သို့ပင် ဖြစ်သည်။ 'ရွာ'ဟု အဓိပ္ပာယ်ရသော ကုလားစကားဖြစ်၏။ 'ရွာတည်သည်'ဟု ဆိုရမည့် သဘောပင်။ သို့ရာတွင် ယခုခေတ်လူငယ်များ နားလည်လွယ်စေရန် ဥယျာဉ်မြို့တော် စီမံကိန်းဟူသော ခေတ်ပေါ်အသုံးအနှုန်းကိုသာ သုံးစွဲသွားပါမည်)*





ထိုအခါကျမှ အတွင်းရေးမှူးမလေး ကေသီမှာ အနည်းငယ် စိတ်အေးသွားရပြီး သူဌေးကြီး ဦးရွှေဖူး၏အနားသို့ သွားလိုက်ကာ စိတ်ပြေလိုပြေငြား ပြောဆိုလိုက်သည်။

''ဒါ သူဌေးမင်းကြီးကို ဂုဏ်ပြုတဲ့ အိမ်ရာစီမံကိန်း ပုံစံငယ်လေ။ ကျွန်မတို့ဆရာရဲ့ နေ့မအား ညမအား အစွမ်းကုန် ကြိုးစားပုံစံထုတ်ထားတဲ့ လက်ရာတစ်ခုဆိုလည်း မမှားပါဘူး ရှင့်''

သို့ရာတွင် သူမ ထင်သလို သူဌေးကြီး ဦးရွှေဖူးမှာ ထိုပုံစံငယ်ကို သဘောကျနှစ်ခြိုက်လွန်း၍ ကြည့်နေခြင်းမျိုး မဟုတ်ချေ။

သူဌေးကြီး ဦးရွှေဖူးက မီးဝင်းဝင်းတောက်နေသော မျက်လုံးအစုံဖြင့် သူမကို ချာခနဲ လှည့်ကြည့်ပြီး...

''ဘာ! ... ငါ့ကိုဂုဏ်ပြုတဲ့ အိမ်ရာစီမံကိန်း ဟုတ်လား''

ဟု ကျယ်လောင်စွာ ပြောဆိုလိုက်လေသည်။ ပြီးနောက် သူဌေးကြီး ဦးရွှေဖူးမှာ စိတ်ဖောက်ပြန်သွားသည့် လူတစ်ယောက်လို စင်ပေါ်ရှိ အုတ်ခဲအသေးစားလေးများ၊ သစ်သားချောင်းလေးများ၊ ဆေးရောင်ခြယ်ထားသည့် စက္ကူအမာစားလေးများဖြင့် စနစ်တကျ ဆောက်လုပ်ထားသော အဆောက်အဦပုံစံငယ်အား လက်ဖြင့် ဒေါသတကြီးတွန်းတိုက် ဖျက်ဆီးလိုက်လေသည်။

''ဒုန်း''

''ဝုန်း''

''ကဲကွာ... ကဲကွာ''

''အို! ... မလုပ်နဲ့... မလုပ်နဲ့''



www.burmeseclassic

www.burmeseclassic.com



အတွင်းရေးမှူးမလေး ကေသီ မည်သို့ပင် အော်ဟစ်တားဆီးနေစေကာမူ သူဌေးကြီး ဦးရွှေဖူးမှာ မရပ်တန့်ပေ။

အဆောက်အဦပုံစံငယ်တစ်ခုလုံး ကြေမွပျက်စီးသွားပြီဆိုတော့မှ အတွင်းရေးမှူးမလေး ကေသီအား စူးစူးရဲရဲစိုက်ကြည့်ကာ မေးလိုက်သည်။

''နင့်ဆရာ အခုဘယ်မှာလဲ ငါ့ကို အမှန်အတိုင်းပြောစမ်း''

''ဟို... ဟို... အိမ်ရာစီမံကိန်းထဲကို သွားပြီး ကြီးကြပ်နေပါတယ်ရှင်''

တုန်တုန်ယင်ယင်ဖြင့် ပြောလိုက်သော အတွင်းရေးမှူးမလေး ကေသီ၏ စကားအဆုံးမှာပင် သူဌေးကြီးဦးရွှေဖူးမှာ ချက်ချင်းပင် လိုက်သွားရန် ရုံးခန်းအပြင်သို့ ကမူးရှူးထိုး ထွက်သွားလေတော့သည်။

×××





'ရွှေဖူး ဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်း' မြေနေရာမှာ တာမွေအပိုင်းကိုကျော်လွန်ပြီး ဝွတ္တလစ်လမ်းမကြီး (ယခု ဦးချစ်မောင်လမ်း) အတိုင်းလာလျှင် စိုက်ပျိုးရေးခြံများ၏အဆုံး၌ (ယခု ရန်ကင်း မြို့နယ်နေရာတွင်) ရှိသည်။

ထိုမြေနေရာတွင် 'ရွှေဖူး ဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်း' အား တာဝန်ယူဆောက်လုပ်ရန်အတွက် ဗိသုကာအင်ဂျင်နီယာဖြစ်သူ သာဒွန်းဦးမှာ လွန်ခဲ့သည့် တစ်လလောက်ကတည်းက မည်သည့်နေရာတွင် မည်သည့်အဆောက်အဦ ဆောက်လုပ်မည်ကို ကြိုတင် မြေနေရာသတ်မှတ်ခြင်း၊ မြေညှိခြင်း၊ လိုအပ်သည့်နေရာများကို မြေဖို့ခြင်း၊ အောက်ခံ ဖောင်ဒေးရှင်းများ ချခြင်း၊ အလုပ်သမားနေထိုင်ရန်အတွက် တန်းလျားများဆောက်လုပ်ခြင်းတို့ကို လုပ်ကိုင်လာခဲ့သည်မှာ ယခုဆို အတော်အတန်ပင် ရုပ်လုံးပေါ်လာလေပြီ။



www.burmeseclassic

www.burmeseclassic.com



ထိုခေတ် ထိုကာလက ကာလကတ္တား အင်ဂျင်နီယာများ အသင်းကောင်စီမှ အသိအမှတ်ပြု အင်ဂျင်နီယာဘွဲ့ (သိပ္ပံဘွဲ့) ရရှိသည့် မြန်မာအမျိုးသားအင်ဂျင်နီယာများမှာ လက်ချိုးရေတွက်၍ရသည်အထိပင် နည်းပါးလှပြီး ထိုအထဲတွင်မှ မြို့တော်ခန်းမကို ပုံစံဒီဇိုင်း ရေးဆွဲကာ ဆောက်လုပ်ပေးခဲ့သော မြန်မာအင်ဂျင်နီယာ ဦးတင် (F.A.I, A.F.I, A.A.M. inst, Struct, E), ဘားမားအတ်ကလပ်အသင်းဝင် အင်ဂျင်နီယာ ဦးသာထွန်းနှင့် သာဒွန်းဦးတို့မှာ နာမည်ကျော်ဗိသုကာ အင်ဂျင်နီယာများဟုပင် ခေါ်ဆို၍ရပေသည်။

သာဒွန်းဦးမှာ အသက်သုံးဆယ်ကျော်အရွယ်၊ အသားလတ်လတ်၊ မျက်နှာသွယ်သွယ်၊ အရပ် မနိမ့်မမြင့်နှင့် မိန်းမချော ချောသူ တစ်ယောက်ဖြစ်ပြီး အမြဲပင်တက်တက်ကြွကြွနှင့် မိမိအား ယုံကြည်စိတ်ချစွာအပ်နှံလာသော အဆောက်အဦများကို စိတ်ရောကိုယ်ပါ နှစ်ကာ အကောင်းဆုံးဆောက်လုပ်ပေးလေ့ရှိသည်။

ထို့ကြောင့်ပင် ယခုဆောက်လုပ်မည့် ရွှေဖူးဉယျာဉ်မြို့တော် အိမ်ရာစီမံကိန်းအား သူဌေးကြီးဦးရွှေဖူး၏ကုမ္ပဏီမှ ကန်ထရိုက်ရသည် ဆိုသည်နှင့် လူငယ်ပီပီ အချိန်ဆိုင်းမနေဘဲ သူဌေးကြီး ဦးရွှေဖူး၏ ဇနီးနှင့်တိုင်ပင်ကာ အမြန်ဆုံးဆောက်လုပ်ခဲ့ခြင်းပင်ဖြစ်သည်။

သို့သော် ယခုလိုဆောက်လုပ်ခြင်းကိုတော့ သူဌေးကြီး ဦးရွှေဖူးမှာ ကာလကတ္တားသို့ လအတန်ကြာအောင် လုပ်ငန်းကိစ္စတစ်ခုဖြင့် သွားရောက်နေသောကြောင့် သိရှိခြင်း မရှိသေးပေ။

သူဌေးကြီး ဦးရွှေဖူး၏ ဇနီးအငယ်ဖြစ်သူ ခင်ထိပ်ထား၏ ဆုံးဖြတ်ချက်တစ်ခုတည်းဖြင့်သာလျှင် ဆောက်လုပ်ခြင်းဖြစ်သည်။





သာဒွန်းဦးက ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် ဝတ်ဆင်လေ့ရှိသည့် ဖိုင်ဘာဦးထုပ်အဝါတစ်လုံးကို ဝတ်ဆင်လျက် အလုပ်သမားခေါင်းဆောင်တစ်ယောက်အား အိမ်ရာအဝှင်ဝတွင်ထားရှိမည့် မုခ်ဦးအတွက် 'ပိုင်'တိုင်များစိုက်မည့် အစီအစဉ်အား အသေးစိတ်ညွှန်ကြားနေလေသည်။

မကြာခဏဆိုသလိုလည်း သာဒွန်းဦးမှာ လက်ထဲမှ ရာပန်းဆီပုလင်းကို နှာခေါင်းဝတွင်တေ့ကာ ရှူရှိုက်နေလေသည်။ ထိုသို့ရှူရှိုက်တတ်သည်မှာ သူ၏အကျင့်တစ်ခုလို ဖြစ်နေလေပြီ။

ထိုအချိန်မှာပင် ဆောက်လုပ်ရေးလုပ်ငန်းခွင်ထဲသို့ သူဌေးကြီး ဦးရွှေဖူး၏ကား အရှိန်ပြင်းစွာမောင်းဝင်လာသည်ကို တွေ့လိုက်ရလေသည်။ ပြီးနောက် သူဌေးကြီး ဦးရွှေဖူးမှာ အလုပ်သမားတစ်ယောက်ကို မေးပြီး သူ့ရှိရာသို့ ခြေလှမ်းကျဲကြီးဖြင့်လာနေသည်ကို လှမ်းမြင်လိုက်ရ၍ သာဒွန်းဦးမှာ ပြောလက်စ စကားကိုဖြတ်ကာ အလျင်အမြန် လျှောက်သွားလိုက်လေသည်။

အနားသို့ရောက်သောအခါ သူကပင် စတင်နှုတ်ဆက်လိုက်၏။

''ဆိုင်းမဆင့် ဗုံမဆင့်ကို ရောက်လာတော့ပါလား သူဌေးမင်း။ ဘယ်တုန်းကများ မြန်မာပြည်ကို ပြန်ရောက်လာတာလဲဗျ''

''အေး... ဒီနေ့ပဲကွ။ အိမ်ရောက်ရောက်ချင်း ဒီသတင်းကြားတာနဲ့ တစ်ခါတည်း တန်းလိုက်လာခဲ့တာ''

သာဒွန်းဦးမှာ မျက်မှောင်ကြုတ်လိုက်မိသည်။



www.burmeseclassic

www.burmeseclassic.com



သူဌေးကြီး ဦးရွှေဖူး၏ အမူအရာမှာ ပုံမှန်မဟုတ်။ မျက်နှာမှာ တစ်စုံတစ်ရာကို ပြင်းပြင်းထန်ထန် စိတ်ဆိုးဒေါသထွက်နေသည့်ပုံဖြင့် နီမြန်းကာ တင်းမာခက်ထန်နေသည်။

သူ့ကိုကြည့်နေသည့် အကြည့်မှာလည်း စူးရှတောက်လောင်လွန်းနေ၏။

သာဒွန်းဦးက လေသံကို အနည်းငယ်နှိမ့်ကာ မေးလိုက်သည်။

''ဘာကိစ္စများရှိလို့လဲ သူဌေးမင်း''

''ဘာကိစ္စရှိရမှာလဲ အခုဆောက်နေတဲ့ အိမ်ရာစီမံကိန်းကိစ္စပေါ့ကွာ။ မောင်ရင်က ဘယ်သူ့ဆီက ခွင့်ပြုချက်ရလို့ ဒီ အိမ်ရာစီမံကိန်းကို ဆောက်ရတာလဲ''

သာဒွန်းဦးက နားမလည်သည့်အမူအရာဖြင့် သူဌေးကြီး ဦးရွှေဖူးကို ကြည့်လိုက်သည်။ ပြီးလျှင်...

''သူဌေးမင်းက... သူဌေးမင်းရဲ့ဇနီး ခင်ထိပ်ထားနဲ့ မတွေ့ရသေးဘူးလား''

''မတွေ့ရသေးဘူး...။ ကျုပ် ခရီးသွားနေတဲ့ တစ်လျှောက်လုံး သူ အိမ်တောင်ပြန်ရဲ့လား မသိဘူး။ တစ်ချိန်လုံး သူ့ရဲ့ အမျိုးသမီးစေတနာ့ဝန်ထမ်းအဖွဲ့နဲ့ မြို့အနှံ့လျှောက်သွားနေမှာပေါ့။ ဒါပေမဲ့ မောင်ရင်ရဲ့ အသုံးမကျတဲ့အိမ်ရာစီမံကိန်း စာရွက်တွေတော့ တွေ့ခဲ့ပါရဲ့''

သာဒွန်းဦးမှာ သူဌေးကြီး ဦးရွှေဖူး၏စကားကြောင့် ဒေါသထွက်သွားသည်။ သို့သော် ထိုဒေါသကို အလျင်အမြန်ချုန်းအုပ်လိုက်ပြီး လေသံပျော့ပျော့ဖြင့် ပြောလိုက်သည်။





''ဒီလိုဆို ကျွန်တော်ပဲ ရှင်းပြပါမယ် သူဌေးမင်း။ သူဌေးမင်း ကာလကတ္တားကိုသွားနေတုန်း သူဌေးမင်းရဲ့ကုမ္ပဏီက ဒီမြေနေရာပေါ်မှာ အဆောက်အဦဆောက်လုပ်ခွင့် ကန်ထရိုက်ရတာနဲ့ ကျွန်တော်ရယ်၊ ခင်ထိပ်ထားရယ် တိုင်ပင်ပြီး သူဌေးမင်းရဲ့နာမည်နဲ့ အခုလို အိမ်ရာစီမံကိန်း ဆောက်ရတာပါ။ ကျွန်တော်နဲ့ ခင်ထိပ်ထားက သူဌေးမင်းရဲ့ဂုဏ်ကျက်သရေ တိုးဖို့ကို ရှေးရှုကြတာပါ''

သူဌေးကြီး ဦးရွှေဖူး၏မျက်နှာက အခုချက်ချင်း ထပေါက်ကွဲတော့မည့် မီးတောင်ဝလို နီရဲတင်းမာသွားသည်။ စကားသံမှာလည်း ဒေါသအငွေ့အသက်တို့ဖြင့် ကြမ်းရှကျယ်လောင်သွား၏။

''ဘာ! ... ဂုဏ်ကျက်သရေ ဟုတ်လား...။ အပိုတွေလာပြောမနေနဲ့ မောင်ရင်။ ကျုပ်မသိဘဲ ကျုပ်ရဲ့စည်းစိမ်ကို အချောင်နိုက်ချင်ရင် နိုက်ချင်တယ်ပြောပါ။ ကျုပ် ခပ်ရှင်းရှင်းပဲ ပြောမယ်။ ဒီ အိမ်ရာစီမံကိန်းကို ရပ်လိုက်တော့''

ထိုစကားကြောင့် သာဒွန်းဦးမှာ မျက်စိပြူးကျယ်သွားလေသည်။

''ဘယ်လို... ဘယ်လို ရပ်လိုက်ရမယ် ဟုတ်လား။ မဖြစ်နိုင်တာ ဗျာ...။ ဒီမှာ စက်ယန္တရားကြီးတွေကိုတောင် တခြားကုမ္ပဏီက လချုပ်နဲ့ငှားပြီး မြေတွေဘာတွေ ညှိပြီးကုန်ပြီ။ တချို့ အဆောက်အဦတွေဆို ဖောင်ဒေးရှင်းတွေ ဘာတွေတောင် ချပြီးသွားလို့ ဆောက်ဖို့တောင် ပြင်နေပြီ။ အဲဒီကုန်ကျစရိတ်တွေအကုန်လုံးကို ဘယ်လိုလုပ်မလဲ''

သူဌေးကြီး ဦးရွှေဖူးက ခေါင်းခါပြလိုက်သည်။



www.burmeseclassic

www.burmeseclassic.com



''ဒါတော့ ကျုပ်မသိဘူး။ မောင်ရင် ကျုပ်ကိုအသိမပေးဘဲ လုပ်တာဆိုတော့ မောင်ရင်ဘာသာ မောင်ရင် ကြိုက်သလို ရှင်းလိုက်တော့။ ပြီးတော့ တစ်ခါတည်း မောင်ရင့်ကို သတိပေးလိုက်မယ်။ ကျုပ်ရဲ့ဇနီး ခင်ထိပ်ထားကို နောက်တစ်ခါ အလုပ်ကိစ္စအကြောင်းပြပြီး လာမပတ်သက်နဲ့တော့။ သူက အရွယ်ငယ်သေးတယ်၊ လူတွေအကြောင်း ဘာမှမသိသေးဘူး။ ဥပမာ မောင်ရင်တို့လို လိမ်မယ့်ညာမယ့် လူတွေကိုပေါ့''

သူဌေးကြီး ဦးရွှေဖူး၏စကားက စော်ကားလွန်းရာကျနေ၏။ ထို့ကြောင့် ဖြစ်နိုင်လျှင် သာဒွန်းဦးက မောက်မောက်မာမာနှင့် ပြောဆိုနေသော သူဌေးကြီး ဦးရွှေဖူးကို လက်သီးဖြင့် စိစိညက်ညက် ကြေသွားအောင် ထိုးပစ်ချင်နေသည်။

သို့သော် သာဒွန်းဦးက နောက်ဆုံးအနေဖြင့် သည်းခံလိုက်ပြီး ပြေရာပြေကြောင်း ပြောဆိုကြည့်လိုက်၏။

''သေသေချာချာစဉ်းစားပါဦး သူဌေးမင်း၊ ဒီ အိမ်ရာစီမံကိန်းက သူဌေးမင်းအတွက် ငွေကြေးအမြတ်အစွန်း မရှိရင်တောင် သူဌေးမင်းရဲ့နာမည်ကတော့ ဒီ အိမ်ရာကြီးတည်ရှိနေသမျှ ကာလပတ်လုံး လူတွေမှတ်မိနေကြမှာပါ''

''ဒီမယ် မောင်ရင်...။ ကျုပ်အတွက် ငွေကလွဲရင် ဘာမှ အရေးမကြီးဘူး။ ဘာနာမည်ကောင်းမှုလည်း မလိုချင်ဘူး''

သူဌေးကြီးဦးရွှေဖူးက သာဒွန်းဦးကို သနားစရာသတ္တဝါတစ်ကောင်ကဲ့သို့ ကြည့်ပြီး အပြတ်သားဆုံးစကားကို ဆိုလိုက်လေသည်။





သာဒွန်းဦးက အံကို တင်းတင်းကြိတ်ကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ မခံမရပ်နိုင်အောင် ဖြစ်သွားသောကြောင့် လည်ပင်းမှအကြောများပင် ထောင်ထလာ၏။ ပြီးနောက် ထွက်သွားရန်ခြေလှမ်းပြင်နေသော သူဌေးကြီး ဦးရွှေဖူးအား အံကြိတ်သံဖြင့် လှမ်းပြောလိုက်လေ၏။

''ကောင်းပြီလေ... ဒါဆို ကျုပ် ခင်ဗျားအတွက် အိမ်ရာ မဆောက်ပေးတော့ဘူး။ အုတ်ဂူကောင်းကောင်းတစ်လုံးပဲ ဆောက်ပေးတော့မယ်။ အဲဒီအခါကျရင်တော့ ခင်ဗျားရဲ့မိန်းမ ခင်ထိပ်ထားက ဒီအိမ်ရာစီမံကိန်းကို ဆက်ဆောက်မှာပါ''

သာဒွန်းဦးက မည်သည့်အဓိပ္ပာယ်ဖြင့် ပြောဆိုလိုက်မှန်းမသိသော်လည်း သူဌေးကြီး ဦးရွှေဖူးမှာ နောက်သို့ ချာခနဲ စူးစူးရဲရဲ လှည့်ကြည့်ကာ ချက်ချင်း တုံ့ပြန်လိုက်သည်။

''မောင်ရင် မြဲမြဲမှတ်ထား။ ကျုပ်သေလည်း ကျုပ်မိန်းမ ခင်ထိပ်ထားမှာ ဒီ အိမ်ရာဆက်ဆောက်ဖို့ ပိုက်ဆံရှိမှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ကွယ်လွန်သွားတာနဲ့ ကျုပ်ရဲ့ ငွေတွေအားလုံးကို ထိန်းသိမ်းစောင့်ရှောက်မယ့် ဘဏ်အဖွဲ့အစည်းတစ်ခု ရှိပြီးသား။ ခင်ထိပ်ထားက အဲဒီက ရမယ့် ဘဏ်အတိုးကိုပဲ တစ်နှစ်တစ်ခါရမှာ နားလည်လား။ အဲဒီတော့ ဒီ အိမ်ရာစီမံကိန်းကို ငွေစိုက်ထုတ်ပေးမယ့်လူကို မောင်ရင် အခုကတည်းက ရှာထားပေတော့...''

သူဌေးကြီး ဦးရွှေဖူးမှာ ထိုစကား ပြောပြီးသည်နှင့် သူ့ကားရှိရာဆီသို့ လှည့်ထွက်သွားလေသည်။



www.burmeseclassic

www.burmeseclassic.com



''တောက်!''

သာဒွန်းဦးက တောက်တစ်ချက်ကို ကျယ်လောင်စွာခေါက်လိုက်ပြီး သူဌေးကြီး ဦးရွှေဖူး၏ကျောပြင်ကို မီးဝင်းဝင်းတောက်နေသော မျက်လုံးအစုံဖြင့် ကြည့်နေလေ၏။

သူ့ရင်ထဲတွင်တော့ ဒေါသနှင့်မာနတို့ ပေါင်းစပ်ထားသော လှိုင်းလုံးကြီးမှာ တစ်စုံတစ်ခုသောကျောက်ဆောင်ကို အစိတ်စိတ် အမြွာမြွာကွဲသွားအောင် ဝင်တိုက်ဖို့ အသင့်ပြင်ထားလိုက်လေတော့သည်။

×××





မှန်တံခါးကို တွန်းဖွင့်ပြီး သာဒွန်းဦးဝင်လာသည်ကို မြင်သည်နှင့် အတွင်းရေးမှူးမလေး ကေသီက အလောတကြီး ဆီးကြိုပြောလိုက်သည်။

''ဆရာ ခုနက သူဌေးကြီး ဦးရွှေဖူး ဒီကိုလာသွားတယ်''

''အဲဒါ ငါမကြားချင်ဘူး။ အခုချက်ချင်း သူ့မိန်းမ ခင်ထိပ်ထားဆီ ဖုန်းခေါ်စမ်း''

''ဟုတ်ကဲ့ပါ… ဆရာ''

အတွင်းရေးမှူးမလေး ကေသီက ချက်ချင်းပင် ခင်ထိပ်ထား၏ ဖုန်းနံပါတ်ကိုရှာကာ ဖုန်းဆက်ကြည့်နေလေသည်။

သာဒွန်းဦးက · ခြေလှမ်းကျဲကျဲဖြင့် သူ၏ရုံးခန်းအတွင်းသို့ လျှောက်ဝင်သွား၏။ အထဲသို့ရောက်သောအခါ သူ၏ အုံကြွလာသော ဒေါသများမှာ မီးလောင်ရာလေပင့်ဆိုသလို ပိုမိုဆိုးရွားသွားလေတော့သည်။

''တောက်!''



www.burmeseclassic

www.burmeseclassic.com



သူ ကြိုးစားပမ်းစားပုံစံထုတ် ဆောက်လုပ်ထားသော `ရွှေဖူး ဥယျာဉ်မြို့တော်' အိမ်ရာစီမံကိန်း၏ ပုံစံငယ်မှာ တစ်စစီကျိုးပဲ့နေသည်ကို တွေ့လိုက်ရသည့်အတွက် သာဒွန်းဦးမှာ မခံမရပ်နိုင်အောင် ဒေါသထွက်သွားကာ ကျယ်လောင်စွာ တောက်ခေါက်လိုက်လေ၏။

နေနှင့်ဦးပေါ့ ဦးရွှေဖူးရယ်… ခင်ဗျားကြီး ကျုပ်အကြောင်းကို ကောင်းကောင်းသိစေရမယ်…။

သာဒွန်းဦးက စိတ်ထဲမှကြုံးဝါးပြောဆိုရင်း သူ၏ အတွင်းရေးမှူးမလေး ကေသီထံသို့ ပြန်ထွက်သွားလိုက်သည်။ ပြီးလျှင်…

''ငါ့အခန်းထဲက အဆောက်အဦပုံစံငယ်ကို ဦးရွှေဖူး လာဖျက်ဆီးသွားတာလား ကေသီ''

''ဟုတ်ပါတယ် ဆရာ၊ ကျွန်မ တားပါသေးတယ်။ ဒါပေမဲ့ ဦးရွှေဖူးက ဘယ်လိုမှ မရဘူး။ ဒေါသတကြီးနဲ့ကို…''

''ဆက်မပြောနဲ့တော့ ကေသီ၊ ငါ နားမထောင်ချင်တော့ဘူး။ အခု ခင်ထိပ်ထားကို ဆက်သွယ်လို့ရလား''

''မရဘူး ဆရာ၊ မခင်ထိပ်ထားက သန်ဘက်ခါလောက်မှ ပြန်ရောက်မှာတဲ့။ ကျွန်မ သူ့ရဲ့ အမျိုးသမီးစေတနာ့ဝန်ထမ်း စောင့်ရှောက်ရေးအဖွဲ့ကို ဖုန်းဆက်မေးပြီးပါပြီ''

''ဒါဆို… ခင်ထိပ်ထားက သူ့အိမ်မှာမရှိဘူးပေါ့…''

''အိမ်ဖုန်းကိုဆက်ကြည့်တော့ ဘယ်သူမှ ဖုန်းလာမကိုင်ဘူးရှင့်''

''ဟင်!၊ ဒါဆို ဦးရွှေဖူးက ငါ့ဆီကနေ ထွက်သွားပြီး ခုထိအိမ်ပြန်မရောက်သေးဘူးပေါ့''





သာဒွန်းဦးက အတွင်းရေးမှူးမလေး ကေသီကို ပြောသလိုလိုနှင့် မိမိဘာသာတစ်ဦးတည်း ရေရွတ်လိုက်လေသည်။ နက်မှောင်စူးရှနေသော မျက်ဝန်းအိမ်ထဲ၌ပင် လျှို့ဝှက်သည့်အရိပ်အယောင်အချို့ ယှက်သန်းသွားလေ၏။

နှုတ်ခမ်းပေါ်မှ မဲ့ပြုံးမှာ တစ်စုံတစ်ရာကို အငြိုးတကြီး လုပ်တော့မည့် အပြုံးလိုမျိုး…။

ဦးရွှေဖူးတစ်ယောက် အိမ်ကို မပြန်သေးဘူးဆိုလျှင် ဘယ်ကိုများ သွားနေမှာပါလိမ့်။

●

ဦးရွှေဖူး၏ ဝါသနာနှင့် အကျင့်စရိုက်ကို ကျေညက်အောင် သိရှိထားသော သာဒွန်းဦးအဖို့ ဦးရွှေဖူးရှိနေမည့်နေရာကို လွယ်လင့်တကူ တွက်ချက်မှန်းဆမိသွားသည်။

လက်မှ နာရီကို ငုံ့ကြည့်လိုက်တော့ ညနေ (၃)နာရီ (၁၀)မိနစ်။ ခုနေ လိုက်သွားလျှင် ကောင်းကောင်းမီနိုင်သည်။

●

သူ့အတွက် ပြင်ဆင်စရာဆိုလို့ လက်အိတ်တစ်စုံနှင့် သေနတ်တစ်လက်သာ လိုအပ်သည်မဟုတ်လား။

×××



www.burmeseclassic

www.burmeseclassic.com



ထိုခေတ် ထိုကာလက ငွေကြေးချမ်းသာသူတို့၏ ထုံးစံအတိုင်း သူဌေးကြီး ဦးရွှေဖူးမှာလည်း တာမွေတွင် ခြံကျယ်ကြီးတစ်ခြံဝယ်ကာ ပြိုင်မြင်းအများအပြားကို မွေးမြူထားလေသည်။ ထိုခြံကြီး အတွင်းမှာတော့ မြင်းဇောင်းများ၊ မြင်းများလေ့ကျင့်ရန် မြက်လမ်း၊ သဲလမ်း၊ ချော်လမ်းများသာမက တစ်ခါတစ်ရံ သူ လာရောက်အနားယူရန်အတွက် သူဌေးကြီး ဦးရွှေဖူးမှာ ဘန်ဂလိုလေးတစ်လုံးကိုပင် ဆောက်လုပ်ထား၏။

ယခုလည်း သူဌေးကြီး ဦးရွှေဖူးမှာ 'ရွှေဖူး ဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်း' မှ အပြန်တွင် လမ်းကြုံသဖြင့် သူ၏မြင်းဇောင်းသို့ လာကာ ပြိုင်မြင်းများ လေ့ကျင့်နေသည်ကို အရသာခံကာ တစ်နေကုန် တစ်နေခန်း အချိန်ဖြုန်းကြည့်ရှုနေလေသည်။

သူဌေးကြီး ဦးရွှေဖူးက မြင်းများ အပြေးလေ့ကျင့်သည့် သဲလမ်းဘေးတွင်ရပ်လျက် စံချိန်မှတ်သည့်နာရီကို ကြည့်လိုက်၊ မြင်းထရိန်နာ အီဘရာဟင် လေ့ကျင့်ပေးနေသော သားရားဘရက် အင်္ဂလန်မြင်းမျိုးစပ် ပြိုင်မြင်းကြီးကို ကြည့်လိုက်နှင့် လုပ်နေလေ၏။





မြင်းထရိန်နာ အီဘရာဟင်က သူလေ့ကျင့်ပေးနေသော ပြိုင်မြင်းကြီးအား ပြိုင်ပွဲဝင်နေသည့်အလား အမြန်ဆုံးနှုန်းဖြင့် သူ့ရှေ့မှ ဝေါခနဲ ဖြတ်စီးသွားသည်ကိုကြည့်ပြီး သူဌေးကြီး ဦးရွှေဖူးမှာ အလွန်တရာ သဘောကျ နှစ်ခြိုက်သွားလေသည်။

"အိုး... သိပ်ကောင်းတယ်... သိပ်ကောင်းတယ် အီဘရာဟင်ရေ။ ဒီပုံအတိုင်းဆို ဒီနှစ်ပြိုင်ပွဲလည်း ငါ့မြင်းတွေပဲ ဗိုလ်စွဲမှာကွ"

သူဌေးကြီး ဦးရွှေဖူး၏ အားပါးတရ အော်ဟစ်အားပေးသံကြောင့် မြင်းထရိန်နာ အီဘရာဟင်မှာ တစ်ချက်လှည့်ကြည့်လိုက်ကာ မြင်းပေါ်မှ ပင်လှမ်းပြီး ခေါင်းညိတ်ပြလေသည်။

သူဌေးကြီး ဦးရွှေဖူးကတော့ တခွပ်ခွပ်နှင့် ပြေးထွက်သွားသော သူ့မြင်းကြီးကို မျက်စိတစ်ဆုံး တစိမ့်စိမ့်လှမ်းကြည့်နေပြီးမှ သူ့ကားရှိရာသို့ ပြန်ခဲ့လေသည်။

အချိန်မှာလည်း ညနေ ခြောက်နာရီပင် ကျော်နေပြီဖြစ်သောကြောင့် သူက အိမ်သို့ပြန်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်၏။

သူဌေးကြီး ဦးရွှေဖူးက ရွှင်မြူးတက်ကြွနေသည့် လူငယ်လေးတစ်ယောက်လို လေတချွန်ချွန်နှင့် ကားတံခါးကိုဆွဲဖွင့်ကာ မောင်းသူနေရာတွင် ဝင်ထိုင်လိုက်သည်။

ထိုအချိန်မှာပင် ကားနောက်ခန်းဆီမှ သူ မမျှော်လင့်ထားသော လူတစ်ယောက်၏အသံကို ကြားလိုက်ရလေသည်။

"အရမ်းကို ကြောက်သွားလား ဦးရွှေဖူး။ ကျုပ် သာဒွန်းဦးပါ"

"ဟင်! ... မင်း... မင်း... ငါ့ကားထဲမှာ ဘာလုပ်နေတာလဲ"



www.burmeseclassic

www.burmeseclassic.com



''ဘာလုပ်ရမလဲ ဦးရွှေဖူးရယ်၊ ခင်ဗျားကြီးကို စောင့်နေတာပေါ့...။ အော်မယ်လို့တော့ မကြံနဲ့... ကားပေါ်မှာတင် ကိစ္စတုံးသွားမယ်။ အခုချက်ချင်း ကားပေါ်ကဆင်းပြီး ခင်ဗျားရဲ့ ဘန်ဂလိုထဲကို သွား''

သူဌေးကြီး ဦးရွှေဖူးက ကားထဲတွင်ရှိသော နောက်ကြည့်မှန်မှ တစ်ဆင့် မသိမသာ လှည့်ကြည့်လိုက်သည်။ သာဒွန်းဦးမှာ လက်နှစ်ဖက်စလုံးတွင် လက်အိတ်စွပ်ထားသလို သူ့နောက်ကျောကိုလည်း သေနတ်ဖြင့် ချိန်ထားသည်လို တွေ့လိုက်ရ၏။

ထိုအတွက်ကြောင့် သူဌေးကြီး ဦးရွှေဖူးမှာ ကြောက်လန့်တုန်လှုပ်သွားပြီး သာဒွန်းဦးပြောသလို ကားပေါ်မှဆင်းကာ ဘန်ဂလိုရှိရာဆီသို့ တုန်တုန်ယင်ယင် ခြေလှမ်းများဖြင့် လျှောက်သွားလိုက်သည်။

သာဒွန်းဦးမှာလည်း နောက်မှ ထပ်ကြပ်မကွာ လိုက်လာလျက်...။ ဘန်ဂလိုထဲသို့ နှစ်ဦးစလုံး ရောက်ရှိသွားပြီးသည့်အချိန်တွင်တော့...။

×××





ယခုတော့ ဘောက်ဆောဆလွန်းကားလေး၏ မောင်းသူမှာ သူဌေးကြီး ဦးရွှေဖူး မဟုတ်တော့ဘဲ ဗိသုကာအင်ဂျင်နီယာ သာဒွန်းဦးဖြစ်သွားခဲ့ရလေပြီ။

သာဒွန်းဦးမှာ တည်ငြိမ်အေးဆေးစွာနှင့်ပင် သူဌေးကြီးဦးရွှေဖူး၏ အိမ်သို့ ကားကို ကိုယ်တိုင်မောင်းလာခဲ့သည်။ သူဌေးကြီးဦးရွှေဖူး၏ အိမ်တွင် မည်သူတစ်ဦးတစ်ယောက်မျှ မရှိမှန်းကိုသိသောကြောင့်လည်း ဖြစ်ပေ၏။

သေချာအောင် သာဒွန်းဦးက သူဌေးကြီးဦးရွှေဖူး၏အိမ်သို့ ရောက်သောအခါ အရင်ဦးဆုံး လှခေါ်ဘဲလ်ကိုတီးကာ အခြေအနေကို စောင့်ကြည့်နေလိုက်သည်။

မည်သူတစ်ဦးတစ်ယောက်မှ ထွက်လာသည်ကို မတွေ့ရမှ အသင့်ယူဆောင်လာသော သော့တုဖြင့် အိမ်တံခါးကိုဖွင့်ကာ ဝင်လိုက်သည်။



www.burmeseclassic

www.burmeseclassic.com



ပြီးလျှင် အပေါ်ထပ်သို့တက်သည့် လှေကားအတိုင်းတက်ကာ သူဌေးကြီး ဦးရွှေဖုး၏ အိပ်ခန်းအတွင်းသို့ လာခဲ့လိုက်၏။

အိပ်ခန်းထဲတွင်တော့ အဝတ်အစားများကိုပင် ထုတ်ယူရသေးခြင်း မရှိသည့် သူဌေးကြီး ဦးရွှေဖုး၏ ခရီးဆောင်အိတ်ကို ပွင့်လျက်သား တွေ့ရသည်။ အနီးရှိစားပွဲပေါ်တွင်လည်း သူဌေးကြီး ဦးရွှေဖုး၏ ခရီးသွားလျှင်ယူသွားနေကျ အသုံးအဆောင်ပစ္စည်းအချို့နှင့်အတူ ပိုက်ဆံအိတ်ကိုပါ တွေ့ရလေသည်။

သူဌေးကြီး ဦးရွှေဖုးမှာ ခရီးမှ ပြန်ရောက်ရောက်ချင်း သူ့ဆီသို့ လာချင်ဇောအားကြီးနေ၍ ထိုပစ္စည်းများကို သေသေချာချာ မသိမ်းဆည်းဘဲ ထားပစ်ခဲ့ရဟန်တူသည်ဟု သာဒွန်းဦးက တွေးလိုက်မိသည်။

သာဒွန်းဦးက သွက်လက်မြန်ဆန်စွာနှင့်ပင် သူဌေးကြီး ဦးရွှေဖုး ခရီးသွားလျှင် ယူသွားနေကျ ပစ္စည်းအားလုံးကိုယူကာ ပွင့်လျက်သား တွေ့ရသော ခရီးဆောင်အိတ်ထဲသို့ ထည့်လိုက်သည်။

စိတ်ကြိုက်လုပ်ဆောင်ပြီးသွားပြီဆိုတော့မှ သာဒွန်းဦးမှာ ခြေရာလက်ရာမပျက် အိမ်တံခါးကို ပြန်ပိတ်ကာ ရပ်ထားခဲ့သော သူဌေးကြီး ဦးရွှေဖုး၏ ဘောက်ဆောဆလွန်းကားဆီသို့ ပြန်လျှောက်လာခဲ့သည်။

လက်ထဲမှဆွဲလာသော ခရီးဆောင်အိတ်ကို ကားနောက်ခန်းထဲသို့ ပစ်ထည့်ပြီး သာဒွန်းဦးမှာ ကားမောင်းနေရာတွင် ဝင်ထိုင်လိုက်လေ၏။

ထိုအချိန်မှာပင် သာဒွန်းဦး၏ အင်္ကျီအိတ်ကပ်ထဲမှ ပုဆိန်တံဆိပ် ရာပန်းဆီပုလင်းလေးမှာ ကားကြမ်းပြင်ပေါ်သို့ ထွက်ကျကာ ကွဲသွားလေ၏။





''ဟာကွာ... အရေးထဲ''

သာဒွန်းဦးက စိတ်ပျက်လက်ပျက်ဖြစ်သွားပုံဖြင့် ညည်းညူရေရွတ်ရင်း အောက်သို့ပြန်ဆင်းကာ ကားကြမ်းပြင်ပေါ်မှ ရာပန်းဆီပုလင်းအကွဲ အစအနများအား လက်ဖြင့် ကောက်ယူ ဖယ်ရှားလိုက်လေသည်။

လက်အိတ်စွပ်ထားသောကြောင့် ပုလင်းကွဲအစအနများ စူးမည်ကို ပူပန်စရာမလိုပေ။ တစ်ခုမကျန် ဖယ်ရှားပြီးသွားပြီဆိုတော့မှ သာဒွန်းဦးမှာ ကားပေါ်ပြန်တက်ကာ သူ ကြိုစည်တွေးတောထားသည့် နေရာကို မောင်းထွက်လာခဲ့တော့လေသည်။

×××



www.burmeseclassic

www.burmeseclassic.com



## အခန်း (၁)

အင်းစိန်စီအိုင်ဒီမှ အိုင်ပီထွန်းရွှေတို့လူစုမှာ ထုံးစံအတိုင်း အလုပ်ကလေးများပါးသည်နှင့် ရုံးဝန်းရှေ့ရှိ ကာကာလက်ဖက်ရည်ဆိုင်၌ထိုင်ကာ ဗြိတိသျှဘားမားမဂ္ဂဇင်းတွင်ပါသော စုံထောက်ဝတ္ထုတစ်ပုဒ်အကြောင်းကို အရည်မရ အဖတ်မရ ငြင်းခုံနေကြလေသည်။

နေ့လယ်စာစားပြီးသွား၍ အချိုလေး တည်းရန် ထွက်လာခဲ့သော မြွေသူတော်မောင်ခြိမ့်မှာလည်း ထိုစကားဝိုင်းထဲတွင် ပိတ်မိနေလေရာ နောက်မှလိုက်ခေါ်မည့်သူတစ်စုံတစ်ယောက်ကို ရော်ရမ်းမှန်းဆကာ တမျှော်မျှော်နှင့် ရှိနေလေတော့သည်။





အာကျယ်ထွန်းရွှေဟုခေါ်သည့် မျက်လုံး ပြူးပြူး၊ အသား မည်းမည်း၊ အရပ် ပုပုနှင့် အိုင်ပီထွန်းရွှေက ဝတ္ထုထဲတွင်ပါသော စုံထောက်ဇာတ်ကောင်အား ပျစ်ပျစ်နှစ်နှစ် ဝေဖန်နေ၏။

''ဖြစ်နိုင်၊ မဖြစ်နိုင် ခင်ဗျားတို့စဉ်းစားကြည့်ဗျာ၊ ဝတ္ထုထဲက စုံထောက်ကြီးက အသန့်အပြန့်ကလည်း အလွန်ကြိုက်၊ အဝတ်အစားဆိုလည်း ကောင်းမွေ့ညွန့်မွေ့တွေပဲ ဝတ်တယ်....ဗျာ။ အမှုလိုက်တော်ပုံကလည်း တရားခံက လေတောင် မလည်ရဲတဲ့ ပုံပဲဗျ။ တော်ကြာ စုံထောက်ကြီးက ကတ်သီး ကတ်သတ်ခြေရာခံမိပြီး လိုက်လာမှာစိုးလို့လေ''

''ဟား... ဟား... ဟား...''

အိုင်ပီထွန်းရွှေ၏စကားကြောင့် အားလုံးပွဲကျသွားလေသည်။

အသားမည်းလွန်း၍ အားလုံးက တညီတညွတ်တည်း ကိုးကန်းဘဦးဟု ခေါ်ကြသော အိုင်ပီဘဦးက တခွီခွီရယ်မောရင်း...

''အဲဒီဝတ္ထုကိုရေးတဲ့ စာရေးဆရာက သူ့စုံထောက်ဇာတ်ကောင်ကို မဖန်တီးခင် အိုင်ပီမောင်မောင်စိန်ကို အရင်လာကြည့်ပြီးမှ ရေးတာထင်တယ်ဗျ ... ဟား... ဟား... ဟား... ''

အရွှန်းဖောက်သလိုလိုနှင့် တိုက်ခိုက်လိုက်သော အိုင်ပီဘဦး၏ စကားကြောင့် အသန့်အပြန့်အလွန်ကြိုက်သော အိုင်ပီမောင်မောင်စိန်၏မျက်နှာမှာ ပရုတ်ဆီကို လျှာပေါ်တင်ပြီး မျိုချမိသူတစ်ယောက်လို ဖြစ်သွားလေသည်။



www.burmeseclassic

www.burmeseclassic.com



ပြောလည်း ပြောချင်စရာပင်။ အရပ် ထောင်ထောင်မောင်းမောင်း၊ မေးရိုး ကားကား၊ မျက်စိပေါက် ကျဉ်းကျဉ်းနှင့် အိုင်ပီ မောင်မောင်စိန်မှာ အသန့်အပြန့်နှင့်ပတ်သက်လာလျှင် လွန်စွာ ဇီဇာကြောင်လှသူဖြစ်သည်။ သူ့ရှေ့ရောက်လျှင် လက်ကိုင်ပဝါမပါဘဲ နှာမချေရဲ၊ ချောင်းမဆိုးရဲပေ။ အစာစားနေစဉ် တစ်စုံတစ်ယောက်က သတိလွတ်ကာ သလိပ်ခတ်မိပါက အိုင်ပီမောင်မောင်စိန်မှာ နီးရာတစ်နေရာသို့ ပြေးကာ အော့အန်၍ မဆုံးတော့ပေ။

ရိုးကုမ္ပဏီ၊ ပိုက်တဝေးနှင့် လိုက်လောကုမ္ပဏီ၊ ဝပ်ဆင်တိုက်ဟိတ်ကုမ္ပဏီတို့မှရောင်းချသော ရေမွှေး၊ ပေါင်ဒါမျိုးစုံတို့၏ အနံ့အသက်ကိုလည်း အိုင်ပီမောင်မောင်စိန်၏ ခန္ဓာကိုယ်ပေါ်မှာပင် တစ်စုတစ်ဝေးတည်း ရနိုင်ပေသည်။

မထင်မှတ်ဘဲ အရှိုက်ကို တည့်တည့်ထိသွား၍ အိုင်ပီမောင်မောင်စိန်က အိုင်ပီဘဦးကို မျက်ထောင့်နီကြီးနှင့်ကြည့်ကာ မကျေမချမ်းအသံဖြင့်...

''ကျုပ်က ခင်ဗျားတို့လို လူအိုကြီးတွေမဟုတ်ဘူးဗျ။ လူပျိုဗျ... လူပျို။ အဲဒီတော့ သန့်သန့်ပြန့်ပြန့်နေတာ ဘာဆန်းလဲဗျာ''

''ဟုတ်တယ် ဆရာစိန်။ ကျွန်တော်လည်း ထောက်ခံတယ်။ ဆရာစိန် ခမျာ ရုပ်ရည်အင်္ဂါအဆင်းကလည်း ချို့တဲ့လေတော့ အခုလို သန့်သန့်ပြန့်ပြန့်မှမနေရင် ဘယ်မိန်းမက စုံမက်ပါ့မလဲနော်...''

''ဘာကွ! ... ဟေ့ကောင်... ကျော်ဒွန်း... မင်း... မင်း...''

ရေနစ်သူကို ဝါးကူထိုးဆိုသလို၊ ဆပ်ကျောင်းဆင်းစဖြစ်သော





SIP ကျော်ဒွန်း၏ စကားကြောင့် အိုင်ပီမောင်မောင်စိန်မှာ မခံမရပ်နိုင်အောင်ဖြစ်ကာ ရှူးရှူးရှဲရှဲ ဖြစ်သွားလေတော့သည်။

သူကြီးဂေဇက်သတင်းစာကို စိတ်ဝင်တစား သဲကြီးမဲကြီး ဖတ်နေသော မြွေသူတော်မောင်ဖြိုးမို့ပင်လျှင် အိုင်ပီမောင်မောင်စိန်ကို ကြည့်ကာ မပြုံးဘဲ မနေနိုင်တော့ပေ။

အိုင်ပီမောင်မောင်စိန်က ရှက်ရမ်းရမ်းပြီး မဆီမဆိုင် မြွေသူတော်မောင်ဖြိုးမို့အား လက်ညှိုးထိုးကာ လွှဲချလိုက်လေ၏။

''ခင်ဗျားတို့ပြောတဲ့ စာရေးဆရာက ကျုပ်ကို ကြည့်ရေးတာမဟုတ်ဘူးဗျ။ ကိုမောင်ဖြိုးမို့ကို ကြည့်ပြီးမှ ရေးတာ အစစ်... အစစ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုမောင်ဖြိုးမို့ကြီးကိုကြည့်လေ... အဝတ်အစားဆိုလည်း အမြဲတမ်း သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းနဲ့။ ဘိုင်စကုပ်ဇာတ်လိုက် ရူးဒေါ့ဗလင်တီနို (Rudolph Valentino) ပုံစံမျိုး။ သွားတာလာတာနဲ့ လူပ်ရှားပုံကလည်း ဘုရင်ခံရဲ့ ပြိုင်မြင်း စိန်ဝေလျှံကတောင် အရှုံးပေးရတယ်။ လုစ်ခနဲ... လုစ်ခနဲပဲ''

''ဟား... ဟား... ဟား...''

''ဟုတ်တယ်ဗျို့... ဟုတ်တယ်''

''ကြည့်စမ်း... တို့တွေက မောင်မောင်စိန်လို့ပဲ ထင်နေကြတာ။ ဘယ်ဟုတ်ပါ့မလဲ ကိုမောင်ဖြိုးမို့ကြီးကို မေ့နေကြတာကိုး...''

ကုတ်အင်္ကျီ ဖိုးရိုးဖားရား၊ ဆံပင်ဖုတ်သိုက်နှင့် အမြဲတမ်းလေးတိလေးကန်နိုင်လှသော သူ့ကို တမင်ရွဲ့ကာ ပြောလိုက်မှန်းသိ



www.burmeseclassic

www.burmeseclassic.com



သော်လည်း မြွေသူတော်မောင်ခြိမ့်မှာ စိတ်မဆိုးသည့်အပြင် တဟားဟား နှင့်ပင် ရယ်နေလေ၏။

ထိုအချိန်မှာပင် ကာကာဆိုင်ထဲသို့ မင်းကြီး၏ ချာပရာစီ မောင်တိုးတစ်ယောက် ရေးကြီးသုတ်ပျာအမူအရာဖြင့်ဝင်လာသည်ကို တွေ့လိုက်ရလေသည်။

''မင်းကြီးကတော့ ကျုပ်တို့ကို ကြည့်မရတာနဲ့ ဆူဖို့ငေါက်ဖို့ အခေါ်လွှတ်လိုက်ပြန်ပြီနဲ့တူတယ်ဗျို့''

''ကျုပ်လည်း ခုနက မျက်ခုံးတစ်ချက်လှုပ်သွားကတည်းက တစ်ခုခုဖြစ်တော့မယ်ဆိုတာ ရိပ်စားမိသားဗျ''

အိုင်ပီထွန်းရွှေနှင့် အိုင်ပီဘဦးတို့ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြစဉ်မှာပင် မောင်တိုးမှာ အနားသို့ရောက်လာပြီး အင်္ကျီ အိတ်ကပ်ထဲမှ စာတိုလေးတစ်စောင်အား ထုတ်ကာ မြွေသူတော်မောင်ခြိမ့် ထံ လှမ်းပေးလိုက်သည်။ ပြီးလျှင် ...

''မင်းကြီးက ဆရာခြိမ့်ကို မှာလိုက်တယ်၊ ကန်ထရိုက်တာ သူဌေးကြီး ဦးရွှေဖူးရဲ့ဇနီးဆီကို အမြန်သွားပါတဲ့။ သူဌေးကြီး ဦးရွှေဖူး ပျောက်နေတာ တစ်ပတ်ရှိပြီလို့ သူ့ဇနီးက မင်းကြီးဆီ ဖုန်းဆက်ပြီး တိုင်လို့တဲ့လေ။ စာထဲမှာလည်း ရေးထားတယ်လို့ မင်းကြီးက မှာလိုက် ပါတယ် ဆရာခြိမ့်''

''အော် ... အေး အေး...''

မြွေသူတော်မောင်ခြိမ့်က သူ့ထုံးစံအတိုင်း အေးတိအေးစက် အမူအရာဖြင့်ပြောပြီး မင်းကြီးပေးလိုက်သောစာကို တစ်လုံးချင်း လိုက်ဖတ်နေလေသည်။





ပြီးတော့မှ အလျှင်းခြောက်ထောင်းကဲ့သို့ ကြမ်းတမ်းရှုပ်ထွေး နေသော သူ့ဆံပင်ဖုတ်သိုက်ကြီးကို လက်ဖြင့်ကုတ်ဖွရင်း...

''ကျုပ်ကတော့ လူပျောက်လိုက်ရှာဖို့ အလုပ်တစ်ခုရသွားပြီ ဗျို့''

ဟု ပြောကာ ထိုင်နေရာမှ ထလိုက်လေသည်။

အိုင်ပီထွန်းရွှေတို့အဖွဲ့မှာတော့ သူတို့အရေးကိစ္စ မဟုတ်မှန်း သိသည်နှင့် သက်ပြင်းပြိုင်တူချကာ မြွေသူတော်မောင်ခြိမ့်အား မြန်မြန် သွားရန်ပင် လက်ဖြင့် အမူအရာပြလိုက်ကြလေသည်။

×××



www.burmeseclassic

www.burmeseclassic.com



'ရွှေဖူးဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်း'' တည်ဆောက်နေသည့် မြေနေရာတွင်တော့ ဗိသုကာအင်ဂျင်နီယာ သာဒွန်းဦးက ယာယီ ညွှန်ခံမဏ္ဍပ်လေးများထိုးကာ သူကြီးဂေဇက်၊ သံတော်ဆင့်၊ သူရိယ အစရှိသော သတင်းစာများမှ သတင်းထောက်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များအား သူဆောက်လုပ်မည့် 'ရွှေဖူး ဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်း' အား အသေးစိတ် ရှင်းပြနေချိန်ဖြစ်သည်။

ထိုအချိန်တွင် မြွေသူတော်မောင်ဖြိုးမှာ လူအုပ်ကြားထဲတွင် တိုးဝေ့ရင်း တစ်စုံတစ်ယောက်ကို ရှာဖွေနေလေရာ တဖြည်းဖြည်းနှင့် သတင်းထောက်တစ်ဦး မေးမြန်းနေသည်ကို ပြန်လည်ဖြေကြားနေသော သာဒွန်းဦး၏အနီးသို့ ရောက်သွားလေသည်။

အနားတွင် ဟိုလူ့ကို တွန်းလိုက်၊ သည်လူ့ကို တွန်းလိုက်နှင့် မည်သူ့ကို ရှာဖွေရမှန်းမသိသော မြွေသူတော်မောင်ဖြိုးကိုကြည့်ကာ... ကြာတော့ မနေနိုင်တော့ဘဲ သာဒွန်းဦးက မေးလိုက်သည်။





''မိတ်ဆွေက ဘယ်သူ့ကို ရှာနေတာလဲဗျ''

မြွေသူတော်မောင်ဖြိုးက သာဒွန်းဦးကို လှည့်ကြည့်လိုက်သည်။ ပြီးနောက်

''ဩော်... အနှောင့်အယှက်ဖြစ်သွားရင် တောင်းပန်ပါတယ်ဗျာ။ ကျွန်တော်က သူဌေးကြီး ဦးရွှေဖူးရဲ့ဇနီးကို ရှာနေတာပါခင်ဗျ''

''ကျွန်မက ဦးရွှေဖူးရဲ့ဇနီး ခင်ထိပ်ထားပဲ ရှင့်''

မြွေသူတော်မောင်ဖြိုး၏ စကားကိုကြားသောအခါ အနားတွင် ရပ်နေသည့် အသက်အစိတ်အရွယ်လောက်ရှိမည်ဖြစ်သော အမျိုးသမီးငယ်တစ်ဦးက ပြောလိုက်လေသည်။

ထိုအမျိုးသမီးငယ်မှာ ဦးရွှေဖူး၏ ဇနီးဟုဆိုသော်လည်း အိမ်ထောင်သည်နှင့်မတူဘဲ အပျိုလေးတစ်ယောက်ကဲ့သို့ပင် ချောမောလှပသူတစ်ယောက် ဖြစ်လေသည်။ ဘယ်လိုပင်ကြည့်ကြည့် ကျက်သရေရှိစွာ လှနေသူလေးတစ်ယောက်ဟု ဆိုလျှင်လည်း မမှားပေ။

မြွေသူတော်မောင်ဖြိုးက ထိုအမျိုးသမီးငယ်လေးကို အကဲခတ်ကြည့်လိုက်ပြီး...

''ခင်ဗျားက... သူဌေးကြီး ဦးရွှေဖူးရဲ့ဇနီးလား''

''ဟုတ်တယ်။ ရှင် ကျွန်မကိုရှာတာ ဘာကိစ္စလဲ''

''ကျုပ်က အင်စပက်တာ မောင်ဖြိုးပါ။ ခင်ဗျား အင်းစိန်စီအိုင်ဒီကို ဖုန်းဆက်တိုင်တယ်ဆိုလို့ လာခဲ့တာပါ''

''ဘယ်လို... ကျွန်မက ဖုန်းဆက်တိုင်တယ် ဟုတ်လား''



www.burmeseclassic

www.burmeseclassic.com



ခင်ထိပ်ထားဆိုသည့် အမျိုးသမီးငယ်က နားမလည်နိုင်အောင် ဖြစ်သွားပုံဖြင့် မြွေသူတော်မောင်ခြိမ့်၏ မျက်နှာကိုလည်းကောင်း၊ အနားတွင်ရပ်နေသော ဗိသုကာအင်ဂျင်နီယာ သာဒွန်းဦး၏ မျက်နှာကိုလည်းကောင်း တစ်လှည့်စီ ကြည့်လိုက်သည်။

ပြီးနောက် သူမကပင် ဆက်ပြောသည်။

''ကျွန်မ ဘာအကြောင်းနဲ့မှ စီအိုင်ဒီကို ဖုန်းမဆက်ရပါလား။ ရှင် လူမှားတာဖြစ်ပါလိမ့်မယ်ရှင်''

''ဒါဆိုရင်တော့ တစ်ခုခုတော့ နေရာမကျ ဖြစ်နေပြီဗျာ...။ ဪ... ဒါနဲ့ သူဌေးကြီး ဦးရွှေဖူး အခု ဘယ်မှာရှိလဲဆိုတာရော ပြောပြပေးနိုင်မလား''

''ဟင့်အင်း... အဲဒါတော့ ကျွန်မလည်း မသိဘူးရှင့်။ သေချာတာတစ်ခုကတော့ အလုပ်ကိစ္စတစ်ခုခုနဲ့ မြို့တစ်မြို့မြို့ကို ရောက်နေတာ ဖြစ်မှာပေါ့''

''ကျုပ်လည်း အဲဒီလိုပဲထင်တယ် အင်စပက်တာကြီးရဲ့။ သူဌေးကြီး ဦးရွှေဖူးက အလုပ်များတဲ့လူဆိုတော့ ဒီနေ့ မြန်မာပြည်မှာရှိပေမဲ့ မနက်ဖြန်ကျရင် အိန္ဒိယကို ရောက်ရင် ရောက်နေတတ်တာလေ''

*(ထိုခေတ်က ဗြိတိသျှလက်အောက်တွင် မြန်မာနိုင်ငံသည် အိန္ဒိယ၏ အစိတ်အပိုင်းတစ်ခုဖြစ်သောကြောင့် နိုင်ငံကူးလက်မှတ် မလိုချေ။ ငွေကြေးစနစ်လည်း အတူတူပင်ဖြစ်၏)*





မြွေသူတော်မောင်ခြိမ့်က ကြားဖြတ်ဝင်ပြောလိုက်သော သာဒွန်းဦးကို တစ်ချက်လှမ်းကြည့်ပြီး ခေါင်းညိတ်ပြသည်။ နောက်...

''စဉ်းတော့ စဉ်းစားစရာပဲဗျ။ ကျုပ်တို့ဌာနကို အမျိုးသမီးတစ်ယောက်က ဦးရွှေဖူးရဲ့ဇနီးပါဆိုပြီး လူပျောက်တိုင်တယ်ဗျာ။ သူဌေးကြီးဦးရွှေဖူးနဲ့ အဆက်အသွယ်မရတာ တစ်ပတ်လောက်ရှိပြီတဲ့။ အသက်အန္တရာယ်လည်း စိုးရိမ်ရနိုင်တယ်လို့ ပြောတယ်''

ထိုစကားကိုကြားသောအခါ ဦးရွှေဖူး၏ဇနီး ခင်ထိပ်ထားမှာ တွေဝေသွားလေသည်။ ပြီးတော့မှ တစ်စုံတစ်ရာကို စဉ်းစားတွေးတောမိသွားဟန်ဖြင့် သူမက ပြောလိုက်၏။

''ရှင်ပြောသလိုဆို ဖုန်းဆက်တာ ဒေါ်ဂရေစီများ ဖြစ်နေမလား မသိဘူး''

''ဒေါ်ဂရေစီဆိုတာ ဘယ်သူလဲ''

မြွေသူတော်မောင်ခြိမ့်က နားမရှင်းသဖြင့် ခင်ထိပ်ထားအား မေးလိုက်သည်။ ခင်ထိပ်ထားက မပြေချင်ပြေချင်ပုံဖြင့်...

''ဒေါ်ဂရေစီဆိုတာ ကျွန်မခင်ပွန်း ဦးရွှေဖူးရဲ့ ပထမဇနီးကြီးလေ။ ကျွန်မခင်ပွန်း ဦးရွှေဖူးက ကာလကတ္တားကို အလုပ်ကိစ္စနဲ့သွားနေတာ နှစ်လလောက်ရှိပြီရှင့်။ ပြီးခဲ့တဲ့ တစ်ပတ်လောက်ကတော့ ကျွန်မခရီးသွားနေတုန်း တစ်ရက် ပြန်ရောက်လာသေးတယ်လို့ ကြားမိပါသေးတယ်။ ဒါပေမဲ့ သူ့ထုံးစံအတိုင်း ချက်ချင်း ခရီးပြန်ထွက်သွားတာနေမှာပေါ့။ ခရီးဆောင်အိတ်တွေ ဘာတွေ မတွေ့ရဘူးလေ။ အဲဒါကို



www.burmeseclassic

www.burmeseclassic.com



ဒေါ်ဂရေစီက ခရီးကနေ ပြန်ရောက်ပြီး သူ့ဆီကို မဆက်သွယ်တော့ အစိုးရိမ်လွန်ပြီး လူပျောက်တိုင်တာနေမှာပါရှင်''

''ဒေါ်ဂရေစီဆိုတဲ့ အမျိုးသမီးကလည်း ကိုယ့်ယောက်ျား အကြောင်းကိုတောင် ကိုယ်မသိဘူးတဲ့လား... ခင်ထိပ်ထားရယ်။ တစ်ခါတလေဆို ဦးရွှေဖူးက ခင်ထိပ်ထားကိုတောင် အသိမပေးဘဲနဲ့ ခရီးထွက်ထွက်သွားတတ်တယ် မဟုတ်လား...''

မြွေသူတော် မောင်ခြိမ့်က မဆီမဆိုင် ကြားထဲမှဝင်ပြီး ပြစ်တင်ပြောဆိုနေသော ဗိသုကာအင်ဂျင်နီယာ သာဒွန်းဦးကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

သူ့စိတ်ထဲတွင်လည်း သာဒွန်းဦးနှင့် ခင်ထိပ်ထားတို့၏ ဆက်ဆံရေးကို သံသယဝင်သွားဟန်တူသည်။

''တစ်ဆိတ်လောက် မေးပါရစေဗျာ။ ခင်ဗျားက ဘယ်လိုလုပ်ပြီး ခင်ထိပ်ထားကို အသိမပေးဘဲနဲ့ ဦးရွှေဖူးခရီး ထွက်ထွက်သွားတတ်တယ်ဆိုတာ သိတာလဲ''

ထိုစကားကြောင့် သာဒွန်းဦးမှာ မျက်နှာမဲ့သွားလေသည်။ ခင်ထိပ်ထားက ကပျာကယာ ဝင်ရှင်းပြ၏။

''ဩော်... ကျွန်မနဲ့ ကိုသာဒွန်းဦးက အရမ်းရင်းနှီးတဲ့ မိတ်ဆွေတွေလေ။ တင်းနစ် ရိုက်ဖော်ရိုက်ဖက်တွေဆိုလည်း မမှားပါဘူးရှင်။ အဲဒီတော့ တစ်ခါတလေ ကျွန်မတို့အိမ်ထောင်ရေး အကြောင်း ကိုသာဒွန်းဦးကို ဖွင့်ပြောပြတတ်တယ်ရှင့်''

''ဒီလို အသေးစိတ်လိုက်မေးရတာကိုလည်း စိတ်မရှိပါနဲ့ဗျာ။





ကျုပ်တို့ စုံထောက်အလုပ်ဆိုတာကလည်း ဒီလိုအသေးစိတ်လိုက်မေးနိုင်မှ တော်ကာကျတာ မဟုတ်လား...။ ကဲ... ကဲ... ကျုပ်ကို ခွင့်ပြုပါဦး''

မြွေသူတော်မောင်ခြိမ့်က သာဒွန်းဦးနှင့် ခင်ထိပ်ထားကို တစ်လှည့်စီ ကြည့်ကာ နှုတ်ဆက်လိုက်သည်။

ခင်ထိပ်ထားက တခြားနေရာတစ်ခုသို့ လှည့်ထွက်သွားရန် ပြင်နေရာမှ မြွေသူတော်မောင်ခြိမ့်အား လှမ်းပြောသွားလေ၏။

''ကျွန်မရဲ့ခင်ပွန်း ဦးရွှေဖူးအကြောင်းကိုတော့ ခေါင်းထဲထည့်ပြီး စဉ်းစားမနေပါနဲ့ရှင်။ သူ ကျန်းကျန်းမာမာနဲ့ ရှိနေမယ်ဆိုတာ သေချာပါတယ်''

×××



www.burmeseclassic

www.burmeseclassic.com



## အခန်း (၂)

''ကျန်းကျန်းမာမာနဲ့ ရှိတယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး။ ကျွန်မက ကိုရွှေဖူးရဲ့အကြောင်းကို ခင်ထိပ်ထားထက် ပိုပြီး သိတာပေါ့ရှင်... ။ ကိုရွှေဖူး အသက်အန္တရာယ်တစ်ခုခု တွေ့နေပြီဆိုတာ ကျွန်မရဲ့ မသိစိတ်ထဲကနေ အလိုလိုသိနေတယ်''

သူဌေးကြီး ဦးရွှေဖူး၏ ဇနီးကြီးဖြစ်သူ ဒေါ်ဂရေစီက အကြားအမြင်ရနေသည့် လူပမာ အနိုင်အမာပင် ပြောဆိုနေလေသည်။

ဒေါ်ဂရေစီမှာ အသက်ငါးဆယ်ကျော်အရွယ်ဟု မထင်ရလောက်အောင် အရွယ်တင်လှပြီး အလှအပကိုလည်း အလွန်ကြိုက်ပုံရသည်။





ယခု မြွေသူတော်မောင်ဒြိမ့်နှင့် ညှိခန်းထဲတွင် စကားထိုင်ပြောနေစဉ်မှာပင် အခုမှ လက်သည်းနီဆိုးထားဟန်တူသော လက်ချောင်းလေးများကို မကြာခဏဆိုသလို နှုတ်ခမ်းနားတွင်တော့ကာ လေတဖူးဖူး မှုတ်နေလေသည်။

မျက်နှာပေါ်ရှိ ဇရာအရေးအကြောင်းလေးတွေကိုပင် မိတ်ကပ်ဖြင့် ဖုံးအုပ်ကာ ယေ်မှုယေ်ရုပ်မပျောက်အောင် ဖန်တီးထားလေသည်။

မျက်ခုံး၊ မျက်ခွံတို့ကိုလည်း ခြယ်သထားလျက်။

မြွေသူတော် မောင်ဒြိမ့်က ဦးခေါင်းကို လေးပင်စွာခါယမ်းလျက် မေးလိုက်၏။

''ဒေါ်ဂရေစီက ဘာဖြစ်လို့ ဒီလောက်တောင် တပ်အပ်ပြောနိုင်နေရတာလဲ''

''ပြောနိုင်တာပေါ့ရှင်။ ကိုရွှေဖူးက သူ ဘယ်ကိုပဲသွားသွား ကျွန်မကို အကြောင်းကြားပြီးမှ သွားတာ။ အခုတစ်ခေါက်ခရီးက ပြန်ရောက်ပြီး နောက်တစ်ကြိမ် ပြန်ထွက်သွားတာ ကျွန်မဆီကို ဘာအကြောင်းမှ မကြားသွားဘူး။ အဲဒါ ဖြစ်ရိုးဖြစ်စဉ်မှ မဟုတ်တာ။ ကျွန်မတို့နှစ်ယောက် ပေါင်းလာတာ နှစ်သုံးဆယ်ကျော်ပြီ တစ်ခါမှ ဒီလိုမဖြစ်ဖူးဘူး''

''ဖုန်းမဆက်ဘဲနဲ့ ဒေါ်ဂရေစီက ဘယ်လိုလုပ်ပြီး ဦးရွှေဖူး ခရီးပြန်ထွက်သွားတယ်ဆိုတာ သိရတာလဲ''

ဒေါ်ဂရေစီက သူ့လက်သည်းနီများအား ခြောက်မခြောက်ကိုင်ကြည့်နေရာမှ မြွေသူတော်မောင်ဒြိမ့်အား ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။



www.burmeseclassic

www.burmeseclassic.com



ပြီးနောက်...

''ကျွန်မ သူ့မိန်းမအငယ်ဆီကို ဖုန်းဆက်ပြီး မေးကြည့်တာလေ''

''ဒေါ်ဂရေစီပြောတာ ခင်ထိပ်ထားကိုလား...''

''အင်း... ဟုတ်တယ် အင်စပက်တာကြီးရဲ့။ အခုနောက်ပိုင်း ကိုရွှေဖူးက အဲဒီခင်ထိပ်ထားဆိုတဲ့ ကလေးမလေးနဲ့ အတူနေတော့ သိချင်တာတစ်ခုခုရှိရင် ကျွန်မက သူ့ဆီပဲ ဖုန်းဆက်မေးရတာပေါ့''

''ဒါဆို ဒေါ်ဂရေစီနဲ့ ခင်ထိပ်ထားက အမြဲတမ်းဖုန်းအဆက်အသွယ်ရှိတယ်ပေါ့ ဟုတ်လား...''

ဒေါ်ဂရေစီက မြွေသူတော် မောင်ခြိမ့်အား ခေါင်းညိတ်ပြကာဆက်ပြောလေ၏။

''ရှင်းရှင်းပြောရရင် ကျွန်မကိုယ်တိုင်ပဲ ခင်ထိပ်ထားနဲ့ ကိုရွှေဖူးကို လက်ဆက်ပေးထားတာရှင့်။ ကျွန်မနဲ့ ကိုရွှေဖူး ပေါင်းလာတာ အနှစ်သုံးဆယ်နီးပါးရှိပေမဲ့ ကလေး မရဘူးလေ။ အဲဒါကြောင့် ကျွန်မထက် အသက်လည်း ထက်ဝက်နီးပါးငယ်၊ ရုပ်ရည်လည်း ရှိ ကလေးလည်း ရနိုင်တဲ့ ကျန်းမာရေးမျိုးရှိတဲ့ ခင်ထိပ်ထားနဲ့ ပေါင်းဖက်ခိုင်းလိုက်ရတာပဲ။ ဒါကြောင့် ကျွန်မနဲ့ ခင်ထိပ်ထားက တခြားမယားကြီး၊ မယားငယ်တွေလိုဘာ ပြဿနာမှ မရှိဘူးလေ''

''ဒါဆို... တော်တော်ပွင့်ပွင့်လင်းလင်းရှိကြတဲ့ အိမ်ထောင်ရေးပဲနော်။ ဒါနဲ့ ကျွန်တော်စဉ်းစားမိတာတစ်ခုက ဦးရွှေဖူး အလုပ်





ကိစ္စ အရမ်းအရေးကြီးနေလို့များ ဒေါ်ဂရေစီဆီကို ဖုန်းဆက်ဖို့မေ့သွားတာ မဖြစ်နိုင်ဘူးလား''

မြွေသူတော်မောင်ခြိမ့်က သူ့လက်ကြားမှ ဆေးပြင်းလိပ်ကို မီးညှိရှိုက်ဖွာရင်း မေးလိုက်သည်။

ဒေါ်ဂရေစီက စားပွဲပေါ်ရှိ ဆေးလိပ်ပြာခွက်ကို မြွေသူတော်မောင်ခြိမ့်ထံသို့တွန်းပေးရင်း ခေါင်းခါပြလိုက်သည်။

''ဟင့်အင်း... မဖြစ်နိုင်ဘူး။ ဘယ်တုန်းကမှ ကျွန်မဆီကို ဖုန်းဆက်ဖို့ ကိုရွှေဖူး မမေ့ဖူးဘူး''

''ခင်ထိပ်ထားကလည်း ဦးရွှေဖူးခရီးသွားခါနီးတိုင်း ဒေါ်ဂရေစီကို အကြောင်းကြားလေ့ရှိတာကို သိလား''

''ပြောပြီးပါပကော အင်စပက်တာကြီးရယ်။ ဘာလို့ မသိရမှာလဲ။ အကုန်လုံးသိတာပေါ့''

မြွေသူတော်မောင်ခြိမ့်မှာ မည်သို့မည်ပုံ စဉ်းစားရမှန်းမသိအောင် ဖြစ်သွားသည့်ပုံဖြင့် ခေါင်းကို တဗျင်းဗျင်း ကုတ်ဖွလိုက်လေ၏။

ထိုအချိန်မှာပင်...။

''ကလင်... ကလင်''

တယ်လီဖုန်း မြည်လာသဖြင့် ဒေါ်ဂရေစီက ကောက်ကိုင်ကာ စကားပြောလိုက်သည်။

''ဟဲလို... အမိန့်ရှိပါရှင်...။ ဘယ်သူ...။ ဩော်... ဟုတ်ကဲ့ ရှိပါတယ်ရှင့်။ ရော့... အင်စပက်တာကြီးရေ... ရှင့်ဖုန်း''

''ဩော်... ဟုတ်ကဲ့''



www.burmeseclassic

www.burmeseclassic.com



မြွေသူတော် မောင်ခြိမ့်က အလျင်အမြန်ပင် ဖုန်းခွက်ကို လှမ်းယူကာ နားထောင်လိုက်လေသည်။

မြွေသူတော် မောင်ခြိမ့်တစ်ယောက် ဦးရွှေဖူးဇနီး ဒေါ်ဂရေစီ၏ အိမ်တွင် ရောက်နေမှန်းသိ၍ အင်းစိန်စီအိုင်ဒီရုံးမှ လှမ်းဆက်ခြင်း ဖြစ်လေသည်။

မိနစ်အနည်းငယ်ကြာအောင် စကားပြောပြီးသွားမှ မြွေသူတော်မောင်ခြိမ့်က တယ်လီဖုန်းကိုချလိုက်၏။ ပြီးနောက်...

''ဦးရွှေဖူးရဲ့ကားကို တွေ့ပြီတဲ့ အစ်မကြီး''

''ဟင်! ... ဟုတ်လား... ဘယ်နားမှာ တွေ့တာတဲ့လဲ''

မြွေသူတော်မောင်ခြိမ့်က သက်ပြင်းကိုအရင်ချပြီးမှ ပြန်ဖြေလေသည်။

''ပန်းဆိုးတန်း ဆိပ်ကမ်းနားမှာတဲ့လေ။ ဒီပုံအတိုင်းဆိုရင်တော့ ဒေါ်ဂရေစီရဲ့ အမျိုးသားက အလောသုံးဆယ် ခရီးထွက်သွားခဲ့ဟန်တူပါတယ်ဗျာ။ တစ်ခုခုအကြောင်းထူးရင် ဆက်သွယ်ပါ့မယ် ဒေါ်ဂရေစီ၊ ကျွန်တော်ကို ခွင့်ပြုပါဦး''

''ကောင်းပါပြီရှင်''

မြွေသူတော်မောင်ခြိမ့်က သူဌေးကြီး ဦးရွှေဖူး၏ ဇနီးဖြစ်သူ ဒေါ်ဂရေစီအား နှုတ်ဆက်ပြီးသည်နှင့် သူ့ဆီဒင်ကားလေးကိုမောင်းကာ ပန်းဆိုးတန်းဆိပ်ကမ်းဆီသို့ ထွက်လာခဲ့လေတော့သည်။

×××





အနီးအနားပတ်ဝန်းကျင်တွင် နေထိုင်သူတစ်ဦးက ပန်းဆိုးတန်း ဆိပ်ကမ်းအနီး၌ ပိုင်ရှင်မဲ့ကားတစ်စီး တွေ့သည်ဆိုပြီး တိုင်တန်းလာသောကြောင့် ကျောက်တံတားဂိတ်မှ သွားရောက်စစ်ဆေးလေရာ ကန့်ထရိုက်တာသူဌေးကြီး ဦးရွှေဖူး၏ကားဖြစ်နေသဖြင့် အင်းစိန် စီအိုင်ဒီသို့ အကြောင်းကြားလာခဲ့ခြင်း ဖြစ်လေသည်။

*(ထိုခေတ်ထိုကာလက ပန်းဆိုးတန်းဆိပ်ကမ်းမှာ ယခုလို စည်ကားခြင်းမရှိဘဲ ခြောက်ကပ်ကပ်နိုင်လှသည်။ လေကြောင်းခရီးကို တွင်တွင်ကျယ်ကျယ် အသုံးမပြုနိုင်သေးသည့် ခေတ်ကာလဖြစ်သောကြောင့် နိုင်ငံရပ်ခြားသို့သွားလိုလျှင် ပန်းဆိုးတန်းဆိပ်ကမ်းမှသာ သင်္ဘောစီး၍ သွားလာရပေသည်။)*

ပန်းဆိုးတန်းဆိပ်ကမ်းအနီး လူသူပြတ်လပ်ရာ နေရာတစ်ခု၌ ရပ်ထားသော သူဌေးကြီး ဦးရွှေဖူး၏ ကားဘေးတွင်တော့ အိုင်ပီ ထွန်းရွှေတို့လူစုမှာ ယင်ကောင်များကဲ့သို့ ဝိုင်းအုံကြည့်ရှုနေကြလေ၏။

အိုင်ပီ မောင်မောင်စိန်က ကားဘီးမှရွှံ့ကိုခွာကာ ဦးရွှေဖူး မင်္ဂလာဒုံဘက်သို့သွားခဲ့သည်ဟု ဟန်ပန်အပြည့်ဖြင့် ပြောနေသလို အိုင်ပီ ဘဦးကလည်း သူဌေးကြီး ဦးရွှေဖူးမှာ တန်ဖိုးကြီးကားတစ်စီးကို ယခုလို ပစ်စလက်ခတ်ရပ်ထားခဲ့သဖြင့် ပြစ်တင်ဝေဖန်နေလေသည်။



www.burmeseclassic

www.burmeseclassic.com



မြွေသူတော်မောင်ခြိမ့်ကတော့ သူ့ထုံးစံအတိုင်း မည်သည့်စကားမှမပြောဘဲ ဆေးပြင်းလိပ်ကြီးခဲလျက် ကားကို တစ်ပတ်ပတ်ကြည့်ပြီးနောက် မောင်းသူနေရာတွင် ဝင်ထိုင်ကာ စဉ်းစားခန်းဖွင့်နေလေသည်။

အတန်ကြာတော့မှ အနံ့အသက်တစ်ခုခုကို ရှူရှိုက်မိလေဟန်ဖြင့် နှာခေါင်းတရှုံ့ရှုံ့လုပ်ကာ ကားထဲသို့ လိုက်အနံ့ခံကြည့်နေလေ၏။

ထိုအခြင်းအရာကို နားမလည်သော SIP ကျော်ဇွန်းက ဘုမသိဘမသိနှင့် မေးလိုက်သည်။

''ဆရာခြိမ့် ဘာအနံ့ခံနေတာလဲဗျ။ ညှော်နံ့ရလို့လား''

''မင်းထင်တာ မဆိုးဘူး ကျော်ဇွန်းရ။ သူဌေးကြီးဦးရွှေဖူးက သဘော်ာပေါ်မှာစားရအောင် ကားထဲမှာ ငရုတ်သီးတွေ ဘာတွေ ဆီသတ်ပြီး ကြော်ယူသွားလို့ အနံ့စွဲကျန်ခဲ့တာ ဖြစ်လောက်တယ်''

''ဟား... ဟား... ဟား...''

အိုင်ပီထွန်းရွှေ၏ အငေါ်တူးပြီး ပြောလိုက်သောစကားကြောင့် အနီးအနားတွင်ရှိသော ကျောက်တံတားဂါတ်မှ ပုလိပ်လေးများပါ ပွဲကျသွားလေတော့သည်။

မြွေသူတော်မောင်ခြိမ့်ကတော့ မည်သူ့စကားမှ ကြားဟန်မတူဘဲ သူ့အတွေးနှင့်သူ ငြိမ်သက်နေလျက်... ။

×××





## အခန်း (၃)

သူဌေးကြီး ဦးရွှေဖူး၏ကားကို စစ်ဆေးပြီးသည်နှင့် တစ်စုံတစ်ရာ မေးရန် မြွေသူတော် မောင်ခြိမ့်က ခင်ထိပ်ထား၏အိမ်သို့ လာခဲ့လေရာ ဒေါ်ဂရေစီပါရောက်နေသည်ကို တွေ့လိုက်ရလေ၏။

ဒေါ်ဂရေစီမှာ ခင်ပွန်းဖြစ်သူ ဦးရွှေဖူးအတွက် လွန်စွာပူပန်ပြီး ရောက်လာဟန်တူသည်။

''ကားကိုပါ လမ်းဘေးမှာရပ်ထားတယ်ဆိုတော့ ကိုရွှေဖူး တစ်ခုခုဖြစ်နေပြီဆိုတာ သေချာသွားပြီ။ သူ ဘယ်တုန်းကမှ ဒီလောက် ပစ်စလက်ခတ်မနိုင်ဘူး''

''ဩော်... မမဂရေစီကလည်း အဝတ်အစားတွေအပြင် ခရီးဆောင်အိတ်ပါယူသွားမှဖြင့် ခရီးသွားတာပဲ နေမှာပေါ့။



www.burmeseclassic

www.burmeseclassic.com



ပြီးတော့ ကားကလည်း တခြားနေရာမှာတွေ့တာမှ မဟုတ်တာ။ သဘောဆိပ်နားမှာ တွေ့တာပဲလေ။ ဒီထက်ပဲ အကြောင်းနိုင်လုံရဦးမလား''

ခင်ထိပ်ထား ဘယ်လိုပင် ရှင်းပြရှင်းပြ ဒေါ်ဂရေစီမှာ လက်မခံပေ။ ဦးရွှေဖူးအတွက် အလွန်စိုးရိမ်ပူပန်နေပြီး ဆက်လက်ငြင်းဆန်နေလျက်ပင်။

မြွေသူတော်မောင်ခြိမ့်က သူသိချင်နေသည့် မေးခွန်းတစ်ခုကို မေးလိုက်သည်။

''ဦးရွှေဖူးက ရာပန်းဆီပုလင်းတွေ ဘာတွေ ခရီးသွားရင် ဆောင်လေ့ရှိလားဗျ''

ဒေါ်ဂရေစီက မျက်နှာကိုမဲ့ကာ ခေါင်းခါပြသည်။

''ဆောင်ဖို့နေနေသာသာ ခေါင်းမူး၊ ခေါင်းကိုက်ရင်တောင် ရှူတာ မဟုတ်ဘူး''

''ဟုတ်လား... ဒါဆို ဦးရွှေဖူးရဲ့ကားကို ခင်ဗျားတို့ရော ယူပြီး မောင်းလေ့မောင်းထရှိလား''

''အမယ်လေး... သူ့ကားကို သွားယူမောင်းလို့ကတော့ ဒေါ်သူပုန်ထလို့ ဆုံးမှာမဟုတ်ဘူး။ သူက သူ့ကားကို ဘယ်သူမှ မောင်းတာမကြိုက်လို့ ဒရိုင်ဘာတောင် ထားတာမဟုတ်ဘူး။ သူကိုယ်တိုင်ပဲ မောင်းတာ။ အပြင်သွားရင်လည်း ကျွန်မတို့က ကား တစ်ယောက်တစ်စီးစီပဲ သွားကြတာရှင့်''





အလိုမကျသည့်အသံဖြင့် ခင်ထိပ်ထားက ချက်ချင်းပြန်ဖြေလေသည်။ ဒေါ်ဂရေစီကလည်း ခင်ထိပ်ထား၏စကားကို ဝင်ထောက်ခံလိုက်သည်။

''ဟုတ်တယ်... အင်စပက်တာကြီးရဲ့။ ဘာဖြစ်လို့များ မေးရတာလဲ''

''ဩော်... ဘာမှအရေးမကြီးပါဘူး''

မြွေသူတော်မောင်ခြိမ့်က အရေးမကြီးသည့် အမူအရာဖြင့် ပြန်ဖြေရင်း နဖူးကို လက်မဖြင့်ထောက်လျက် တစ်စုံတစ်ရာကို စဉ်းစားတွေးတောနေလေ၏။

ရာပန်းဆီ ရနံ့...။

ဟုတ်သည်...။ ထိုရနံ့ကို ဦးရွှေဖူး၏ကားအတွင်းမှ သူရှူရှိုက်ခဲ့ရသည်။

ဘာကြောင့် ထိုရနံ့က ကားထဲတွင် စွဲကျန်နေခဲ့ရတာလဲ?

မြွေသူတော်မောင်ခြိမ့်က တွေးရင်းတောရင်းနှင့် ဧည့်ခန်းအနှံ့ကို လိုက်လံကြည့်ရှုနေရာမှ စားပွဲတစ်လုံးပေါ်တွင်တင်ထားသော သူဌေးကြီး ဦးရွှေဖူး၏ မှတ်စုစာအုပ်တစ်အုပ်နှင့်အတူ အဆောက်အဦဒီဇိုင်းများ ဆွဲထားသည့် စာရွက်လိပ်များအား တွေ့လိုက်ရသည်။

ထို့အတွက်ကြောင့် မြွေသူတော်မောင်ခြိမ့်မှာ မှတ်စုစာအုပ်ကို လှန်လှောဖွင့်ဖတ်နေရာမှ တစ်နေရာအရောက်တွင် လှမ်းမေးလိုက်၏။

''ဒေါက်တာမင်ယာဆင်းဆိုတာ ဘယ်သူလဲဗျ။ ဒီမှာ ဒေါက်တာမင်ယာဆင်းနဲ့ အင်္ဂါနေ့ မနက်ဆယ်နာရီခွဲမှာ တွေ့ရမယ်လို့ ရေးထားတယ်။ ဦးရွှေဖူး ကိုယ်တိုင်ရေးထားတဲ့ပုံပဲ''



www.burmeseclassic

www.burmeseclassic.com



''ဟုတ်လား... အင်စပက်တာကြီး။ ဒေါက်တာမင်ယာဆင်းဆိုတာ ကိုရွှေဖူး ပြပြနေတဲ့ နှလုံးအထူးကုသမားတော်ကြီးလေ။ ကိုရွှေဖူးက ခရီးသွားခါနီးတိုင်း ဒေါက်တာမင်ယာဆင်းနဲ့ နှလုံးရောဂါအခြေအနေကို စစ်ဆေးပြီးမှသွားတာရှင့်''

''အြော်... သူ့ဌေးကြီး ဦးရွှေဖူးက နှလုံးရောဂါရှိတာကိုး''

မြွေသူတော် မောင်ခြိမ့်က အဆောက်အဦဒီဇိုင်းများ ဆွဲထားသော စာရွက်လိပ်များကိုကြည့်နေစဉ် ဒေါ်ဂရေစီနှင့် ခင်ထိပ်ထားမှာ ဦးရွှေဖူး၏အကြောင်းအား ပြောဆိုငြင်းခုံနေကြလေသည်။

ဒေါ်ဂရေစီမှာ ဦးရွှေဖူး အသက်အန္တရာယ်တစ်ခုခုနှင့် တွေ့ကြုံနေရပြီဖြစ်ကြောင်းကို အခိုင်အမာပြောဆိုနေပြီး ခင်ထိပ်ထားမှာလည်း သာမန်ခရီးသွားခြင်းသာဖြစ်ကြောင်းကို ခုခံပြောဆိုနေလေ၏။

မြွေသူတော်မောင်ခြိမ့်က များပြားလှသော အဆောက်အဦပုံတွေကို ကြည့်ရင်း...

''ဒီလောက်များတဲ့ အဆောက်အဦပုံစံတွေက ဘယ်မှာဆောက်ဖို့လဲဗျ''

ဟု မေးလေရာ ခင်ထိပ်ထားက ထိုင်ရာမှထရင်း ပြန်ဖြေလေသည်။

''အဲဒါ... ရွှေဖူးဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်းရဲ့ အဆောက်အဦပုံစံ ဒီဇိုင်းတွေလေ''

''ဘာ ရွှေဖူးဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်းလဲ''

ဒေါ်ဂရေစီက အထူးအဆန်းစကားတစ်ခုကို ကြားလိုက်ရသည့်နှယ် အလန့်တကြားအသံဖြင့် မေးလေသည်။





မြွေသူတော်မောင်ခြိမ့်က တစ်စုံတစ်ရာကို စဉ်းစားမိလိုက်ပြီး...

''ရွှေဖူးဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်းဆိုတာ ကျုပ်မခင်ထိပ်ထားကို လာရှာတုန်းက သတင်းစာရှင်းလင်းပွဲ လုပ်နေတဲ့ အိမ်ရာစီမံကိန်းလား''

''ဟုတ်တယ်ရှင့်။ အဲဒီအိမ်ရာစီမံကိန်းက အစ်ကိုကြီးကို ဂုဏ်ပြုချင်လို့ ဆောက်တဲ့ အိမ်ရာစီမံကိန်းလေ''

''မနက်တုန်းက သတင်းသမားတွေကို ဦးဆောင်ရှင်းပြနေတဲ့ သာဒွန်းဦးဆိုတဲ့လူကပဲ တာဝန်ယူဆောက်လုပ်မှာပေါ့ ဟုတ်လား မခင်ထိပ်ထား''

မြွေသူတော်မောင်ခြိမ့်ကို ခင်ထိပ်ထားက ခေါင်းညိတ်ပြသည်။

''ဟုတ်တယ်လေ အင်စပက်တာကြီးရဲ့။ ကိုသာဒွန်းဦးကပဲ အဆောက်အဦပုံစံအားလုံးကို ဒီဇိုင်းရေးဆွဲပေးထားတာ''

''နေပါဦး... နေပါဦး... မေးပါရစေ''

ဒေါ်ဂရေစီက ထိုင်ရာမှထလာကာ အလိုမကျဟန်ဖြင့် ပြောလိုက်သည်။ သူမကပင် ဆက်ပြီး...

''အဲဒီအိမ်ရာစီမံကိန်းကို ဘယ်သူက ပိုက်ဆံစိုက်ထုတ်ပေးမှာမို့လို့လဲ။ ကိုရွှေဖူးက ဘယ်တော့မှ အဲဒီလိုအိမ်ရာစီမံကိန်းမျိုးအတွက် ပိုက်ဆံစိုက်ထုတ်ပေးလေ့မရှိပါဘူး''

''ဒီမယ် မဂရေစီ။ မဂရေစီမသိတဲ့ ဒီ့နောက်ပိုင်းကိစ္စတွေ အများကြီး ရှိသေးတယ်''

ခင်ထိပ်ထားက မျက်နှာတင်းတင်းဖြင့် ဒေါ်ဂရေစီအား ပြောရင်း မြွေသူတော်မောင်ခြိမ့်ဘက်သို့လှည့်ကာ ဆက်လက်ပြောဆိုလိုက်သည်။



www.burmeseclassic

www.burmeseclassic.com



''အစ်ကိုကြီး ပြန်လာတဲ့တစ်ရက်က အစ်ကိုကြီးနဲ့ ကိုသာဒွန်းတို့ တွေ့သွားတယ်လေ။ အဲဒီတုန်းက အစ်ကိုကြီးက အခုဆောက်နေတဲ့ အိမ်ရာစီမံကိန်းကို အရမ်းသဘောကျကြောင်း ပြောသွားတယ်တဲ့လေ''

''ဒါဆို... ဦးရွှေဖူး ခရီးပြန်မထွက်ခင် ကိုသာဒွန်းဦးနဲ့ တွေ့သွားသေးတာပေါ့နော်''

''အင်း... တွေ့သွားကြတယ်လေ။ ကျွန်မလည်း ကိုသာဒွန်း အစအဆုံးပြန်ပြောပြလို့ သိရတာရှင့်''

ထိုအဖြေစကားကို ကြားရသည့်အခါတွင်တော့ မြွေသူတော်မောင်ခြိမ့်မှာ သားကောင်အနံ့ရသွားသော မှဆိုးပမာ ကျေနပ်သွားပြီး ဆေးပြင်းလိပ်ကြီးကိုဖွာလျက် ခေါင်းတညိတ်ညိတ် လုပ်နေလေတော့သည်။

×××





ဗိသုကာအင်ဂျင်နီယာ သာဒွန်းဦး၏ အတွင်းရေးမှူးမလေးဖြစ်သူ ကေသီမှာ ညနေငါးနာရီ ကျော်ပြီဖြစ်သဖြင့် ရုံးဆင်းရန်အတွက် ပြင်ဆင်နေလေသည်။

ထိုအချိန်တွင် မြွေသူတော်မောင်ခြိမ့်မှာ ရောက်လာပြီး သူ့ကိုယ်သူ အင်းစိန်စီအိုင်ဒီမှ အင်စပက်တာတစ်ဦးဖြစ်ကြောင်း ပြောဆိုမိတ်ဆက်လိုက်လေ၏။

အတွင်းရေးမှူးမလေး ကေသီက နားမလည်သည့်ပုံဖြင့်...

''အခုလာတာ ဘာကိစ္စလဲရှင့်''

''ဩော်... ကျုပ် ဗိသုကာအင်ဂျင်နီယာ ကိုသာဒွန်းဦးနဲ့ တွေ့ချင်လို့ပါ။ ရှိလား မသိဘူး''

''အဲဒါဆိုရင်တော့ စိတ်မကောင်းပါဘူးရှင်။ ကျွန်မတို့ဆရာ မရှိပါဘူး''

''သူ့အိမ်မှာရော ရှိနိုင်လားဗျ''



www.burmeseclassic

www.burmeseclassic.com



အတွင်းရေးမှူးမလေး ကေသီက သူမ၏စားပွဲပေါ်မှ စာရွက်စာတန်းများကို အံဆွဲထဲသို့ ထည့်သွင်းသိမ်းဆည်းနေရာမှ ခေါင်းခါပြလိုက်သည်။

''ရှင် သူ့ကိုတွေ့မှ ဖြစ်မယ်ဆိုရင်တော့ အင်းစိန် အင်ဂျင်နီယာကျောင်းကိုသာ လိုက်သွားပေတော့။ သူ့အိမ်ကို သွားရှာလည်း အပိုပဲ။ သူက အိပ်ချိန်ပဲ ပြန်အိပ်တာရှင့်''

''ဩော်... ကိုသာဒွန်းဦးက အင်ဂျင်နီယာကျောင်းမှာလည်း ဆရာလုပ်တာကိုး''

*(ထိုခေတ်က အင်းစိန် အင်ဂျင်နီယာကျောင်းအုပ်ကြီးမှာ မစ္စတာရှော ဖြစ်သည်။ ဗြိတိသျှအမျိုးသမီး လေသူရဲ အေမီဂျွန်ဆင်က ကိုယ်ပိုင်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပျံသန်းလာပြီး ကျိုက္ကဆံ မြင်းပြိုင်ကွင်းကို ရှာမတွေ့သဖြင့် အင်းစိန် အင်ဂျင်နီယာကျောင်းဝင်း အတွင်းသို့ လေယာဉ်ဆင်းလိုက်ရသော ဖြစ်ရပ်မှာ ထင်ရှားခဲ့ခြင်းကြောင့် အင်းစိန် အင်ဂျင်နီယာကျောင်းကို မသိသူ မရှိလှပေ)*

မြွေသူတော်မောင်ငြိမ့်က ပြောရင်းဆိုရင်းနှင့်ပင် ရုံးခန်းအနှံ့ကို လိုက်ကြည့်နေလေသည်။

အတွင်းရေးမှူးမလေး ကေသီကတော့ သူ့အလုပ်နှင့်သူ ရှုပ်နေ၍ မြွေသူတော်မောင်ငြိမ့်ကို လိုက်ကြည့်မနေနိုင်အားပေ။ သို့သော် နှုတ်မှတော့ သူမ၏ဆရာဖြစ်သူ သာဒွန်းဦး၏အကြောင်းကို တတွတ်တွတ်နှင့် ပြောဆိုနေလေ၏။





''ဆရာက မျိုးချစ်စိတ်ဓာတ် အရမ်းပြင်းထန်တာရှင့်။ သူ့ရဲ့ အတွေ့အကြုံတွေ၊ လေ့လာထားသမျှတွေကို ဗမာလူငယ် ကျောင်းသားလေးတွေ သိပါစေတော့ဆိုပြီး အလုပ်မအားတဲ့ ကြားကကို အချိန်လုပြီး စာသွားသင်ပေးနေတာလေ။ တစ်နေ့ ကတောင် သူ စာသင်ဖို့အတွက် ရှေးဟောင်း အီဂျစ်တွေရဲ့ ပိရမစ်တွေနဲ့ပတ်သက်တဲ့ ဗိသုကာအချက်အလက်တွေကို တောင် ကူရှာပေးခဲ့ရသေးတယ်''

မြွေသူတော်မောင်ငြိမ့်ကတော့ အတွင်းရေးမှူးမလေး ကေသီ ပြောဆိုနေသော စကားများကို တစ်လုံးတလေပင် ကြားဟန်မတူတော့ပေ။

ပစ္စည်းပျောက်နေသူ တစ်ဦးပမာ နေရာအနှံ့ကို ကျီးကန်းတောင်းမှောက်ကြည့်ရင်း ဗိသုကာအင်ဂျင်နီယာ သာဒွန်းဦး၏ ရုံးခန်းထဲသို့ မပြောမဆိုနှင့် စွတ်ခနဲဝင်သွားကာ လျှောက်ကြည့်နေလေတော့သည်။

အတွင်းရေးမှူးမလေး ကေသီမှာ မည်သည့်တုံ့ပြန်သံမှ မကြားရ၍ ဖျတ်ခနဲ မော်ကြည့်လိုက်လေရာ တအံ့တဩ ဖြစ်သွားရလေ၏။

''အဲတော့... ဟို အင်စပက်တာကြီး ဘယ်ရောက်သွားပါလိမ့်''

အတွင်းရေးမှူးမလေး ကေသီက ကပျာကယာနှင့် သူမ၏ ဆရာဖြစ်သူ သာဒွန်းဦး၏ရုံးခန်းထဲသို့ ပြေးလာကြည့်လိုက်လေရာ ဆေးပြင်းလိပ်ပြာများကို အလိုက်ကမ်းဆိုးမသိ ကြမ်းပြင်ပေါ်သို့



www.burmeseclassic

www.burmeseclassic.com



ခြေချလျက် အလုပ်စားပွဲရှေ့တွင် ခါးထောက်ရပ်ကြည့်နေသော မောင်ခြိမ့်ကို တွေ့လိုက်ရလေသည်။

အတွင်းရေးမှူးမလေး ကေသီ၏ ခြေသံကိုကြားတော့မှ မြွေသူတော်မောင်ခြိမ့်က နောက်သို့လှည့်ကြည့်ပြီး ပြောလိုက်၏။

''ကိုသာဒွန်းဦးရဲ့ ရုံးခန်းကတော့ တကယ့်ကို အပုံစားပဲနော်။ ကျယ်လည်း ကျယ်၊ သန့်လည်း တော်တော်သန့်ရှင်းတာပဲဗျ။ ကျွန်တော့်ရုံးခန်းနဲ့တော့ ကွာပါ့ဗျာ''

''ကျွန်မဆရာက သူ့ရုံးခန်းထဲကို ဘယ်သူမှ ဝင်တာမကြိုက်ဘူးရှင့်''

အတွင်းရေးမှူးမလေး ကေသီက ကြမ်းပြင်ပေါ်မှ ဆေးလိပ်ပြာများကို မနှစ်မြို့ဟန်ဖြင့်ကြည့်ကာ တွေ့ရာပစ္စည်းများကို အထူးအဆန်း သဖွယ် လိုက်ကိုင်ကြည့်နေသော မြွေသူတော်မောင်ခြိမ့်အား အလိုမကျသည့်အသံဖြင့် လှမ်းပြောလိုက်သည်။

မျက်နှာမှာလည်း ပြုံးပြုံးရွှင်ရွှင် မရှိတော့ပေ။

မြွေသူတော်မောင်ခြိမ့်က ဘေးနားတွင် အတွင်းရေးမှူးမလေး ကေသီရှိသည်ကိုပင် သိပုံမပေါ်တော့ချေ။

သာဒွန်းဦး၏ တိုလီမိုလီ အသုံးအဆောင်ပစ္စည်းလေးများ ထားရာ စားပွဲပေါ်မှ ပုဆိန်တံဆိပ် ရာပန်းဆီပုလင်းလေးကို ကောက်ယူကြည့်ရင်း တစ်စုံတစ်ရာ လေးလေးနက်နက် တွေးတောနေလေသည်။

အတွင်းရေးမှူးမလေး ကေသီမှာ စိတ်မရှည်နိုင်တော့ဘဲ တင်းတင်းမာမာ ပြောဆိုလိုက်၏။





''ဒီမယ်... အင်စပက်တာကြီး။ ကျွန်မ ရုံးဆင်းချိန် နောက်ကျတော့မယ်။ ကျွန်မဆရာကို တွေ့ချင်ရင် နောက်နေ့မှလာပါတော့''

မြွေသူတော်မောင်ခြိမ့်က ထိုစကားကို အရေးပင်မစိုက်ဘဲ သူသိချင်သောအကြောင်းကို မေးလိုက်သည်။

''ကိုသာဒွန်းဦးက ရာပန်းဆီရူတဲ့ အလေ့အကျင့်တော့ ရှိပုံရတယ်နော်''

''အင်း... ရှိတယ်။ ဘာဖြစ်လို့ မေးတာလဲရှင့်''

အတွင်းရေးမှူးမလေး ကေသီ၏အသံက အလိုမကျသည့်ပုံ သိသိသာသာ ပေါ်လွင်နေ၏။

မြွေသူတော်မောင်ခြိမ့်က ဘာမှမဟုတ်ဘူးဆိုသည့် သဘောဖြင့် ခေါင်းခါပြကာ ရာပန်းဆီပုလင်းလေးအား နေရာတကျ ပြန်ထားလိုက်သည်။ ပြီးနောက် ခေါင်းကို တဖျင်းဖျင်းကုတ်ဖွရင်း ရုံးခန်းထဲမှ ပြန်ထွက်ရန် ခြေလှမ်းပြင်လိုက်၏။

ထိုအခါကျမှ အတွင်းရေးမှူးမလေး ကေသီမှာ စိတ်အေးသွားပြီး သက်ပြင်းချနိုင်တော့သည်။

သို့သော် မြွေသူတော်မောင်ခြိမ့်မှာ သူမထင်သလို ရုံးခန်းထဲမှ တစ်ခါတည်း တန်းမထွက်သေးပေ။ တစ်စစီ ကျိုးပဲ့ပျက်စီးနေသော 'ရွှေဖူးဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်း' ၏ ပုံစံငယ်ရှေ့တွင်ရပ်ကာ စိတ်ဝင်တစားကြည့်နေပြန်သည်။

ပြီးနောက်...



www.burmeseclassic

www.burmeseclassic.com



''ဒီပုံစံယေက ကလေးတစ်ယောက်ယောက် လာလက်ဆော့သွားလို့ ဒီလို ပျက်စီးကုန်တာလားဗျ''

''ဘယ်ကလေးမှ လာလက်ဆော့သွားတာ မဟုတ်ပါဘူးရှင့်။ သူဌေးကြီး ဦးရွှေဖူးပေါ့... မပြောမဆိုနဲ့ ရုံးခန်းထဲဝင်ပြီး ဖျက်ဆီးသွားတာလေ''

''အို... ဟုတ်လား''

မြွေသူတော်မောင်ခြိမ့်က တအံ့တသြနှင့် ရေရွတ်လိုက်လေရာ အစကတည်းကမှ ဦးရွှေဖူးကို မျက်မုန်းကျိုးနေသော အတွင်းရေးမှူးမလေး ကေသီမှာ သူမ မကျေနပ်သမျှအား ရင်ဖွင့်လေတော့သည်။

''အဲဒီ ဦးရွှေဖူးဆိုတဲ့ အဖိုးကြီးက တကယ့် လူ့ဂွစာကြီးရှင့်။ ကျွန်မဆရာက သူနာမည်တွင်ကျန်ရစ်အောင်လို့လည်း `ရွှေဖူး ဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်း`ကို နေ့မအား ညမအား ပုံစံဒီဇိုင်းဆွဲပြီး ဆောက်ပေးရသေးတယ်။ ဒါကို သူက မကျေမနပ်နဲ့ ရုံးခန်းကိုလာပြီး သောင်းကျန်းသွားတယ်လေ။ ဘယ်လောက်တောင် ဒေါသထွက်ဖို့ ကောင်းလိုက်သလဲ''

''ဦးရွှေဖူးက ဒီအိမ်ရာစီမံကိန်း ဆောက်တာကို သဘောမကျဘူးလား...''

''သူကသာ သဘောမကျတာပါရှင်။ ကျန်တဲ့လူတွေ အားလုံးက သဘောကျကြပါတယ်''

''ဒါနဲ့... ဦးရွှေဖူးက ဘယ်တုန်းက ဒီရုံးခန်းကို လာသွားတာလဲဗျ''





အတွင်းရေးမှူးမလေး ကေသီက စိတ်ပျက်လက်ပျက်ပုံဖြင့် သက်ပြင်းကိုချ၏။ ပြီးမှ မဖြေချင်ဖြေချင်ပုံဖြင့်...

''လွန်ခဲ့တဲ့ တစ်ပတ်လောက်ကလေ''

အတွင်းရေးမှူးမလေး ကေသီ၏စကားများက မြွေသူတော်မောင်ခြိမ့်အတွက်တော့ အဖိုးထိုက်အဖိုးတန် ကျောက်မျက်ရတနာတွေလို တန်ဖိုးရှိလှသည်။

ထို့နောက်တွင်တော့ မြွေသူတော်မောင်ခြိမ့်မှာ အတွင်းရေးမှူးမလေး ကေသီအား နှုတ်ဆက်ကာ အင်းစိန် အင်ဂျင်နီယာကျောင်းရှိရာဆီသို့ ကားကို ဦးတည်မောင်းလာခဲ့တော့လေသည်။

×××



www.burmeseclassic

www.burmeseclassic.com



## အခန်း (၄)

ဗိသုကာအင်ဂျင်နီယာ သာဒွန်းဦးက မြွေသူတော် မောင်ခြိမ့် စာသင်ခန်းထဲသို့ ကုပ်ချောင်းချောင်းနှင့် ဝင်လာသည်ကို တွေ့လိုက်ရသဖြင့် စာသင်နေရာမှ လှမ်းပြီးကြည့်လိုက်သည်။ ပြီးနောက် မသိမသာ ခေါင်းညိတ်ပြပြီး စာဆက်သင်နေလေ၏။

မြွေသူတော်မောင်ခြိမ့်က နောက်ဆုံးတန်းရှိ ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်ကာ သာဒွန်းဦးသင်ကြားနေသည့် အကြောင်းအရာများကို လိုက်လံနားထောင်နေလေသည်။

သာဒွန်းဦးက သူ၏ကျောင်းသားများအား ရှေးခေတ်အီဂျစ် ဖာရိုဘုရင်တို့၏ သင်္ချိုင်းဂူဗိမာန် တည်ဆောက်ပုံအကြောင်းကို ရှင်းလင်းပြောဆိုနေခြင်းဖြစ်သည်။





''ရှေးခေတ်အီဂျစ် ဗိသုကာပညာရှင်တွေက သူတို့ရဲ့ ဘုရင်၊ ဘုရင်မတွေရဲ့ သင်္ချိုင်းဂူဗိမာန်တွေကို အခိုင်ခံ့ဆုံးနဲ့ ထုထည် အကြီးမားဆုံးဖြစ်အောင် တည်ဆောက်ခဲ့ကြတယ်။ ဘာဖြစ်လို့ အဲဒီလို ဆောက်ရတာလဲဆိုတော့ ရှေးအီဂျစ် ဘုရင်၊ ဘုရင်မတွေက သူတို့ ကွယ်လွန်တာနဲ့တစ်ပြိုင်နက် ပိုင်ဆိုင်ခဲ့တဲ့ ကျောက်သံပတ္တမြား၊ ရွှေ၊ ငွေတွေကို သင်္ချိုင်းဂူဗိမာန်ထဲမှာ သူတို့ရဲ့ ရုပ်အလောင်းတွေနဲ့အတူ မြှုပ်နှံနိုင်းလေ့ရှိတယ်လေ။ အဲဒါကြောင့်ပဲ အီဂျစ်ဘုရင်၊ ဘုရင်မတွေရဲ့ သင်္ချိုင်းဂူဗိမာန်တွေဟာ ရှေးနှစ်ပေါင်းများစွာကတည်းက ဝိသမလောဘသားတို့ရဲ့ ရတနာသိုက်ကြီးလို ဖြစ်နေကြတာပေါ့။ အဲဒီ ဝိသမလောဘသားတို့ရဲ့ ရန်ကိုကာကွယ်ဖို့အတွက် အီဂျစ်ဗိသုကာပညာရှင်တွေဟာ သူတို့ဘုရင်၊ ဘုရင်မတွေရဲ့ ရုပ်အလောင်းတွေ၊ တန်ဖိုးကြီး ကျောက်သံပတ္တမြားတွေရှိရာ အုတ်ဂူတွေအောက်ခြေမှာထားပြီး ကြီးမားတဲ့ ကျောက်တုံးကြီးတွေနဲ့ ပိရမစ်ပုံ သင်္ချိုင်းဂူဗိမာန်တွေကို ဆောက်လုပ်ခဲ့တာဖြစ်တယ်''

မြွေသူတော်မောင်ခြိမ့်မှာ ပထမတော့ အပျင်းပြေသဘောသာ နားထောင်နေသော်လည်း နောက်ပိုင်းတွင်တော့ သာဒွန်းဦး ရှင်းပြပြောဆိုနေသည့် အကြောင်းအရာများကို တဖြည်းဖြည်းနှင့် စိတ်ဝင်စားလာလေသည်။

ထိုအတွက်ကြောင့်ပင် အရေးကြီးသော သဲလွန်စတစ်ခုကို သူ မမျှော်လင့်ဘဲ ရရှိလိုက်လေ၏။



www.burmeseclassic

www.burmeseclassic.com



စာသင်ချိန်ပြီးသွား၍ ကျောင်းသား၊ ကျောင်းသူများ အသီးသီး ပြန်သွားကြသည့်အချိန်၌ သာဒွန်းဦးကပင် စပြီး မြွေသူတော်မောင်ခြိမ့်အား နှုတ်ဆက်လိုက်သည်။

''မျက်စိလည်း လမ်းမှားပြီး ရောက်လာတာတော့ မဖြစ်လောက်ဘူး ထင်တယ်နော် အင်စပက်တာကြီး။ အကြောင်းကိစ္စတော့ ရှိမယ်ထင်တယ်''

မြွေသူတော်မောင်ခြိမ့်က ထိုင်ရာမှ ထလာရင်း ခေါင်းညိတ်ပြလိုက်သည်။

''ခင်ဗျားထင်တာ မှန်ပါတယ် ကိုသာဒွန်းဦး။ ကျုပ် ခင်ဗျားကို မေးစရာလေး နည်းနည်းပါးပါးရှိလို့ လာခဲ့တာပါ။ အခုတော့ ခင်ဗျား စာသင်တာကို လိုက်နားထောင်ရင်း မေးစရာမေးခွန်းတွေက ထပ်ပြီးတိုးလာပြီဗျ''

''ဟုတ်လား...။ ဘာတွေများ ထပ်တိုးလာတာလဲ''

သာဒွန်းဦးက ကျောက်သင်ပုန်းပေါ်မှ နမူနာရေးခြစ်ပြထားသော ပိရမစ်ပုံများကို ဘောဖျက်ဖြင့် ဖျက်နေရာမှ လှမ်းမေးလေသည်။

မြွေသူတော်မောင်ခြိမ့်က ထိုအနားသို့ လျှောက်သွားပြီး...

''တကယ်ပဲ ရှေးခေတ်အီဂျစ်တွေက သူခိုးသူဝှက်တွေ ရှာမွေမတွေ့နိုင်အောင်လို့ ထုထည်ကြီးမားတဲ့ ကျောက်တုံးကြီးတွေနဲ့ ဆောက်ထားတဲ့ သင်္ချိုင်းဂူဗိမာန်တွေအောက်မှာ ဘုရင်၊ ဘုရင်မတွေရဲ့ ရုပ်အလောင်းတွေနဲ့အတူ တန်ဖိုးကြီးကျောက်မျက်ရတနာတွေကို ထည့်သွင်းမြှုပ်နှံထားတာပေါ့ ဟုတ်လား ... ကိုသာဒွန်းဦး''





''အင်း... ဆိုပါတော့ဗျာ''

''အဲဒါဆို ကျုပ် စဉ်းစားမိတာ တစ်ခုရှိတယ်ဗျ''

''ဘာများပါလိမ့်''

''တကယ်လို့ ကျုပ်သာ လူသတ်သမားဖြစ်ခဲ့ရင် အလောင်းကို ရှည်ရှည်ဝေးဝေး တခြားနေရာတွေမှာ သွားလက်စဖျောက်ဖို့ ကြိုးစားနေတော့မှာ မဟုတ်ဘူး။ အဆောက်အဦ ကြီးကြီးမားမားတွေရဲ့ အောက်မှာပဲမြှုပ်ပြီး ဖျောက်ဖျက်ပစ်မှာပေါ့။ အဲဒါဆို ပုလိပ်တွေလည်း ဘယ်လိုမှ အမှုမှန် မဖော်နိုင်တော့ဘူးလေ''

သာဒွန်းဦးက မြွေသူတော်မောင်ခြိမ့်ကိုကြည့်ပြီး အသံထွက်ရယ်မောလိုက်သည်။ ပြီးတော့မှ မဲ့ပြုံးတစ်ခုနှင့်အတူ သာဒွန်းဦးက ပြော၏။

''ဒါပေမဲ့ အဲဒါကို လူတိုင်းမှ မသိနိုင်ကြတာဗျာ''

''အင်း... အဲဒါလည်း ဟုတ်တော့ ဟုတ်ပါတယ်ဗျာ။ ဒါပေမဲ့ ကျုပ် မစဉ်းစားတတ်တာက ခင်ဗျားတို့လို အင်ဂျင်နီယာတွေဆိုရင်ရော ဘယ်လိုနေရာမျိုးကို ရွေးချယ်ကြမလဲ ဆိုတာပဲဗျ''

မြွေသူတော်မောင်ခြိမ့်က ဆေးပြင်းလိပ်ကို သွားဖြင့် ကြိတ်ကိုက်လျက် သာဒွန်းဦး၏ အဖြေစကားအား စောင့်နေလေသည်။

သာဒွန်းဦးက ပကတိ ရိုးရိုးသားသားအသွင်ဖြင့်ပင် ပြန်ဖြေလေ၏။

''ကွန်ကရစ်လောင်းမယ့် ဖောင်ဒေးရှင်းတွေရဲ့ အောက်ပေါ့ဗျာ။ အဲဒီထက်လုံခြုံတာတော့ ဘယ်ရှိပါ့မလဲ''



www.burmeseclassic

www.burmeseclassic.com



''အိုး... သိပ်မှန်တဲ့စကားပဲဗျို့။ ခင်ဗျား ပြောတဲ့အတိုင်း လုပ်လိုက်ရင် နှစ်ပေါင်းတစ်ရာလောက်အထိ ဘယ်သူမှ ရှာတွေ့တော့မှာ မဟုတ်ဘူး...။ တကယ်လို့ ခင်ဗျားသာ တစ်စုံတစ်ယောက်ကို သတ်လိုက်မိပြီဆိုရင် အဲဒီနေရာကိုပဲ ရွေးချယ်မှာပေါ့နော်''

''ကျိန်းသေတာပေါ့ဗျာ''

မြွေသူတော်မောင်ခြိမ့်က ထိုအဖြေစကားကို သဘောကျသွားပြီး သာဒွန်းဦး၏ပခုံးအား လက်ဖြင့်ပုတ်ကာ ရယ်မောလိုက်လေသည်။

သာဒွန်းဦးမှာလည်း လိုက်လံရယ်မောရင်း...

''ဒါနဲ့... ခင်ဗျားရဲ့ လာရင်းကိစ္စက...''

''သူဌေးကြီး ဦးရွှေဖူး ပျောက်ဆုံးနေတဲ့ ကိစ္စပေါ့ဗျာ''

သာဒွန်းဦးက မြွေသူတော်မောင်ခြိမ့်အား ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ ပြီးနောက်... ဦးရွှေဖူး ပျောက်ဆုံးနေသည်ဆိုသော စကားကို မယုံကြည်လေဟန်ပုံမျိုးပေါက်အောင် ပြောလေ၏။

''ဘာလဲ အင်စပက်တာကြီးလည်း ဒေါ်ဂရေစီ အစိုးရိမ်လွန်ပြီး တိုင်တာကို ယုံသွားပြီပေါ့... ဟုတ်လား''

''ကျုပ်တို့ စုံထောက်တွေဟာ ပြောသမျှကို ယုံလို့လည်း ဘယ်ဖြစ်ပါ့မလဲဗျာ။ ဒါပေမဲ့ ရာဇဝတ်မှုတစ်ခုခု ဖြစ်လာနိုင်တယ်လို့ သံသယရှိရင်တော့ အသေးအမွှားကိစ္စလေးတွေကိုလည်း အကြိမ်ကြိမ်အဖန်ဖန် သုံးသပ်ဆင်ခြင်ပြီး ကိုင်တွယ်ဖြေရှင်းရတာပဲ မဟုတ်လား''

''ဟုတ်ပါပြီဗျာ။ ခင်ဗျား အဓိကဆိုလိုချင်တာက ဘာလဲ''





မြွေသူတော်မောင်ခြိမ့်က ချောင်းတစ်ချက် ဟန့်လိုက်သည်။ ပြီးမှ...

''ခင်ဗျားကိုတွေ့ချင်လို့ ခင်ဗျားရဲ့ရုံးခန်းထဲမှာ သွားရှာသေးတယ်ဗျ။ ဒါပေမဲ့ ခင်ဗျားရဲ့ အတွင်းရေးမှူးမလေးနဲ့ပဲ တွေ့တယ်လေ။ သူကပြောလို့ပဲ ခင်ဗျား ဒီမှာရှိမှန်းသိတာ ကိုသာဒွန်းဦးရ။ ကျုပ် ခင်ဗျားရုံးခန်းကို ရောက်တုန်းက တွေ့ခဲ့တာတော့ 'ရွှေဖူး ဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်း' ပုံစံငယ်က အကုန်ပျက်စီးကျိုးပဲ့နေတာပဲနော်။ ကျုပ် အဲဒါကို သိချင်တာဗျ''

''ခင်ဗျားကလည်းဗျာ၊ သိသိကြီးနဲ့ မေးနေပြန်ပြီ။ ကျုပ်အတွင်းရေးမှူးမလေးကေသီ အားလုံး ပြောပြလိုက်ပြီးပြီ မဟုတ်လား''

သာဒွန်းဦးက စက္ကန့်အနည်းငယ်ကြာအောင် တွေဝေငြိမ်သက်သွားပြီးမှ အကင်းပါးစွာဖြင့် ပြန်ပြောလိုက်သည်။ သူ့အတွက် မြွေသူတော်မောင်ခြိမ့်၏ ပြောဆိုလာမည့်စကားကိုသာ အခြေအနေ ကြည့်ပြီး ပြန်လည်ပြောဆိုသည်က အကောင်းဆုံးပင် မဟုတ်လား။

မြွေသူတော်မောင်ခြိမ့်က...

''ခင်ဗျား အတွင်းရေးမှူးမလေး ပြောတာတော့ ဦးရွှေဖူး ခရီးက ပြန်ရောက်လာတဲ့တစ်ရက်က စိတ်ဆိုးမာန်ဆိုးနဲ့ ခင်ဗျားမရှိတုန်း ခင်ဗျားရဲ့ ရုံးခန်းကိုရောက်လာပြီး အဲဒီပုံစံငယ်ကို ဖျက်ဆီးသွားတာတဲ့လေ။ ကျုပ်သိချင်တာက ဘာဖြစ်လို့ ဦးရွှေဖူးက အဲဒီလိုလုပ်ရတာလဲ ဆိုတာပဲဗျ''



www.burmeseclassic

www.burmeseclassic.com



''သူက ကာလကတ္တားကိုသွားနေတော့ ကျုပ်တို့ အိမ်ရာစီမံကိန်းဆောက်တဲ့ အကြောင်းကို မသိဘူးလေ။ ကျုပ်နဲ့ ခင်ထိပ်ထားနဲ့ပဲ တိုင်ပင်ပြီး အိမ်ရာစီမံကိန်းကို ဆောက်နေကြတာဗျ။ အဲဒါကိုသိတော့ ဦးရွှေဖူးက သူ့ရဲ့ ခွင့်ပြုချက်မရဘဲနဲ့ ဆောက်ရကောင်းလားဆိုပြီး ခရီးက ပြန်ရောက်ရောက်ချင်း ကျုပ်ရုံးခန်းကို လာသောင်းကျန်းသွားတာလေ။ ဒါပေမဲ့လည်းဗျာ... အိမ်ရာစီမံကိန်းဆောက်နေတဲ့ လုပ်ငန်းခွင်ထဲကို ရောက်လာလို့ ကျုပ် အသေးစိတ်ရှင်းပြလိုက်တော့လည်း ဦးရွှေဖူးက သဘောအရမ်းကျသွားတာပါပဲ။ အဲဒါကြောင့် ငွေကြေးအရင်းအနှီး အားလုံးစိုက်ထုတ်ပေးမယ်ဆိုပြီး ပြောသွားတာပေါ့။ ကျုပ်က သူနဲ့ အလုပ်တွဲလုပ်ဖူးတော့ သူ့အကြောင်း ကောင်းကောင်းသိတာပေါ့ဗျာ။ သူက ထစ်ခနဲဆိုရင် ဘာဘာညာညာ မစဉ်းစားဘဲ ဒေါသထွက်ဖို့လောက်ပဲ သိတာဗျ။ ပြီးရင်လည်း သူမဟုတ်တဲ့အတိုင်းပဲလေ''

သာဒွန်းဦးက စိတ်ရှည်လက်ရှည်နှင့်ပင် မြွေသူတော်မောင်ခြိမ့်၏အမေးကို ရှင်းပြလေသည်။

''ဒါဆို ဦးရွှေဖူးက ခင်ဗျားနဲ့တွေ့ပြီး နောက်ပိုင်းကျမှ ဘာသတင်းမှ မကြားတော့ဘဲ ပျောက်သွားတာပေါ့''

မြွေသူတော်မောင်ခြိမ့်က သာဒွန်းဦး၏ စကားဆုံးသွားမှ ဆေးလိပ်ပြာခြွေရန် နေရာရှာရင်း နားမလည်သည့်ပုံဖြင့် မေးလိုက်သည်။





သာဒွန်းဦးက သူ့ကို သံသယ တစ်စုံတစ်ရာရှိသည့်ပုံဖြင့် ပြောဆိုလိုက်သော မြွေသူတော်မောင်ခြိမ့်ကို မကျေနပ်သည့်အကြည့်ဖြင့် ကြည့်ရင်း...

''ကျုပ်နဲ့တွေ့ပြီး နောက်ပိုင်းကျမှ ပျောက်သွားတာလို့တော့ တစ်ထစ်ချပြောလို့ ဘယ်ရမလဲဗျာ။ သူ့ဘာသာသူ အရေးကြီးကိစ္စရှိလို့ ချက်ချင်း ခရီးပြန်ထွက်သွားတာ နေမှာပေါ့။ သူ့အဝတ်အစားတွေနဲ့ ခရီးဆောင်အိတ် ယူသွားတာပဲလေ''

''ဒါနဲ့ ဦးရွှေဖူးရဲ့ကားကို ပန်းဆိုးတန်းဆိပ်ကမ်းနား ရပ်ထားတာ တွေ့ခဲ့တယ်ဆိုတာ ကိုသာဒွန်းဦး သိပြီးပြီလား...''

''ဟုတ်လား ...ဒါဆို ဦးရွှေဖူး ခရီးထွက်သွားတယ်ဆိုတာ ရှင်းပြနေစရာတောင် မလိုဘူးပေါ့''

သာဒွန်းဦး၏စကားကို ကြားသောအခါ မြွေသူတော်မောင်ခြိမ့်က ခေါင်းကို ခါယမ်းရင်း သက်ပြင်းချလိုက်သည်။ ပြီးနောက်...

''ဒါပေမဲ့ ဦးရွှေဖူးပျောက်သွားတဲ့ တစ်ပတ်အတောအတွင်းမှာ ပန်းဆိုးတန်းဆိပ်ကမ်းကနေ ထွက်သွားတဲ့ နိုင်ငံခြားသင်္ဘောဆိုလို့ ဟင်ဒါဆင်လိုင်းက အက်(စ်)အက်(စ်) ပရုမ်းသင်္ဘောရယ်၊ ဟီယာဗို့ဒ်ရှိုင်းယားရယ် နှစ်စီးပဲရှိတယ်ဗျ။ အဲဒီနှစ်စီးစလုံးရဲ့ ခရီးသည်စာရင်းကို ကြည့်လိုက်တော့ သူဌေးကြီး ဦးရွှေဖူးရဲ့ နာမည်ကို မတွေ့ရဘူး ကိုသာဒွန်းဦး''

သာဒွန်းဦးမှာ တွေဝေသွားဟန်ဖြင့် မျက်မှောင်ကြုတ်ကာ စဉ်းစားနေသည်။ ပြီးမှ တစ်စုံတစ်ရာကို စဉ်းစားမိသွားဟန်ဖြင့်...

''ဦးရွှေဖူးက အင်္ဂလိပ်အစိုးရကတောင် အထူးအခွင့်အရေး



www.burmeseclassic

www.burmeseclassic.com



ပေးပြီး ဆက်ဆံရတဲ့ လူပုဂ္ဂိုလ်ပဲ။ အရေးပေါ်လို့ ခရီးတွေဘာတွေ ကောက်ခါငင်ခါ ထသွားချင်ရင် တခြား သာမန်လူတွေလို လက်မှတ်ကို တကူးတကစီစဉ်နေစရာတော့ မလိုလောက်ပါဘူး။ အင်္ဂလိပ်အရာရှိကြီးတစ်ယောက်ယောက်ရဲ့ အကူအညီနဲ့ တွေ့ရာသင်္ဘောပေါ် ကောက်တက်သွားလို့ ရတာပဲလေ။ ဒါကြောင့် ခရီးသည်နာမည်စာရင်းမှာ မတွေ့တာနေမှာပေါ့''

''ဟုတ်ပါတယ်ဗျာ၊ အဲဒီလိုလည်း ဖြစ်နိုင်တာပဲ၊ ကျုပ် စဉ်းစားလို့ မရတာက ဦးရွှေဖူးရဲ့ ဇနီးသည်နှစ်ယောက်စလုံးက ပြောတယ်။ ဦးရွှေဖူးက ခေါင်းမူးရင်တောင် ရာပန်းဆီ ရှူလေ့ရှူထ မရှိဘူးတဲ့ဗျ။ ဒါပေမဲ့ သူ့ကားထဲကို ကျုပ်စစ်ဆေးကြည့်တော့ ရာပန်းဆီနံ့ကို မွှန်ထွန်နေတာပဲ။ အဲဒီတော့ ရာပန်းဆီရှူလေ့ ရှူထရှိတဲ့ လူတစ်ယောက်ယောက်ကများ သူ့ကားကို ယူမောင်းသွားတာ မဖြစ်နိုင်ဘူးလား''

ထိုစကားက သာဒွန်းဦး၏နှလုံးအိမ်ကို ဒိန်းခနဲ တုန်သွားစေလေသည်။ သို့သော် ဟန်ဆောင်ကောင်းလှသော သာဒွန်းဦးကတော့ စိတ်လှုပ်ရှားမှု အလျှင်းမရှိသည့် အမူအရာမျိုးဖြင့် ပြန်ဖြေလိုက်၏။

''ဖြစ်ချင်လည်း ဖြစ်မှာပေါ့။ အဲဒါ ကျုပ်နဲ့ ဘယ်လိုပတ်သက်လို့လဲ''

''ဩော်... ဒီလိုပါ...။ ကျုပ် ခင်ဗျားရဲ့ ရုံးခန်းကိုရောက်တုန်းက ခင်ဗျားရဲ့စားပွဲပေါ်မှာ ရာပန်းဆီပုလင်းတစ်ပုလင်း တွေ့တယ်လေ။ ခင်ဗျား အတွင်းရေးမှူးမလေးကို မေးကြည့်တော့





ခင်ဗျားက ရာပန်းဆီ ရှူလေ့ရှူထရှိတယ်လို့ ပြောတယ်။ အဲဒီတော့... ဗျာ...''

''ဒီမယ်... အင်စပက်တာ ကိုမောင်ခြိမ့်''

သာဒွန်းဦးက မြွေသူတော်မောင်ခြိမ့် ဆိုလိုချင်သည်ကို ချက်ချင်း သဘောပေါက်၍ စကားကိုပင် ဆုံးအောင်မစောင့်ဘဲ ကြားဖြတ်ပြောလိုက်လေသည်။

''ဗမာနိုင်ငံမှာ ရာပန်းဆီရှူတတ်တာ ကျုပ်တစ်ယောက်တည်း ရှိတာ မဟုတ်ဘူး ...ဗျ၊ ခင်ဗျားသိလား''

ရုတ်ချည်း တင်းမာခက်ထန်သွားသည့် သာဒွန်းဦးကို မြွေသူတော်မောင်ခြိမ့်က ခေတ္တခဏ ကြောင်ငေးကြည့်ပြီးမှ ပျာပျာသလဲ အမူအရာဖြင့် ပြောလိုက်သည်။

''ဟုတ်ပါတယ်... မှန်ပါတယ် ကိုသာဒွန်းဦးရာ။ ကျုပ်က ခင်ဗျားကို စွပ်စွဲတာမဟုတ်ပါဘူး။ သဘောကို ပြောပြတာပါ။ ကျုပ်ဆိုလည်း ရာပန်းဆီ ရှူတတ်တဲ့ အကျင့်ရှိတာပဲဗျ''

ထိုအခါကျမှ သာဒွန်းဦးမှာ စိတ်ကျေနပ်သွားသည့်ပုံဖြင့် မြွေသူတော်မောင်ခြိမ့်အားကြည့်ကာ ခေါင်းညိတ်ပြလေသည်။

× × ×



BURMESE CLASSIC .com

www.burmeseclassic

www.burmeseclassic.com



## အခန်း (၅)

နောက်တစ်နေ့...။

မနက် ရှစ်နာရီမထိုးခင်မှာပင် မြွေသူတော် မောင်ခြိမ့်သည် အိမ်မှထွက်လာကာ မကျစ်လမ်း (ဗညားဒလလမ်း) ပေါ်ရှိ ကာကာဆိုင်တွင် ဆိတ်စွပ်နှင့် နံပြားအား နံနက်စာအဖြစ် စားပြီးသည်နှင့် 'ရွှေဖူးဥယျာဉ်မြို့တော်' အိမ်ရာစီမံကိန်းရှိရာသို့ လာခဲ့လိုက်လေသည်။

တာမွေအဝိုင်းကို ကျော်လွန်ပြီး ဗွတ္တာလစ်လမ်းမကြီး (ဦးချစ်မောင်လမ်း) အတိုင်း ကားကိုမောင်းနှင်လာရင်း မြွေသူတော်မောင်ခြိမ့်က စိုက်ခင်းများမှ ဖြတ်သန်းတိုက်ခတ်လာသော ကြည်လင်အေးမြနေသည့် နံနက်ခင်း၏ လေပြည်များကို ရှူရှိုက်လာခဲ့လေသည်။

ရန်ကုန်တစ်မြို့လုံးသို့ ရေပေးဝေသည့် ဂျိုးဖြူသံပိုက်လုံးကြီးကို ကျော်လွန်လာပြီးသည့်အခါ 'ရွှေဖူးဥယျာဉ်မြို့တော်' အိမ်ရာစီမံကိန်းဆောက်လုပ်နေရာ လုပ်ငန်းခွင်ထဲသို့ ရောက်လာလေသည်။





ထုသံ၊ ရိုက်သံများ၊ စက်ယန္တရားကြီးများ၏ အသံများ၊ အလုပ်သမားများ၏ အသံများဖြင့် လုပ်ငန်းခွင်တစ်ခုလုံး ဆူညံပွက်လောရိုက်နေလေ၏။ ညာသံပေးအော်ဟစ်ကာ သံချောင်းစည်းကြီးများ ထမ်းပိုးနေကြသည်ကို တွေ့ရလေ၏။

မြွေသူတော်မောင်ခြိမ့်က ကားကို အဝင်မုခ်ဦးတိုင် ဆောက်လုပ်နေသည့်နေရာနှင့် မနီးမဝေးတွင်ရပ်ကာ အတွင်းသို့ လျှောက်ဝင်လာပြီးလျှင် အလုပ်သမားခေါင်းဟု ထင်ရသော ဆောက်လုပ်ရေးဝတ်စုံဝတ်ဆင်ထားပြီး အသားညိုညို၊ ခန္ဓာကိုယ်တုတ်တုတ်ခိုင်ခိုင်နှင့်လူအနားသို့ သွားလိုက်သည်။

ပြီးနောက်...

''တစ်ဆိတ်လောက် မိတ်ဆွေရာ၊ ကျုပ် သိချင်တာလေး နည်းနည်းရှိလို့ မေးပါရစေ''

''ခင်ဗျားက ဘယ်သူလဲ''

ဆောက်လုပ်ရေးလုပ်ငန်းဝတ်စုံ ဝတ်ဆင်ထားသည့် လူက မြွေသူတော်မောင်ခြိမ့်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီးမှ ခပ်ပြတ်ပြတ်ပင် ပြန်မေးလိုက်၏။

မြွေသူတော်မောင်ခြိမ့်က စုံထောက်အရာရှိကဒ်ပြားကို ထုတ်ပြရင်း...

''ကျုပ်က အင်စပက်တာ မောင်ခြိမ့်ပါ။ ဒါနဲ့ ဒီက အစ်ကိုကြီးကရော...''

''မယ်ဆလီ (အလုပ်သမား ကြီးကြပ်ရေးမှူး) ညိုထွန်းပါ''

''ဩော်... ဟုတ်ကဲ့၊ ကိုညိုထွန်း။ ဒါနဲ့ ခင်ဗျား ဒီလူကို သိလား



www.burmeseclassic

www.burmeseclassic.com



မသိဘူးလားဗျ။ အင်ဂျင်နီယာ ကိုသာဒွန်းဦးနဲ့ အရမ်းရင်းနှီး တဲ့ မိတ်ဆွေပဲလေ''

မြွေသူတော်မောင်ခြိမ့်က ခင်ထိပ်ထားဆီမှ တောင်းယူလာခဲ့သော ဦးရွှေဖူး၏ဓာတ်ပုံကို ထုတ်ပြကာ မေးလိုက်သည်။

အလုပ်သမားကြီးကြပ်ရေးမှူး ညိုထွန်းက မြွေသူတော်မောင်ခြိမ့်ပြသော ဦးရွှေဖူး၏ပုံကို သေသေချာချာ ကြည့်လိုက်၏။

ပြီး…

''ဒီလူက ကိုယာဒွန်းဦးရဲ့ မိတ်ဆွေဟုတ်လား… တောက်တီးတောက်တဲ့ဗျာ…''

''ဘာဖြစ်လို့လဲဗျ။ မိတ်ဆွေမဟုတ်ဘူးလား…''

မြွေသူတော်မောင်ခြိမ့်၏ စကားကိုကြားသောအခါ မယ်ဆလီ (အလုပ်သမားကြီးကြပ်ရေးမှူး) ညိုထွန်းက မပွင့်တပွင့်ရယ်မောလိုက်သည်။

''ဘယ်ကလာ မိတ်ဆွေဟုတ်ရမှာလဲဗျာ။ လွန်ခဲ့တဲ့ တစ်ပတ်လောက်က ဒီဆိုက်ထဲကိုလာပြီး ကိုသာဒွန်းဦးနဲ့ ပြောနေဆိုနေကြတာ မသိရင် နီးရာတစ်ခုခုနဲ့ ထရိုက်ကြတော့မယ့်အတိုင်းပဲဗျ။ ကျုပ်ကတော့ ခပ်လှမ်းလှမ်းကပဲ မြင်တာပါဗျာ''

''အလို… တယ်ဆိုးပါလား… ။ မသိပါဘူးဗျာ။ ကျုပ်က သူတို့ကို မိတ်ဆွေတွေ ထင်နေတာ''

''ကိုင်း… ဒါဆိုလည်း ကျုပ်ကို ခွင့်ပြုပါဦး အင်စပက်တာကြီးရာ။ ကျုပ် အလုပ်သမားတွေကို ကြီးကြပ်ရဦးမယ်''

အလုပ်သမားကြီးကြပ်ရေးမှူး ညိုထွန်းက ပြောပြောဆိုဆိုနှင့်ပင် လှည့်ထွက်သွားရန် ခြေလှမ်းပြင်လိုက်သည်။





မြွေသူတော်မောင်ခြိမ့်က ကပျာကယာ တားဆီးလိုက်ရင်း…

''ခဏလေးနေပါဦး ကိုညိုထွန်းရာ။ ကျုပ် သိချင်တာလေး တစ်ခု ရှိသေးလို့ပါ… ။ ဟော… ဟိုးက ကျုပ် ကားရပ်ထားတဲ့ ဘေးက မှန်ဦးတိုင်ကြီးကိုစိုက်တော့ ဘယ်လိုစိုက်သလဲဗျ''

ဟု မေးလိုက်လေရာ အလုပ်သမားကြီးကြပ်ရေးမှူး ကိုညိုထွန်းက စိတ်မရှည်ချင်လည်း ရှည်ရတော့မည်ပုံဖြင့် ရှင်းပြလေ၏။

''ပထမဆုံးဗျာ၊ မြေကြီးထဲကို ဆလင်ဒါပုံ သံမဏိအခေါင်းပေါက်ပိုက်လုံးကြီးကို ဒေါင်လိုက်စိုက်ချလိုက်တာ။ ပြီးတော့ အဲဒီအခေါင်း သံမဏိပိုက်လုံးကြီးထဲကို ဘိလပ်မြေရယ်၊ သဲရယ်၊ ကျောက်စရစ်ခဲရယ်ကို အရည်ဖျော်ပြီး လောင်းထည့်လိုက်တာလေ။ ခြောက်သွားတော့ အခု ခင်ဗျားမြင်ရတဲ့ မှန်ဦးတိုင်လုံးကြီးတစ်လုံး ရလာတာပေါ့''

''ဩော်… စိတ်တော့ စိတ်ဝင်စားစရာပဲဗျာ။ ဒါနဲ့ အဲဒီ တိုင်လုံးကြီးတွေ ဘယ်နေ့၊ ဘယ်အချိန်က စိုက်တယ်ဆိုတာကိုရော ခင်ဗျားတို့ဆီမှာ မှတ်တမ်းမှတ်ရာတွေ ရှိလား''

''ဟ… ဘယ်လို ပြောလိုက်တာပါလိမ့်၊ ရှိရတာပေါ့ဗျ။ အချိန်တွေ၊ နေ့ရက်တွေတင်မကဘူး၊ အလုပ်သမား ဘယ်နှယောက်သုံးရတယ်၊ ဘိလပ်မြေ ဘယ်နှအိတ်ကုန်တယ်ကအစ အားလုံး စာရင်းဇယားရှိတာပေါ့''

ထိုအချိန်မှာပင် မြွေသူတော်မောင်ခြိမ့်တို့ စကားပြောဆိုနေသည့် နေရာသို့ သာဒွန်းဦး ရောက်လာလေသည်။ ဆောက်လုပ်ရေး



BURMESE CLASSIC .com

www.burmeseclassic

www.burmeseclassic.com



လုပ်ငန်းသုံးဝတ်စုံကို ဝတ်ဆင်ထားသလို လက်ထဲတွင်လည်း စာရွက်လိပ်ကြီးတစ်လိပ်ကို ကိုင်ထားလျက်။

သာဒွန်းဦးက မြွေသူတော်မောင်ခြိမ့်အား မနှစ်မြို့သည့်ဟန်ဖြင့် ကြည့်ရင်း...

''မနေ့ညက အီဂျစ်တွေရဲ့ သချိုင်းဂူပိမာန်တွေ ဆောက်တဲ့အကြောင်းကို နားထောင်ရတာ အားမရလို့ ဒီနေ့ အဆောက်အဦဆောက်တဲ့အကြောင်းတွေကို လက်တွေ့ လာလေ့လာတာပေါ့... ဟုတ်လား... အင်စပက်တာကြီး''

မြွေသူတော်မောင်ခြိမ့်က မည်သည့်စကားမှ ပြန်မတုံ့ပြန်ဘဲ ပြုံးပြီးသာ ကြည့်နေလေ၏။

သာဒွန်းဦးက စိတ်ပျက်ညစ်ညူးသည့်ပုံဖြင့် ခေါင်းကိုခါယမ်းရင်း...

''ခင်ဗျားက အဆောက်အဦကို စိတ်ဝင်စားတာလား၊ အဆောက်အဦ ဆောက်တဲ့လူကို စိတ်ဝင်စားတာလား။ ကျုပ်ကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါဦး''

''ခင်ဗျား ဘာကိုဆိုလိုတာလဲဗျ... ကိုသာဒွန်းဦး''

''စဉ်းစားကြည့်လေဗျာ၊ ကျုပ်ရဲ့ ရုံးခန်းကိုလည်း ခင်ဗျား ရောက်ပြီးပြီ၊ ကျုပ် စာသင်တဲ့နေရာကိုလည်း ခင်ဗျား လိုက်လာတယ်၊ အခုလည်း ကျုပ်ရဲ့ လုပ်ငန်းခွင်ထဲကို ရောက်လာပြန်ပြီ။ ဒီတော့ ရှင်းနေတာပဲဗျာ။ ခင်ဗျား ကျုပ်ကို သံသယတစ်ခုခုရှိနေလို့ မဟုတ်လား...''

''အဲဒီလိုတော့လည်း... မဟုတ်ပါဘူးဗျာ၊ ကျုပ်က အဆောက်





အဦ ဆောက်တာကို တကယ်စိတ်ဝင်စားလို့ပါ။ ခုနက ကိုညို့ထွန်းကိုတောင် ပိုင် (Pile)တိုင်စိုက်တဲ့အကြောင်းတွေ မေးနေသေးတယ်ဗျ။ မယုံရင် ခေါ်မေးကြည့်ပါလား''

မြွေသူတော်မောင်ခြိမ့်က သူ့နိုး လူမိသွားသည့်ပုံဖြင့် ဟိုဟိုဒီဒီ လျှောက်အကြောင်းပြနေလေသည်။ အမှန်တကယ်တော့ သာဒွန်းဦးပြောသည်မှာ မမှားပေ။

သံသယလေး တစ်စွန်းတစ်စရှိလျှင်ပင် ထိုလူနောက်သို့ သဲကြီးမဲကြီးလိုက်တတ်သည်မှာ သူ့အကျင့်လို ဖြစ်နေလေပြီ။

သာဒွန်းဦးက လက်ထဲတွင်ကိုင်လာသော စာရွက်လိပ်ကို ကျန်သည့်လက်ဖြင့် တဖပ်ဖပ်ရိုက်ရင်း...

''ခင်ဗျားကို ကျုပ် အကောင်းဆုံးအကြံဉာဏ်တစ်ခု ပေးမယ်။ တကယ်လို့ ဦးရွှေဖူး ခရီးသွားတာမဟုတ်ဘဲနဲ့ အကြောင်းတစ်စုံတစ်ရာကြောင့် ပျောက်ဆုံးနေတယ်လို့ ခင်ဗျား ယူဆရင် တခြားနေရာမှာ သွားစုံစမ်းတာက အကောင်းဆုံး ဖြစ်လိမ့်မယ်ထင်တယ်။ ကျုပ်ရဲ့ လုပ်ငန်းခွင်ထဲမှာ ခင်ဗျား ဟိုမေးဒီမေး လုပ်နေလို့ကတော့ ဘာမှထူးလာမှာ မဟုတ်ဘူး။ ကျုပ် အလုပ်သမားတွေလည်း အလုပ်နှောင့်နှေးတယ်... ဟုတ်ပြီလား''

''ကျုပ်လာတာ အဲဒီလိုသဘောမျိုးနဲ့ မဟုတ်ပါဘူး... ဗျာ။ ကျုပ်က အဆောက်အဦအကြောင်း လေ့လာရုံသက်သက်ပါ''

သာဒွန်းဦးက မြွေသူတော် မောင်ခြိမ့်၏စကားကို မယုံကြည်ဟန်ဖြင့် သက်ပြင်းကို ဟင်းခနဲချကာ တခြားဘက်သို့ မျက်နှာလွှဲလိုက်၏။ ပြီးနောက် မြွေသူတော်မောင်ခြိမ့်ကို ပြန်လည်ငုံ့စောင်းကြည့်လိုက်ပြီး...



www.burmeseclassic

www.burmeseclassic.com



''ကျုပ် အထင်ပြောရရင်တော့ ခင်ဗျား နောက်နေ့လည်း ထပ်လာဦးမယ်ထင်တယ်''

မြွေသူတော်မောင်ခြိမ့်က မျက်လုံးကို မှေးစင်းစင်းလုပ်ကာ သာဒွန်းဦးအား စိုက်ကြည့်လိုက်သည်။ ပြီးမှ တည်ငြိမ်အေးဆေးစွာဖြင့် ပြောလိုက်၏။

''အင်း... ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။ ကျုပ် မေးစရာ၊ မြန်းစရာရှိရင်တော့ ခင်ဗျားကို ထပ်လာရှာရဦးမှာပဲ''

''ကောင်းပြီလေ... ဒါဆိုလည်း ခင်ဗျားသဘောပါ။ ကိုင်း... ကျုပ် အလုပ်သမားတွေကို သွားညွှန်ကြားလိုက်ဦးမယ်''

မြွေသူတော်မောင်ခြိမ့်က အဓိပ္ပာယ်ပါပါ ပြုံးလိုက်ပြီး ခေါင်းညိတ်ပြလေသည်။ ထို့နောက် မြွေသူတော်မောင်ခြိမ့်က သူ့ကားရှိရာဆီသို့ ပြန်လာရင်း လက်မှနာရီကို ငုံ့ကြည့်လိုက်သည်။

ဆယ်နာရီ၊ ဆယ်မိနစ်။

''အလို! ... ဆယ်နာရီတောင် ကျော်နေပြီပဲ''

မြွေသူတော်မောင်ခြိမ့်က အလန့်တကြားအသံဖြင့် ရေရွတ်ရင်း ကားတံခါးကိုဖွင့်ကာ မောင်းသူနေရာတွင် အလျင်အမြန်ဝင်ထိုင်လိုက်လေ၏။

သူ ဒေါက်တာမင်ယာဆင်း၏ဆေးခန်းသို့ ဆယ်နာရီမခွဲခင် အရောက်သွားမှ ဖြစ်ပေလိမ့်မည်။

×××





ဒေါက်တာမင်ယာဆင်းမှာ ပန်ချာပီလူမျိုး နှလုံးအထူးကုဆရာဝန်တစ်ယောက်ဖြစ်သည်။ လူကောင် မြင့်မြင့်မားမားနှင့် စကားများများစားစားပြောသည်ကိုလည်း သဘောကျပုံမရချေ။

မြွေသူတော်မောင်ခြိမ့်က ဦးရွှေဖူးအကြောင်းမေးရန် စကားမစနိုင်ခင်မှာပင် ဒေါက်တာမင်းယာဆင်းက သူ့ကို ခုတင်ပေါ်လဲလျောင်းနိုင်းလိုက်၏။

ဒေါက်တာမင်ယာဆင်းက မြွေသူတော်မောင်ခြိမ့်အား နှလုံးမကောင်း၍ လာပြသည်ထင်ပြီး အမျိုးမျိုးအဖုံဖုံ စမ်းသပ်ကြည့်နေလေ၏။

သွေးပေါင်ချိန် ကြည့်ပြီးသွားသည်နှင့် ဒေါက်တာမင်ယာဆင်းက

''ခင်ဗျား သွေးပေါင်ချိန် နည်းနည်းတက်နေတယ်။ ကျန်တာကတော့ အားလုံးပုံမှန်ပါပဲ။ ကိုယ်လက်လေ့ကျင့်ခန်းရော လုပ်ရဲ့လား''



www.burmeseclassic

www.burmeseclassic.com



"လမ်းတော့ နည်းနည်းပါးပါး လျှောက်ပါတယ် ဒေါက်တာ...။ ကျွန်တော်က ပုလိပ်အင်စပက်တာတစ်ယောက်ပါ။ အဲဒီတော့ ကိုယ်လက်လှုပ်ရှားမှုကတော့ ရှိပါတယ်။ ကျွန်တော် သိချင်တာက..."

"ခဏလေးဗျာ"

ဒေါက်တာမင်ယာဆင်းက မြွေသူတော်မောင်ခြိမ့်အား လက်ကာပြပြီး သွေးပေါင်ချိန်တိုင်းသည့် ကိရိယာကို စနစ်တကျ ပြန်လည်သိမ်းဆည်းနေလေသည်။

မြွေသူတော်မောင်ခြိမ့်မှာ အင်္ကျီလက်မောင်းကို ပြန်ချပြီး စိတ်ရှည်လက်ရှည်နှင့် စောင့်ဆိုင်းနေရ၏။

ဒေါက်တာမင်ယာဆင်းက သိမ်းဆည်းစရာရှိတာ သိမ်းဆည်းပြီးပြီဆိုတော့မှ မြွေသူတော်မောင်ခြိမ့်အား မေးဆတ်ပြကာ...

"ကိုင်း... ခင်ဗျားက ဘာသိချင်တာလဲ"

"ဩော်... ဒီလိုပါ ဒေါက်တာ။ ကျွန်တော်က ဒေါက်တာရဲ့လူနာ သူဌေးကြီးဦးရွှေဖူးရဲ့အကြောင်းကို သိချင်လို့ပါ"

ဒေါက်တာမင်ယာဆင်းက ချက်ချင်း သဘောမပေါက်ဟန်ဖြင့် မြွေသူတော်မောင်ခြိမ့်အား ငေးစိုက်ကြည့်နေသည်။ ပြီးတော့မှ မြွေသူတော်မောင်ခြိမ့်မှာ အင်စပက်တာတစ်ယောက်ဖြစ်သည်ကို သတိရသွားပုံရ၏။

ဒေါက်တာမင်ယာဆင်းက ခေါင်းညိတ်ပြပြီး...

"အင်း... ဆိုပါဦး၊ ဘာသိချင်တာလဲ"





"သူဌေးကြီးဦးရွှေဖူးက ဒီနေ့ ဒေါက်တာနဲ့လာပြဖို့ ချိန်းထားတယ်ဆို။ အဲဒါ လာပြပြီးသွားပြီလား ဒါမှမဟုတ် ဆေးခန်းပြဖို့ ရက်တွေဘာတွေများ နောက်ဆုတ်သွားပြီလား သိချင်လို့ပါ"

"သူ့ရောဂါအခြေအနေက သုံးလတစ်ခါလောက် စစ်ဆေးနေမှ စိတ်ချရတာ။ ဆေးခန်းပြဖို့ရက် နောက်ဆုတ်လို့တော့ မဖြစ်ဘူး။ အခုထိတော့ လာမပြသေးဘူး"

မြွေသူတော်မောင်ခြိမ့်က လူနာခုတင်ပေါ်မှ ဆင်းလိုက်သည်။ ပြီးနောက် တစ်စုံတစ်ရာကို စဉ်းစားတွေးတောရင်း...

"အခု တစ်ခေါက်ကရော ကျန်ခဲ့တဲ့အခေါက်တွေတုန်းကလိုပဲ အရေးကြီးသလား ဒေါက်တာ"

"ကြီးတာပေါ့ဗျာ။ သူ့လို ရောဂါသည်မျိုးက အရေးမကြီးတဲ့အခါဆိုတာ ရှိပါ့မလား။ ပုံမှန် ဆေးစစ်မှုမခံဘူးဆိုရင်တော့ အသက်အန္တရာယ်က အချိန်မရွေး ထိခိုက်လာနိုင်တာပေါ့"

"ကျေးဇူးပါပဲ ဒေါက်တာ"

မြွေသူတော်မောင်ခြိမ့်က တခြားလူနာများလည်း ပြရန် စောင့်ဆိုင်းနေကြသေးသောကြောင့် သိလိုသမျှကို မေးမြန်းပြီးသည်နှင့် ဒေါက်တာမင်ယာဆင်းအား နှုတ်ဆက်ကာ ထွက်လာခဲ့သည်။

ဆေးခန်းအပြင်ဘက်ရှိ လူနာများ တန်းစီနေသည့်နေရာသို့ ရောက်သည်နှင့် သူ့အား နှုတ်ဆက်လိုက်သော အမျိုးသမီး အသံတစ်သံကို မြွေသူတော်မောင်ခြိမ့် ကြားလိုက်ရလေသည်။

"အိုး... ဒေါ်ဂရေစီပါလား။ ဆေးခန်းလာပြတာလားဗျ"



www.burmeseclassic

www.burmeseclassic.com



လူနာစောင့်များထိုင်သည့် ထိုင်ခုံတွင် ထိုင်နေသော ဒေါ်ဂရေစီအား တွေ့လိုက်ရသဖြင့် မြွေသူတော်မောင်ခြိမ့်က ပြန်လည်နှုတ်ဆက်လိုက်သည်။

ဒေါ်ဂရေစီမှာ ကြည့်ရှုံ့နှင့်ပင် စိတ်ပူပင်သောက ရောက်နေမှန်း ထင်ရှားပေါ်လွင်နေလေ၏။ မျက်နှာမှာလည်း မနေ့ကနှင့်ပင် မတူတော့ဘဲ သိသိသာသာ ချောင်ကျနေ၏။

ခါတိုင်းလို မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေ ခြယ်သထားသည်ကိုလည်း မတွေ့ရပေ။ ပကတိအတိုင်း မပြင်မဆင်နှင့်ပင်။

ဒေါ်ဂရေစီက နွမ်းလျ၊ ဖျော့တော့နေသည့် အသံဖြင့်...

''ကျွန်မလည်း ရှင့်လိုပဲ ကိုရွှေဖူးများ ရောက်လာမလားဆိုပြီး လာစောင့်နေတာပေါ့ရှင်။ ဒါနဲ့ ကိုရွှေဖူးများ လာသွားသေးတယ်လို့ ဒေါက်တာမင်ယာဆင်းက အင်စပက်တာကြီးကို ပြောလိုက်သေးလား''

မြွေသူတော်မောင်ခြိမ့်က စိတ်မကောင်းဖြစ်စွာဖြင့် ခေါင်းခါပြလိုက်သည်။ ထိုအမူအရာကို မြင်သည်နှင့် ဒေါ်ဂရေစီမှာ သိသိသာသာ မျက်နှာပျက်သွားလေသည်။

အသံတွေပင် ပိုမိုတုန်ယင်လာပြီး...

''ဒါဆို ကိုရွှေဖူး အသက်မှ ရှင်လျက်သားရှိသေးရဲ့လား မသိဘူးရှင်။ သူ ဘယ်တော့မှ ဒေါက်တာမင်ယာဆင်းနဲ့ လာပြဖို့ မပျက်ကွက်ခဲ့ဖူးဘူး။ ကိုရွှေဖူးက သူ့ရဲ့ကျန်းမာရေးကို အရမ်းဂရုစိုက်တာရှင့်''





''အရမ်းကြီးလည်း စိုးရိမ်သောက ရောက်မနေပါနဲ့ ဒေါ်ဂရေစီရယ်။ တခြား ကျွန်တော်တို့မသိနိုင်တဲ့ အကြောင်းအရာလေးတွေလည်း ရှိကောင်းရှိနိုင်တာပေါ့''

မြွေသူတော်မောင်ခြိမ့်က စိတ်သက်သာရာရစေရန် ရည်ရွယ်ပြီး နှစ်သိမ့်လိုက်သော်လည်း ဒေါ်ဂရေစီမှာ ထိုစကားကိုကြားသည်နှင့် ဒေါသတကြီး ဖြစ်သွားလေသည်။

''ရှင်တို့က ကိုရွှေဖူးရဲ့ အလောင်းကိုတွေ့တော့မှ ကျွန်မပြောတာကို ယုံကြမှာလား...။ အစိုးဟယ်မရှိတာရှင်။ ကျွန်မရဲ့စိတ်ထဲမှာ အလိုလိုသိနေတယ်...။ ကိုရွှေဖူး သေပြီရှင့်... အဟင့်... ဟင့်''

မြွေသူတော်မောင်ခြိမ့်က သက်ပြင်းကိုသာ ချလိုက်လေတော့သည်။ ဒေါ်ဂရေစီမှာ နှစ်ပေါင်းများစွာ ပေါင်းသင်းလာခဲ့သော ခင်ပွန်းသည်ဖြစ်သူအတွက် လွန်စွာစိုးရိမ်ပူပန်ပြီး စိတ်ကယောင်ချောက်ချားဖြစ်နေသည်ဟုသာ သူ ယူဆထားလိုက်လေတော့သည်။

×××



www.burmeseclassic

www.burmeseclassic.com



## အခန်း (၆)

ဒေါ်ဂရေစီနှင့် ဆန့်ကျင်ဘက်မှာတော့ ခင်ထိပ်ထားသာ ဖြစ်လေသည်။ ယယ်ရွယ်သူပီပီ ဘာကိုမှ တွေးတောပူပန်မနေဘဲ ရွှင်မြူး တက်ကြွစွာနှင့်ပင် သာဒွန်းဦးအား အိမ်သို့ဖိတ်ခေါ်ကာ တင်းနစ်ကစား လျက် ရှိနေလေသည်။

သူမ၏ စိတ်ထဲတွင်တော့ ခင်ပွန်းသည်ဖြစ်သူ ဦးရွှေဖူး တစ်ယောက် အရင်လိုပဲ ကာလကတ္တားသို့ ခရီးထွက်သွားသည်ဟုသာ မှတ်ယူထားပုံရသည်။

ခင်ထိပ်ထားက အသံလွင်လွင်လေးဖြင့်...

''ကဲ... ဒီတစ်ခါတော့ ထိပ်ထားအလှည့်ပဲ ကိုသာဒွန်းရေ...။ နိုင်အောင်ရိုက်ဖို့သာ ပြင်ထားပေတော့''

''ဟုတ်ပါပြီဗျာ...''

''စပြီနော်...''





ခင်ထိပ်ထားက ရွှင်မြူးကြည်လင်နေသည့် အသံဖြင့် အော်ဟစ် သတိပေးရင်း တင်းနစ်ဘောလုံးလေးကို လေထဲသို့မြှောက်လိုက်သည်။ ပြီးနောက် တင်းနစ်ဘတ်တံအား လေထဲတွင်လွှဲယမ်းကာ ရိုက်လိုက် လေ၏။

ခင်ထိပ်ထားရိုက်လိုက်သော ဘောလုံးလေးမှာ ပိုက်ကို ကျော် ပြီး စည်းအတွင်းသို့ ဝင်လာသည်နှင့် သာဒွန်းဦးက သွက်လက်စွာနှင့်ပင် ပြန်ရိုက်လိုက်လေသည်။

ခင်ထိပ်ထားမှာလည်း ဘောလုံးလာရာသို့ အလျင်အမြန် ရွေ့လျားကာ ရိုက်လိုက်၏။ သို့သော် ရိုက်ချက်မမှန်သဖြင့် တင်းနစ် ဘောလုံးလေးမှာ ကွင်းအပြင်ဘက် ခပ်ဝေးဝေးသို့ ရောက်ရှိသွားလေ သည်။

''အို... သွားပါပြီ''

''ဟား... ဟား... ဟား... ထိပ်ထားရေ... ဒီနေ့တော့ ကိုယ့်ကို ထိပ်ထား နိုင်မှာမဟုတ်တော့ဘူး''

သာဒွန်းဦးက ခင်ထိပ်ထားအား မခံချင်အောင် လှမ်းစနောက် ရင်း ဘောလုံးသွားကောက်ရန် ခြေလှမ်းပြင်လိုက်၏။

''နေ... နေ... ကိုသာဒွန်း။ ထိပ်ထား ညံ့လို့ဖြစ်ရတာ။ ထိပ်ထား ပဲ သွားကောက်လိုက်မယ်''

ခင်ထိပ်ထားက နဖူးပေါ်မှချွေးစများကို လက်ဖြင့်သုတ် ဖယ်ရင်း အလိုမကျသည့်အသံဖြင့် လှမ်းပြောလေသည်။ နောက်... ဘောလုံးကျသွားရာနေရာသို့ မှန်းဆကာ ခင်ထိပ်ထားက ပြေးသွားပြီး ရှာဖွေလိုက်၏။



www.burmeseclassic

www.burmeseclassic.com



သို့သော်... သူမထင်ထားသလို အလွယ်တကူ မတွေ့ပေ။

ထို့ကြောင့် ခင်ထိပ်ထားက အနီးအနားရှိ ချုံနွယ်များအား လက်ဖြင့် ဖယ်ကာ ဟိုဟိုဒီဒီ လိုက်လံရှာဖွေလိုက်၏။

သာဒွန်းဦးကတော့ အမောပြေရေသောက်ရင်း ခင်ထိပ်ထား ပြန်အလာကို စောင့်ဆိုင်းနေလေသည်။

ထိုစဉ်မှာပင် ခင်ထိပ်ထား၏ စူးစူးဝါးဝါး အော်ဟစ်လိုက်သော အသံက ထွက်ပေါ်လာသည်။

''အမယ်လေး''

''ထိပ်ထား''

သာဒွန်းဦးက စူးစူးဝါးဝါး အော်ဟစ်လိုက်သော အသံကို ကြားသည်နှင့် စိုးရိမ်တကြီးဖြင့် ခင်ထိပ်ထား၏နာမည်ကို ရေရွတ်ရင်း တစ်ဟုန်ထိုး ပြေးသွားလိုက်လေတော့သည်။

တင်းနစ်ကွင်းဘေးရှိ သစ်ပင်ချုံနွယ်များ ပေါက်ရောက်ရာ နေရာသို့ ရောက်သောအခါ ခင်ထိပ်ထားမှာ တုန်လှုပ်ချောက်ချားနေသည့် အမူအရာဖြင့် သာဒွန်းဦး၏ရင်ခွင်ထဲသို့ ပြေးလာ၏။

သာဒွန်းဦးက ခင်ထိပ်ထားအား ဆီးကြိုပွေ့ဖက်ရင်း စိုးရိမ် တကြီးဖြင့်...

''ဘာဖြစ်တာလဲ... ဘာဖြစ်တာလဲ ထိပ်ထား''

ခင်ထိပ်ထားက အလွန်အမင်းကြောက်လန့်နေသည့် အမူ အရာဖြင့် ချုံနွယ်တစ်ခုထဲသို့ လက်ညိုးညွှန်ပြကာ အထစ်ထစ်အငေါ့ငေါ့ ဖြင့် ပြန်ဖြေသည်။





''ဟို... ဟို... မှာ... အစ်ကိုကြီးရဲ့ ဦးထုပ်၊ သွေး... သွေး... တွေနဲ့''

''ဟင်! ဟုတ်လား... ဘယ်မှာလဲ''

သာဒွန်းဦးက ချက်ချင်းပင် ခင်ထိပ်ထားလက်ညိုးညွှန်ပြရာ နေရာသို့ အပြေးအလွှားသွားကာ ကြည့်လိုက်လေရာ ဦးရွှေဖူး၏ ဆောင်းနေကျ သက္ကလပ်ဦးထုပ်အား သွေးများစွန်းပေလျက် တွေ့ရ လေ၏။

ဒါ... ဒါ... ဘယ်လိုဖြစ်တာလဲ?

ငါ... မဟုတ်ဘူး...။ တစ်ယောက်ယောက်... တစ်ယောက် ယောက်...။

အဖြစ်အပျက်အလုံးစုံကို ကိုယ်တိုင်ကိုယ်ကျ ဖန်တီးခဲ့သူ သာဒွန်းဦးမှာတော့ မယုံကြည်နိုင်လောက်အောင် နားလည်ရခက်သွား ကာ စိတ်နှလုံး တုန်လှုပ်သွားရလေသည်။

×××



www.burmeseclassic

www.burmeseclassic.com



တကယ်ဆိုလျှင် သူ့ဒွေးကြီးဦးရွှေဖူး၏ဦးထုပ်မှာ သွေးစွန်းစရာ အကြောင်းလည်း မရှိ။ သည်နေရာသို့ ရောက်နေစရာအကြောင်းလည်း မရှိပေ။

ဒါကို သူတစ်ယောက်တည်းသာလျှင် အသိဆုံး မဟုတ်ပါလား။

ထိုသို့ဆိုလျှင် ဤသွေးစွန်းနေသော ဦးထုပ်ကို လုပ်ကြံဖန်တီးခဲ့သူသည် သူ့လုပ်ရပ်ကို တစ်စွန်းတစ်စရိပ်မိပြီး အပြစ်ရှာရန် အကွက်ဆင်ထားခြင်းပင် ဖြစ်ပေလိမ့်မည်။

ဒါ… ဒေါ်ဂရေစီ လက်ချက်လား… ဒါမှမဟုတ်ရင်… ဟို… တကျိကျိလာလုပ်နေတဲ့ မြွေသူတော်မောင်ခြိမ့်ဆိုတဲ့ ဆံပင်စုတ်ဖွားနဲ့ ငနဲလား… ။

×××





သာဒွန်းဦးက အရက်ခွက်ထဲမှ ရေခဲတုံးလေးများ ချာချာလည်ဝေ့ယမ်းသွားသည်အထိ ခွက်ကိုလှုပ်ခါနေလေသည်။ သို့ရာတွင် သူ့စိတ်အာရုံကတော့ ထိုအရက်ခွက်တွင်မရှိဘဲ တခြားနေရာသို့ လွင့်ပျံ့နေမှန်း သိသာလှ၏။

သူ့ခေါင်းထဲသို့ မေးခွန်းတွေက တရစပ်ဝင်လာနေသည်။

ဘာကြောင့် ဦးရွှေဖူးရဲ့ သွေးစွန်းနေတဲ့ဦးထုပ်က တင်းနစ်ကွင်းဘေးကို ရောက်နေရတာလဲ…။ သူ့ကို သံသယရှိတဲ့ လူတစ်ယောက်ယောက်က တမင်အကွက်ဆင်ပြီး ထောင်ဖမ်းဖို့ ကြိုးစားတာလား…။ အဲဒီလူက ဘယ်သူလဲ။

မြွေသူတော် မောင်ခြိမ့်လား…

ဒေါ်ဂရေစီလား…

ခင်ထိပ်ထားလား…

ချက်ချင်းပင် သာဒွန်းဦးက နောက်ဆုံး စဉ်းစားမိသူတစ်ယောက်ကို အတွေးထဲမှပယ်ထုတ်လိုက်သည်။

တစ်စုံတစ်ယောက်က သူ့ကို သံသယပြင်းပြင်းထန်ထန် ရှိနေပြီဆိုရင်တော့ သူ့လုပ်ရပ်တွေမှာ ဟာကွက်ရှိတာ သေချာသွားပြီ။ အဲဒီဟာကွက်ကို သူ အမြန်ပိတ်ဆို့ကာကွယ်မှ ရပေတော့မည်။



www.burmeseclassic

www.burmeseclassic.com



သာဒွန်းဦးက ရင်ထဲမှ ပူပင်သောကတွေကို သက်ပြင်းအဖြစ် ပြောင်းလဲရင်း ဘေးတွင်ထိုင်နေသော မြွေသူတော်မောင်ခြိမ့်ကို ကြည့်လိုက်သည်။

မြွေသူတော်မောင်ခြိမ့်မှာ ခင်ထိပ်ထား ဖုန်းဆက်အကြောင်းကြားသောကြောင့် ရောက်လာခဲ့ခြင်းဖြစ်၏။

သာဒွန်းဦးက...

''ဒီသွေးစွန်းနေတဲ့ ဦးထုပ်လေးတစ်လုံး တွေ့ရှိနဲ့တော့ ဦးရွှေဖူး ဘယ်ရောက်ပြီး ဘာဖြစ်နေသလဲဆိုတာ မှန်းဆရခက်တယ်လို့ ကျုပ်ထင်တယ်ဗျ''

''မှန်းဆရခက်တယ်ဆိုတာထက် ဒီသွေးစွန်းနေတဲ့ ဦးထုပ်က ဘယ်ကဘယ်လို တင်းနစ်ကွင်းဘေးကို ရောက်လာရတာလဲဆိုတာကို သိဖို့က ပိုအရေးကြီးတယ် ကိုသာဒွန်းဦး''

သာဒွန်းဦးက ပိုလိုစီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာကာ စီးကရက်အနံ့အငွေ့များကို အပေါ်သို့ မှုတ်ထုတ်လိုက်သည်။

''ဒါပေမဲ့ ကျုပ်တို့က ဦးရွှေဖူး ခရီးထွက်သွားတုန်းက အဲဒီဦးထုပ်ကို ဆောင်းသွားတယ်ဆိုတာ မြင်လိုက်ကြတာမှ မဟုတ်တာ။ ပြီးတော့ ဦးထုပ်ပေါ်မှာစွန်းနေတဲ့ သွေးတွေကရော ဦးရွှေဖူးရဲ့ သွေးအစစ်ပါလို့ ဘယ်သူပြောနိုင်မှာလဲ''

''ဦးရွှေဖူးရဲ့သွေး ဟုတ်မဟုတ်ကတော့ မကြာခင် အဖြေသိရပါလိမ့်မယ်။ ဦးထုပ်ပေါ်ကသွေးကို ဓာတ်ခွဲဖို့ ကျုပ် ကိုယ်တိုင် အင်းစိန်နီအိုင်ဒီက မှုခင်းသိပ္ပံဌာနကို ပို့ခဲ့ပြီးပြီပဲလေ''

မြွေသူတော်မောင်ခြိမ့်က သာဒွန်းဦးကိုရှင်းပြရင်း စားပွဲပေါ်မှ (JTB) လေးထောင့် အရက်ပုလင်းကို ကိုင်တွယ်ကြည့်ရှုနေလေသည်။

ထိုအချိန်မှာပင် ခင်ထိပ်ထားမှာ ဆေးမှတ်တမ်းတစ်စောင်ကို ကိုင်လျက် လှေကားပေါ်မှ တဒုန်းဒုန်း ပြေးဆင်းလာပြီး...

''ဒီမှာ အစ်ကိုကြီးရဲ့ သွေးအမျိုးအစားပါတဲ့ ဆေးမှတ်တမ်းတွေ့ပြီ အင်စပက်တာကြီးရေ''

ဟု ပြောဆိုကာ မြွေသူတော်မောင်ခြိမ့်အား လှမ်းပေးလိုက်လေသည်။

မြွေသူတော်မောင်ခြိမ့်က အလျင်အမြန်ယူကာ ဖတ်ကြည့်လိုက်ပြီး...

''သွေးအမျိုးအစားကတော့ 'ဘီ' သွေးပဲဗျ။ ဒါဆိုရင်တော့ ဓာတ်ခွဲခန်းကပေးလာမယ့် အဖြေနဲ့ တိုက်ကြည့်လိုက်ရင် ရှင်းသွားမှာပါ''

ထိုစကားကို သာဒွန်းဦးက လက်မခံသည့်ပုံဖြင့် ငြင်းဆန်လေသည်။

''သွေးအမျိုးအစား တူတူ၊ မတူတူ ဦးထုပ်က ဦးရွှေဖူးရဲ့ ဦးထုပ်လို့ တိတိကျကျမှ မသိနိုင်တာဗျာ။ အဲဒီတော့ ဘာအကျိုးထူးမှာမို့လိုလဲ''

''ဦးထုပ်ကတော့ အစ်ကိုကြီးရဲ့ဦးထုပ်ဆိုတာ သိသာပါတယ်ရှင်။ အိမ်မှာရှိတဲ့ဦးထုပ်တွေနဲ့ တိုက်ကြည့်လိုက်တော့ အရွယ်အစားလည်း တူတယ်၊ ပုံစံလည်း တူတယ်လေ''

''အဲဒါအပြင် တံဆိပ်လည်း တူတယ်ဗျ။ အကုန်လုံး ကာလကတ္တားမြို့ လိပ်စာတွေချည်းပဲ''



www.burmeseclassic

www.burmeseclassic.com



မြွေသူတော်မောင်ဖြိုမ့်ကပါ ခင်ထိပ်ထား၏စကားအား ဖြည့်စွက်ပြောပေးလိုက်လေရာ သာဒွန်းဦးမှာ နှုတ်ဆိတ်သွားရလေတော့သည်။

သည်ထက်ပိုပြီး ငြင်းဆန်နေလျှင်လည်း သူ့ကို ရိပ်မိကုန်ကြပေလိမ့်မည်။

ထိုစဉ် အင်းစိန်စီအိုင်ဒီမှ ဆားပုလင်းမိုးက ပျာယီးပျာယာဖြင့် ရောက်လာပြီး...

''ဆရာဖြိုမ့်... ။ ဒီမှာ ဆရာဖြိုမ့်လာပို့ခိုင်းတဲ့ ဓာတ်ခွဲခန်း အဖြေလွှာပါ''

ဟုဆိုကာ လက်ထဲတွင်ကိုင်ထားသော အညိုရောင်စာအိတ်အား မြွေသူတော်မောင်ဖြိုမ့်ကို ထိုးပေးလေသည်။

''ဩော်... အေးအေး... ကျေးဇူးပဲ မောင်မိုး''

မြွေသူတော်မောင်ဖြိုမ့်က ပြောပြောဆိုဆိုဖြင့် စာအိတ်ကို လှမ်းယူကာ အထဲမှ ဓာတ်ခွဲခန်းအဖြေလွှာကို ဖွင့်ဖောက်ဖတ်ကြည့်လိုက်လေသည်။

သာဒွန်းဦးနှင့် ခင်ထိပ်ထားမှာတော့ မြွေသူတော်မောင်ဖြိုမ့်ထံမှ ထွက်ပေါ်လာမည့် အဖြေစကားကို စိတ်လှုပ်ရှားစွာဖြင့် စောင့်ဆိုင်းနေကြ၏။

မြွေသူတော်မောင်ဖြိုမ့်က ဓာတ်ခွဲခန်းအဖြေလွှာကို ဖတ်ပြီးသွားသည့်အခါ သက်ပြင်းအား လေးလေးပင်ပင်ချရင်း ခင်ထိပ်ထား၏ မျက်နှာကို ကြည့်လိုက်သည်။ ပြီး...





''စိတ်မကောင်းပါဘူး... မခင်ထိပ်ထား။ ဦးထုပ်ပေါ်မှာတွေ့ရတဲ့ သွေးအမျိုးအစားကလည်း ခင်ဗျားခင်ပွန်း ဦးရွှေဖူးရဲ့ သွေးအမျိုးအစား 'ဘီ'သွေးပါပဲ''

ထိုစကားကို ကြားသည်နှင့် ခင်ထိပ်ထား၏မျက်နှာမှာ ကွက်ခနဲ ပျက်သွားလေ၏။

''ဟင်! ... ဒါဆို အစ်ကိုကြီး သေပြီပေါ့။ ဘယ်လိုလုပ်ကြမလဲ ကိုသာဒွန်း''

ခင်ထိပ်ထားက အလွန်အမင်း စိုးရိမ်တုန်လှုပ်သွားသည့်ပုံဖြင့် ရေရွတ်ရင်း သာဒွန်းဦးအား အားကိုးတကြီး ပွေ့ဖက်လိုက်လေသည်။

သာဒွန်းဦးမှာ ခင်ထိပ်ထား၏ ပခုံးစွန်းနှစ်ဖက်ကို လက်ဖြင့် ပွဖွဆုပ်ကိုင်လိုက်ပြီး...

''စိတ်အေးအေးထားပါ ထိပ်ထား...။ ဒီလောက်နဲ့တော့ သေပြီ မသေဘူးဆိုတာ ဘယ်တိတိကျကျ ဆုံးဖြတ်လို့ရမလဲ''

ဟု နှစ်သိမ့် အားပေးလိုက်လေသည်။

ခင်ထိပ်ထားမှာတော့ စိုးရိမ်ပူပန်စိတ်တို့ဖြင့် တရှုံ့ရှုံ့ ရှိုက်ငိုနေဆဲပင်။

သာဒွန်းဦးက စိတ်မကောင်းသည့် အမူအရာဖြင့် နှစ်သိမ့်နေရသော်လည်း ရင်ထဲတွင်တော့ တစ်စုံတစ်ရာကို ပြင်းပြင်းထန်ထန် တွေးသထွက်နေလေသည်။

×××



www.burmeseclassic

www.burmeseclassic.com



ရုံးခန်းသို့ ပြန်ရောက်သည်အထိ သာဒွန်းဦးမှာ ဦးရွှေဖူး၏ ဦးထုပ်ကိစ္စကို ပြန်လည်တွေးတောရင်း တနုံ့နုံ့ ဖြစ်နေရလေသည်။

ထိုအတွက်ကြောင့်ပင် သူမှာ ဆောက်တည်ရာမရဖြစ်ကာ အလုပ်စားပွဲတွင် ထိုင်လိုက်၊ ရုံးခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လိုက်၊ သတိလက်လွတ်ဖြစ်ကာ တောက်တစ်ချက်ပြီးတစ်ချက် ခေါက်နေမိလိုက်နှင့် ဗျာများနေရသည်။

အတွင်းရေးမှူးမလေး ကေသီပင် သူမ၏ ဆရာဖြစ်သူ သာဒွန်းဦးကို ကြည့်ကာ သက်ပြင်းလှိုင်လှိုင် ချလိုက်မိသည်။

သည်နေ့ကျမှ အလုပ်ကိစ္စအတွက်လာရောက်သည့် ဧည့်သည်များမှာလည်း ပေါများနေသဖြင့် သူမမှာ တခြားကိစ္စအကြောင်းပြပြီး ပြန်လွှတ်နေရလေ၏။





BOOK RENTAL

ထို့အပြင် ခတ်စက်မှထွက်ပေါ်နေသော အသံကိုလည်း မကြာခဏဆိုသလို သာဒွန်းဦးက တိုးလိုက်ကျယ်လိုက် လုပ်နေသဖြင့် သူမမှာ ကြာတော့ ရူးချင်စိတ်ပင် ပေါက်လာလေတော့သည်။

သာဒွန်းဦးက ခတ်ပြားနောက်တစ်ချပ်ကို လဲထည့်ကာ နားထောင်နေပြန်၏။ သို့သော် ခတ်စက်မှထွက်ပေါ်နေသော သီချင်းသံထဲတွင် သူ့စိတ်အာရုံမှာ မရှိပေ။ တစ်စုံတစ်ရာကို ချိုတုံ့ချတုံ့ ဖြစ်နေပုံဖြင့် စားပွဲခုံကိုလက်ဖြင့် တဒေါက်ဒေါက် ခေါက်နေလေသည်။

အတန်ကြာမှ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ဟန်ဖြင့် တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်ကာ ခင်ထိပ်ထားဆီသို့ ဖုန်းခေါ်လိုက်၏။

ဖုန်းထဲမှာတစ်ဆင့် ခင်ထိပ်ထား၏ ပြန်ဖြေသံကို ကြားရသည့်အခါ သာဒွန်းဦးက…

''ထိပ်ထား… ကိုယ် သာဒွန်းဦးပါ။ ထိပ်ထား အရမ်းစိတ်တွေဆင်းရဲပြီး အိပ်ရာထဲမှာလဲနေပြီလား သိချင်လို့ ဖုန်းဆက်လိုက်တာပါ''

''စိတ်တော့ ဆင်းရဲတာပေါ့ ကိုသာဒွန်းရယ်၊ မျက်လုံးထဲမှာလည်း သွေးစွန်းနေတဲ့ အစ်ကိုကြီးရဲ့ဦးထုပ်ကို ပြန်ပြန်မြင်ယောင်နေတယ်။ မတော်… အစ်ကိုကြီးက သေသွားခဲ့ရင် ထိပ်ထား ဘာလုပ်ရမလဲဟင်… ကိုသာဒွန်း''

ဖုန်းထဲမှအသံကို နားထောင်ကြည့်ရုံနှင့်ပင် ခင်ထိပ်ထားမှာ စိတ်ထိခိုက်ကြေကွဲနေမှန်း သိသာလွန်းလှသည်။ အသံတွေပင် ပုံမှန်အတိုင်းမဟုတ်ဘဲ တုန်ယင်တိုးဖျော့နေလေသည်။



www.burmeseclassic

www.burmeseclassic.com



သာဒွန်းဦးက ထိုစကားကိုကြားလိုက်ရသည့်အတွက် ဝမ်းသာသွား၏။ အဘယ်ကြောင့်ဆိုသော် သူ ပြောရခက်နေသည့် အကြောင်းကိစ္စကိုမှ ခင်ထိပ်ထားက လမ်းကြောင်းပေးလိုက်သောကြောင့် ဖြစ်သည်။

သာဒွန်းဦးက ကရုဏာသက်သည့်အသံဖြင့်...

``ကိုယ်တစ်ယောက်လုံး ရှိနေတာပဲ ထိပ်ထားရယ်။ ဘာအားငယ်စရာရှိလို့လဲ။ ကိုယ် အကြံဉာဏ်ပေးချင်တာကတော့ အခုချိန်တည်းကစပြီး ဒေါ်ဂရေစီနဲ့ စာရင်းမြန်မြန်ရှင်းလိုက်တာ ကောင်းမယ်''

``ဘယ်လို... ကိုသာဒွန်း၊ ထိပ်ထား နားမလည်ဘူး''

``သြော်... ဒီလိုလေ ထိပ်ထားရဲ့ ဦးရွှေဖူးရဲ့ သေတမ်းစာအရဆိုရင် ဒေါ်ဂရေစီက ပိုင်ဆိုင်မှုအားလုံးရဲ့ နှစ်ဆယ့်ငါးရာခိုင်နှုန်းရမှာ မဟုတ်လား။ အဲဒီအကြောင်းကို ဒေါ်ဂရေစီသိအောင် မြန်မြန် အသိပေးလိုက်ဖို့ပဲလေ။ အိမ်ရာစီမံကိန်းကြီးပြီးသွားမှ အသိပေးမယ်ဆိုရင် ခင်ထိပ်ထားရမယ့် အမြတ်ငွေထဲက နှစ်ဆယ့်ငါးရာခိုင်နှုန်းကို ပေးလိုက်ရမှာပေါ့''

တစ်ဖက်မှ ခင်ထိပ်ထား၏အသံမှာ တစ်စုံတစ်ရာကို စဉ်းစားဆုံးဖြတ်နေဟန်ဖြင့် တိတ်သွားလေသည်။ အတန်ကြာတော့မှ သက်ပြင်းချသံနှင့်အတူ ခင်ထိပ်ထားမှာ ပြန်ဖြေလေသည်။

``ဒါပေမဲ့ ကိုသာဒွန်းရယ်၊ အစ်ကိုကြီး သေသလား၊ ရှင်သလား တိတိကျကျမသိသေးခင်မှာ မမဂရေစီကို ထိပ်ထား ဒီအကြောင်းတွေ သွားမပြောချင်ဘူး''





``အဲဒါတော့ ကိုယ်လည်း နားလည်ပါတယ် ထိပ်ထား။ ဒေါ်ဂရေစီကို ထိပ်ထားအစား ကိုယ်ပဲ သွားပြောပေးမှာပေါ့။ ဒီကိစ္စကို နောက်ကျမှဖြေရှင်းမယ်ဆိုရင် ထိပ်ထားက ခင်ပွန်းသည်လည်း ဆုံး၊ ပစ္စည်းဥစ္စာလည်း ဆုံးရှုံးဆိုသလို ဖြစ်သွားမှာပေါ့။ ကိုယ်က သေသေချာချာစဉ်းစားပြီးမှ ထိပ်ထားအတွက် ပြောတာပါ''

အကြံသမားသာဒွန်းဦးက ခင်ထိပ်ထားကို သူဖြေစေချင်သည့်အတိုင်း လှည့်ပတ်စည်းရုံးလိုက်လေလည်။

ငယ်ရွယ်သူဖြစ်သော ခင်ထိပ်ထားမှာတော့ ဦးရွှေဖူးအတွက် စိတ်ပူပင်သောက ရောက်နေသည့်မှလွဲ၍ တခြားဘာကိုမှ နက်နက်နဲနဲ ဆင်ခြင်စဉ်းစားပြီး မဆုံးဖြတ်တတ်ပေ။

ထို့ကြောင့် သာဒွန်းဦးပြောသမျှကိုသာ ခေါင်းညိတ်သဘောတူလိုက်လေသည်။

×××



www.burmeseclassic

www.burmeseclassic.com



## အခန်း (၇)

ဒေါ်ဂရေစီ သူ့ကို သံသယဖြစ်နေမှန်း သာဒွန်းဦး ကောင်းကောင်း သဘောပေါက်မိသည်။ သို့သော် လက်ဆုပ်လက်ကိုင် မပြနိုင်သေးသရွေ့ သူဘာကိုမှ စိုးရွံ့ထိတ်လန့်နေစရာ မလိုပေ။

ထို့အပြင် သူဘက်မှာလည်း ဒေါ်ဂရေစီကို သွေးစွန်းနေသော ဦးရွှေဖူး၏ ဦးထုပ်ကိစ္စနှင့်ပတ်သက်ပြီး ပြန်သံသယရှိနေမိသည်။ ထို့အတွက်ကြောင့်ပင် သူက ခင်ထိပ်ထားအား စည်းရုံးပြီး ယခုလို စီစဉ်ရခြင်းဖြစ်သည်။

အိမ်စေတစ်ယောက်မှ ဒေါ်ဂရေစီအား သွားအကြောင်းကြားနေစဉ်မှာပင် သာဒွန်းဦးက ငြိမ်ငြိမ်သက်သက်ထိုင်မနေဘဲ ညှော်ခန်းအနှံ့ ကျိုးကန်းတောင်းမှောက် လိုက်ကြည့်နေလေ၏။





ညှော်ခန်းထောင့်ရှိ ဦးထုပ်စွပ်ရာ ကျွန်းသားတိုင်လုံးလေးရှိရာသို့ ရောက်သောအခါ သာဒွန်းဦးက အထပ်လိုက်စွပ်ထားသော သက္ကလပ် ဦးထုပ်များအား မ ယူကာ ကြည့်လိုက်သည်။

ဦးထုပ်အားလုံးမှာ အနားပြန့်သက္ကလပ်ဦးထုပ် အဖြူရောင်များသာ ဖြစ်ပြီး လေးလုံးတိတိရှိလေသည်။ ထိုဦးထုပ်များမှာ သူဌေးကြီး ဦးရွှေဖူး၏ ဦးထုပ်များဖြစ်သည်ဆိုတာကို မေးနေစရာပင် မလိုချေ။

တင်းနစ်ကွင်းဘေးတွင် သွေးစွန်းလျက်တွေ့ခဲ့ရသော အဖြူရောင်အနားပြန့် သက္ကလပ်ဦးထုပ်နှင့် တစ်ထေရာတည်းတူသည့် ဦးထုပ်များသာ ဖြစ်သည့်အပြင် အမျိုးအစားနှင့် အမှတ်တံဆိပ်မှာလည်း တူညီ၏။

သာဒွန်းဦးက ထိုဦးထုပ်များကိုကြည့်ရင်း ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်သည်။

ထိုအချိန်မှာပင် ဒေါသသံဖြင့်ပြောဆိုလိုက်သော ဒေါ်ဂရေစီ၏ အသံက ထွက်ပေါ်လာလေသည်။

"ရှင်က အိမ်ရှင်ကိုခွင့်မတောင်း ဘာမတောင်းနဲ့ ဘာလို့ ကျွန်မယောကျ်ား ဦးထုပ်တွေကို ကိုင်ကြည့်နေရတာလဲ"

ထိုစကားသံကြောင့် သာဒွန်းဦးမှာ နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်ပြီး တင်းမာခက်ထန်နေသော မျက်နှာနှင့်အတူ ခါးထောက်လျက် ရပ်နေသော ဒေါ်ဂရေစီကို တွေ့လိုက်ရလေသည်။

သာဒွန်းဦးက လက်ထဲမှဦးထုပ်များကို တိုင်တွင် ပြန်ထားလိုက်ပြီး...



www.burmeseclassic

www.burmeseclassic.com



''ကိုင်ကြည့်တာ မကြိုက်ဘူးဆိုရင်လည်း တောင်းပန်ပါတယ်ဗျာ။ ကျွန်တော်က တင်းနစ်ကွင်းဘေးမှာ တွေ့ခဲ့ရတဲ့ ဦးထုပ်နဲ့တူလို့ ကိုင်ကြည့်မိတာပါ။ အမှန်တကယ်ဆို ဦးထုပ်က ငါးလုံးရှိရမှာ ထင်တယ်နော်... ဒေါ်ဂရေစီ''

စောင်းပါးရိပ်ခြည်ပြောလိုက်သော သာဒွန်းဦး၏စကားကြောင့် ဒေါ်ဂရေစီမှာ မျက်လုံးတွေပြူးကျယ်ကာ ဒေါသခိုးတွေတောက်လာပြီး နှုတ်ခမ်းကို တင်းတင်းကိုက်လိုက်၏။

ထို့နောက် သာဒွန်းဦးကို ကြောက်မက်ဖွယ်ရာ သတ္တဝါဆိုးတစ်ကောင်ကဲ့သို့ စိုက်ကြည့်လိုက်ပြီး...

''ရှင်က အဆောက်အဦတွေထက် သူများကိစ္စကို ပိုစိတ်ဝင်စားတယ် ထင်တယ်နော်... အင်ဂျင်နီယာကြီး''

''တစ်ခါတလေတော့လည်း စိတ်ဝင်စားရတာပေါ့ ဒေါ်ဂရေစီရာ။ ကဲပါလေ... အဲဒီအကြောင်းတွေ ထားလိုက်ပါတော့။ ကျွန်တော် အခုလာတာ သူဌေးကြီးဦးရွှေဖူးရဲ့သေတမ်းစာကို ဒေါ်ဂရေစီကို ပြဖို့ပဲ''

''ဘာရှင့်... သေတမ်းစာ ဟုတ်လား။ ကိုရွှေဖူးသေပြီလို့ ရှင့်ကို ဘယ်သူပြောလိုက်လို့လဲ။ ပြီးတော့ ရှင်က သေတမ်းစာလာပြရအောင် ရှေ့နေမို့လို့လား''

ဒေါ်ဂရေစီမှာ မခံမရပ်နိုင်အောင် ဖြစ်သွားပုံရသည်။ လက်ဆွဲသားရေအိတ်ထဲမှ စာရွက်စာတမ်းများကို ထုတ်ယူနေသော သာဒွန်းဦးအား အစိမ်းလိုက်ဝါးစားတော့မတတ် စူးစူးရဲရဲ စိုက်ကြည့်နေသည်။





သာဒွန်းဦးက စာရွက်စာတမ်းများကိုထုတ်ယူပြီး ဒေါ်ဂရေစီဘက်သို့လှည့်ကာ ပြောလိုက်၏။

''ရှေ့နေတော့ မဟုတ်ပါဘူးဗျာ။ ဒါပေမဲ့ ကျွန်တော့်မိတ်ဆွေ ခင်ထိပ်ထားကိုယ်စား လာပြရတာပါ။ ဦးရွှေဖူးပဲ သေသွားသယောင်ယောင်နဲ့ ဒေါ်ဂရေစီက ဦးထုပ်မှာ သွေးတွေဘာတွေ သုတ်ပြီး တင်းနစ်ကွင်းဘေးလာထားတော့ ကျွန်တော်တို့က သေတမ်းစာထဲက ပိုင်ဆိုင်ခွင့်တွေကိုများ မြန်မြန်လိုချင်နေလို့လား ထင်မိလို့ပါဗျာ''

''ရှင်... ရှင်... ဘာတွေ လာပြောနေတာလဲ''

မျက်စိမျက်နှာပျက်သွားသော ဒေါ်ဂရေစီကို သာဒွန်းဦးက အေးဆေးတည်ငြိမ်စွာနှင့်ပင် ပြောလိုက်သည်။

''သေတမ်းစာအရတော့ ဒေါ်ဂရေစီဟာ ဦးရွှေဖူးရဲ့ ပိုင်ဆိုင်မှုအားလုံးထဲက နှစ်ဆယ့်ငါးရာခိုင်နှုန်းတိတိ ဆက်ခံခွင့်ရမှာဆိုတော့ နည်းတော့ မနည်းပါဘူးဗျာ။ ဦးရွှေဖူးရှိတုန်းက ရတဲ့ မယားစရိတ်ထက်စာရင်တော့ အဆပေါင်းများစွာ များပါတယ်''

''ရှင် ကျွန်မကို အခုလိုလာပြောနေတာ သွေးရိုးသားရိုးတော့ မဖြစ်နိုင်ဘူး။ နောက်ကွယ်မှာ အကြောင်းတစ်ခုခုတော့ ရှိလိမ့်မယ်။ ကျွန်မ ရှင့်ကိုမသင်္ကာတော့ဘူး။ ကိုရွှေဖူးပျောက်ဆုံးနေရတဲ့ အဓိကတရားခံက ရှင်များဖြစ်နေမလား''

အကင်းပါးသော ဒေါ်ဂရေစီက ဒဲ့တိုးကြီးစွပ်စွဲလိုက်သော်လည်း သာဒွန်းဦးမှာ မျက်နှာအမူအရာ ပျက်သွားခြင်းမရှိပေ။



www.burmeseclassic

www.burmeseclassic.com



ပြက်လုံးတစ်ခုကို ကြားလိုက်ရသလို တဟားဟား ရယ်မော ရင်းနှင့်ပင် တည်ငြိမ်စွာ ပြန်ပြောလိုက်လေသည်။

''ခင်ဗျားက ကျုပ်ကို ဒီလောက်တောင် သက်သာမရှင်းဖြစ်နေမှတော့ အင်စပက်တာ မောင်ခြိမ့်ကိုသာ ခေါ်လိုက်တော့ဗျို့။ အဲဒါက ခင်ဗျားရော ကျုပ်အတွက်ပါ အကောင်းဆုံးဖြစ်လိမ့်မယ် ထင်တယ်ဗျ... ဒေါ်ဂရေစီရေ''

ထိုစဉ်မှာပင်...

''ကျုပ်နာမည်များ ခေါ်လိုက်ကြသလား... ဗျ''

ဟူသော အသံနှင့်အတူ အိမ်ရှေ့တံခါးကိုတွန်းဖွင့်ကာ ဧည့်ခန်းထဲသို့ မြွေသူတော်မောင်ခြိမ့် ဝင်လာသည်ကို တွေ့လိုက်ရလေ၏။

မထင်မှတ်ဘဲ ရောက်လာသော မြွေသူတော်မောင်ခြိမ့်ကို ကြည့်ကာ ဒေါ်ဂရေစီနှင့် သာဒွန်းဦးတို့ နှစ်ဦးစလုံး အံ့သြမှက်သက်လျက်။

ဒေါ်ဂရေစီက...

''ရှင်က ဘယ်အချိန်ထဲက ရောက်နေတာလဲ''

''ဩော်... မကြာသေးပါဘူး။ အခုလေးတင်ပါ... တံခါးခေါက်မလို့ပဲ ရှိသေးတယ်၊ ကျွန်တော့်နာမည် ခေါ်သံကြားတာနဲ့ တစ်ခါတည်း တန်းဝင်လာလိုက်တာပါ''

''ဒါဆိုလည်း အတော်ပဲပေါ့ရှင်။ ဒီမှာ အင်ဂျင်နီယာကြီးက ကျွန်မကို ကိုရွှေဖူးရဲ့သေတမ်းစာ လာပြသလိုလိုနဲ့ စွပ်လားစွဲလား လာလုပ်နေတာရှင့်''





ဒေါ်ဂရေစီက သာဒွန်းဦးကိုလက်ညှိုးထိုးကာ မကျေမချမ်းဖြင့် တိုင်တန်းလိုက်လေသည်။

မြွေသူတော်မောင်ခြိမ့်မှာ တစ်သက်လုံး မဖြီးမသင်ထားသော ဆံပင်အုံကြီးကို လက်ချောင်းများဖြင့် ထိုးဖွကုတ်နယ်ရင်း...

''ကိုသာဒွန်းဦးက အင်ဂျင်နီယာလုပ်ဖို့ထက် ပုလိပ်ဘက်မှာ အလုပ်လုပ်ဖို့ ပိုသင့်တော်တယ်ဗျ''

''ဘာဖြစ်လို့လဲဗျ''

မြွေသူတော်မောင်ခြိမ့်က နှုတ်ခမ်းကြားမှဆေးပြင်းလိပ်ကို လက်ဖြင့်ချွတ်ယူရင်း...

''စုံထောက်လုပ်တဲ့ ကျုပ်တောင် တင်းနစ်ကွင်းဘေးက သွေးစွန်းနေတဲ့ ဦးရွှေဖူးရဲ့ဦးထုပ်ကို ဘယ်သူလာထားတယ်ဆိုတာ မခန့်မှန်းနိုင်သေးဘူး။ ခင်ဗျားကတော့ ဒေါ်ဂရေစီမှန်း တန်းသိနေတော့တာပဲ။ သေတမ်းစာကိစ္စရောပေါ့ဗျာ''

မည်သည့်အဓိပ္ပာယ်နှင့် ပြောမှန်းမသိသဖြင့် သာဒွန်းဦးမှာ နှုတ်ခမ်းတွန့်သည်ဆိုရုံသာ ပြုံးပြီး ငြိမ်နေလိုက်သည်။

သို့သော် ဒေါ်ဂရေစီကတော့ ကျေနပ်ပုံမရ။ သူမအား မခံချိမခံသာဖြစ်အောင် လာရောက်စော်ကား ပြောဆိုနေသော သာဒွန်းဦးကို မြွေသူတော်မောင်ခြိမ့်က ဟောက်ဟမ်းပြောဆိုပစ်လိုက်စေချင်နေသည်။

ထို့ကြောင့် ဒေါ်ဂရေစီက မကျေမချမ်းနှင့်...

''ဩော်... အင်စပက်တာကြီးက... ဒီလူဘက်ကတောင် လိုက်ပြီး ပြောပေးနေသေးတာကိုး။ မသိပါဘူးရှင်... အင်စပက်တာကြီးက ကျွန်မကို ကူညီမယ့်လူလို့ ထင်နေတာရှင့်''



www.burmeseclassic

www.burmeseclassic.com



မိန်းမသားပီပီ မဲ့ကာရွဲ့ကာ ပြောဆိုလိုက်သော ဒေါ်ဂရေစီကို ကြည့်ကာ မြွေသူတော်မောင်ခြိမ့်က ရင်မောစွာ သက်ပြင်းချလိုက်လေသည်။ ပြီးမှ…

''ကျုပ်က ဘယ်သူ့ဘက်ကမှ လိုက်မပြောပါဘူး ဒေါ်ဂရေစီရယ်။ အမှန်တရားဘက်မှာသာ ရပ်တည်တဲ့လူပါ။ အဲဒီတော့ ခင်ဗျားကို ကျုပ် အကြံတစ်ခုပေးချင်တာက ဦးထုပ်ကိစ္စကို အမှန်အတိုင်း ပြောပြပါဗျာ။ ဒါမှ ကျုပ် ဥပဒေဘက်က ကူညီပေးလို့ရမှာပါ''

''ကျွန်မက ဘာကို အမှန်အတိုင်းပြောရဦးမှာလဲရှင့်''

ဒေါ်ဂရေစီမှာ အလွယ်တကူနှင့်ဝန်ခံမည့်ပုံ မပေါ်သဖြင့် မြွေသူတော်မောင်ခြိမ့်ကပင် အစအဆုံး ရှင်းပြလိုက်ရတော့သည်။

''ကျုပ် ခင်ဗျားအိမ်က အိမ်ဖော်မလေးကို မေးကြည့်ပြီးပါပြီဗျာ။ သူက ဒီနေ့မနက် ခင်ဗျား ကိုယ့်လက်ကိုကိုယ် ဘလိတ်ဓား ရှသွားအောင် တမင်လှီးလိုက်တာ တွေ့လိုက်တယ်တဲ့''

''ရှသွားအောင် တမင်တကာလုပ်တာ မဟုတ်ပါဘူး။ မတော်မဆ ဖြစ်သွားတာပါ''

မြွေသူတော်မောင်ခြိမ့်က ဒေါ်ဂရေစီအား လက်ပြကာ ဆက်လက်ပြောဆိုလိုက်သည်။

''ခင်ဗျားရဲ့ ယာဉ်မောင်းလိုင်စင်ကို ကျုပ် စစ်ဆေးကြည့်တော့ သွေးအုပ်စုအမျိုးအစားက 'ဘီ'တဲ့။ ဦးရွှေဖူးရဲ့ သွေးအုပ်စု အမျိုးကလည်း 'ဘီ'ပဲလေ။ ဒီတော့…''





မြွေသူတော်မောင်ခြိမ့်၏ စကားမဆုံးခင်မှာပင် သာဒွန်းဦးက ကြားဖြတ်ပြောလိုက်လေသည်။

''ရှင်းနေတာပဲဗျာ။ ဦးရွှေဖူးအသတ်ခံရတဲ့ ပုံစံမျိုးဖြစ်အောင် ဒေါ်ဂရေစီက ဦးရွှေဖူးဆောင်းနေကျ ဦးထုပ်ပေါ်မှာ သူ့ရဲ့ သွေးသုတ်ပြီး တင်းနစ်ကွင်းဘေး လာထားတာပေါ့''

ဒေါ်ဂရေစီမှာ မငြင်းသာတော့သဖြင့် သက်ပြင်းရှည်ကြီးကို ချကာ ခေါင်းငိုက်စိုက်ကျသွားလေသည်။

မြွေသူတော်မောင်ခြိမ့်က

''ကဲ… ဒေါ်ဂရေစီ… ဒီလိုမျိုး ဘာဖြစ်လို့ လုပ်ရတယ်ဆိုတာ ရှင်းပြပါဦး။ ဓာတ်ခွဲခန်းအဖြေကလည်း ဦးထုပ်ပေါ်မှာ စွန်းပေနေတဲ့သွေးက နှစ်ဆယ့်လေးနာရီမပြည့်ခင်က သွေးလို့ ဆိုတယ်''

မတတ်သာသည့်အဆုံးကျမှ ဒေါ်ဂရေစီက မျက်နှာတင်းတင်းနှင့် သာဒွန်းဦးကို စောင်းချိတ်ကြည့်ကာ ဝန်ခံလေတော့သည်။

''ဟုတ်ပါတယ်ရှင်… အားလုံး ကျွန်မလုပ်တာပါ။ မဟုတ်မဟုတ် ကြံစည်ထားတဲ့လူတွေများ သွေးလေချောက်ချားပြီး ထွက်လာမလားလို့ ကြံစည်မိတာပါ… အဲ… အဲဒါ ဥပဒေနဲ့ ငြိစွန်းသွားလို့လားဟင်''

မြွေသူတော်မောင်ခြိမ့်က စိတ်မသက်မသာ ဖြစ်သွားပုံဖြင့် ခေါင်းညိတ်ပြလိုက်သည်။ သို့သော် မြွေသူတော်မောင်ခြိမ့် နှုတ်မှ စကား ထွက်မပေါ်လာခင်မှာပင် သာဒွန်းဦးက စိတ်သဘောထားကြီးမြင့်သည့် ပုံဖြင့် အမှတ်ဝင်ယူလိုက်သည်။



www.burmeseclassic

www.burmeseclassic.com



''ပြီးတောတွေ ပြီးပါစေတော့ ကိုမောင်ခြိမ့်ရာ။ အခုကိစ္စမှာလည်း ဘယ်သူဘယ်ဝါမှ ထိခိုက်နစ်နာသွားတာမှ မရှိတာ။ ဒေါ်ဂရေစီကို ခွင့်လွှတ်ပေးလို့ ရလောက်တယ်ထင်ပါရဲ့ ဟုတ်လား''

''ရှင် ဘာမှ ကျွန်မဘက်က ဝင်ပြောပေးစရာမလိုဘူး''

သာဒွန်းဦးကို မြင်ပြင်းကတ်စွာဖြင့် ဒေါ်ဂရေစီက ပြောလိုက်သည်။ သူမအနေဖြင့် သာဒွန်းဦးကို မည်သည့်ကျေးဇူးအကြွေးမှ အတင်မခံလိုပေ။

သာဒွန်းဦးက မဲ့ပြုံးပြုံးလိုက်ရင်း...

''ကိုင်း... ဒါဆိုလည်း ကျုပ်ကို သွားခွင့်ပြုပါဦး''

ဟု ဆိုကာ လက်ထဲတွင်ကိုင်ထားသော သေတမ်းစာကို လက်ဆွဲသားရေအိတ်ထဲသို့ ပြန်ထည့်နေလေသည်။

ဒါကို မြင်သွားသော မြွေသူတော်မောင်ခြိမ့်က အနားသို့ သွားလိုက်ပြီး...

''ကျုပ်ကို အဲဒီသေတမ်းစာလေး ခဏငှားလိုက်လို့ ရမလားဗျ''

သာဒွန်းဦးက မြွေသူတော်မောင်ခြိမ့်ကို လှည့်ကြည့်ရင်း ခေါင်းခါပြလေသည်။

''ငှားလို့မဖြစ်ဘူး ကိုမောင်ခြိမ့်ရ။ ဒါ မခင်ထိပ်ထားဆီက ခဏတောင်းယူလာတာ။ ပျောက်လို့ပျက်လို့မဖြစ်ဘူး''

''မပျောက်ပျက်စေရပါဘူး။ စိတ်ချပါဗျ။ ကျုပ်ကိုယ်တိုင် မခင်ထိပ်ထားကို ပြန်ပေးလိုက်ပါ့မယ်''





မတတ်သာသည့်အဆုံးကျမှ သာဒွန်းဦးက မြွေသူတော်မောင်ခြိမ့်ကို မပေးချင် ပေးချင်ပုံဖြင့် သေတမ်းစာကို ပေးလိုက်လေသည်။

မြွေသူတော်မောင်ခြိမ့်က သေတမ်းစာကိုလှမ်းယူကာ ဖတ်ကြည့်ရင်း ခေါင်းတညိတ်ညိတ်နှင့် လုပ်နေလေတော့သည်။

×××



www.burmeseclassic

www.burmeseclassic.com



## အခန်း (၈)

ဖုန်တထောင်းထောင်းထပြီး ထုသံ၊ နှက်သံတို့ဖြင့် ဆူညံပွက်လောရိုက်နေသော ရွှေဖူးဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်း လုပ်ငန်းခွင်ထဲသို့ မြေသူတော်မောင်ခြိမ့်မှာ ဝီရိယကောင်းစွာဖြင့် မနက်ဆယ်နာရီ မထိုးခင်ကတည်းက ရောက်ရှိနေလေသည်။

ထိုအချိန်တွင် အင်ဂျင်နီယာဖြစ်သူ သာဒွန်းဦးပင် မရောက်ရှိသေးပေ။

မေးသမျှကို စိတ်ရှည်ရှည်နှင့် ဖြေကြားပေးနေသော မယ်ဆလီ (အလုပ်သမားကြီးကြပ်ရေးမှူး) ညိုထွန်းမှာ မြေသူတော်မောင်ခြိမ့် သိချင်နေသဖြင့် နေ့စဉ်မှတ်တမ်းစာအုပ်အား သွားယူနေလေသည်။





မကြာခင်တွင် အလုပ်သမားကြီးကြပ်ရေးမှူး ညိုထွန်းမှာ ဘိလပ်မြေအိတ်များကို ထမ်းသယ်နေကြသော အလုပ်သမားများအား ဖြတ်ကျော်ကာ ပြန်ရောက်လာပြီးလျှင်...

''ဘယ်နေ့ ဘယ်အင်္ဂတေတိုင်ကို ကွန်ကရစ်လောင်းလဲဆိုတာ သိချင်ရင်တော့ ဒီစာအုပ်ထဲမှာသာ ရှာကြည့်ပေတော့ဗျာ''

ဟု မောမောပန်းပန်း အသံဖြင့်ပြောရင်း မြေသူတော်မောင်ခြိမ့်အား လက်ထဲတွင်ကိုင်လာသော စာရင်းစာအုပ်အထူကြီးကို ထိုးပေးလေသည်။

မြေသူတော်မောင်ခြိမ့်က ထိုစာရင်းစာအုပ်ကို လှမ်းယူပြီး ဦးရွှေဖူးပျောက်ဆုံးသွားသည့် ရက်စွဲအောက်မှ ကွန်ကရစ်လောင်းခဲ့သော အင်္ဂတေတိုင်လုံးစာရင်းအား လှန်လှောကြည့်လိုက်ပြီးနောက်...

''ဒီရက်တွေအတွင်းမှာ ဒီအင်္ဂတေတိုင်တစ်ခုကိုပဲ ခင်ဗျားတို့ ကွန်ကရစ်လောင်းခဲ့တာပေါ့ ဟုတ်လား''

အလုပ်သမားကြီးကြပ်ရေးမှူး ညိုထွန်းက မြေသူတော်မောင်ခြိမ့် လက်ညှိုးထောက်ပြသောနေရာကို ကြည့်ပြီးမှ

''အင်း... ဟုတ်တယ်လေ၊ ဒီ "D3" ဆိုတဲ့ တိုင်ကိုပဲ ကျုပ်တို့ ကွန်ကရစ်လောင်းခဲ့တာ။ မလောင်းခင် အရင်တစ်နေ့ကတော့ ကျင်းအကြီးကြီးတစ်ခုံ အရင်တူးထားရတာပေါ့ဗျာ။ ပြီးတော့မှ အောက်ခံဖောင်ဒေးရှင်းကို ကွန်ကရစ်လောင်းပြီး အင်္ဂတေ တိုင်လုံးကြီးတွေရဖို့ ဆက်ဆောက်ကြတာပေါ့''

''အဲဒီလို ကျင်းကြီးတူးထားတဲ့ ညမှာရော အစောင့်တွေ ဘာတွေ ချထားသလားဗျ''



www.burmeseclassic

www.burmeseclassic.com



မြွေသူတော်မောင်ခြိမ့်၏စကားကို ကြားသောအခါ အလုပ်သမားကြီးကြပ်ရေးမှူး ညိုထွန်းက အတော်အူကြောင်ကြောင်နိုင်သည့် မေးခွန်းဟု ထင်သွားပုံရပြီး ရယ်မောလိုက်သည်။

ပြီးတော့မှ…

''ခင်ဗျားကလည်းဗျာ… ကျင်းထဲမှာ ဘာတန်ဖိုးကြီးပစ္စည်း ရှိလို့ အစောင့်ထားရမှာလဲ။ ဒီအတိုင်းပဲ ထားလိုက်တာပေါ့။ မနက်ကျမှ ကျင်းအောက်တစ်ခုလုံးကို အင်္ဂတေလောင်းပြီး ခြောက်သွားတော့မှ တိုင်ဆက်ဆောက်ဖို့ ပြင်ဆင်ကြတာပေါ့''

မြွေသူတော်မောင်ခြိမ့်က သူဆိုလိုချင်သည့်အဓိပ္ပာယ်ကို သဘောမပေါက်ဘဲ စိတ်ထင်သည့်အတိုင်း ပြန်ဖြေနေသော အလုပ်သမားကြီးကြပ်ရေးမှူး ညိုထွန်းအား ကျေနပ်သွားသည့်အသွင်ဖြင့် ခေါင်းညိတ်ပြလိုက်သည်။

ထိုစဉ်မှာပင်…

''တီ… တီ…''

ဟူသော ကားဟွန်းသံက အသံရှည်ဆွဲကာ ထွက်ပေါ်လာသည်။

ထိုကားဟွန်းသံကြောင့် မြွေသူတော်မောင်ခြိမ့်နှင့် အလုပ်သမား ကြီးကြပ်ရေးမှူး ညိုထွန်းတို့မှာ ဘေးသို့ ကပျာကယာရှောင်တိမ်းရင်း နောက်သို့ လှည့်ကြည့်ကြလေရာ ကားမောင်းလာသော သာဒွန်းဦးကို တွေ့လိုက်ရလေ၏။

သာဒွန်းဦးမှာ စိတ်မရှည်သည့်ပုံဖြင့် ကားကို ဝေါခနဲ ကွေ့ဝိုက်ကျော်ကာ မြွေသူတော်မောင်ခြိမ့်တို့နှင့် ရှေ့မလှမ်းမကမ်းရောက်တော့မှ ကျွီခနဲ ဘရိတ်ဖမ်းပြီး ရပ်လိုက်သည်။





ပြီးနောက် ကားပေါ်မှ အလျင်စလိုဆင်းချလာပြီး…

''အင်စပက်တာကြီးက ကျုပ်ထက်တောင် ဆောက်လုပ်ရေးလုပ်ငန်းကို စိတ်ဝင်စားတယ် ထင်တယ်နော်။ အမြဲတမ်း ကျုပ်မရောက်ခင်အရင် ရောက်ရောက်နေတာ ရိုးရိုးသားသားမှ ဟုတ်ရဲ့လား''

ဟု အနားသို့လျှောက်လာရင်း ခနဲ့တဲ့တဲ့ ပြောလေသည်။ အလုပ်သမားကြီးကြပ်ရေးမှူး ညိုထွန်းကိုလည်း အနားမှထွက်သွားရန် မျက်ရိပ်ပြလိုက်၏။

အလုပ်သမားကြီးကြပ်ရေးမှူး ညိုထွန်းမှာ သာဒွန်းဦးအား ဦးညွတ်အရိုအသေပေးပြီးနောက် လှည့်ထွက်သွားလေသည်။

မြွေသူတော်မောင်ခြိမ့်က…

''လမ်းကြုံလို့ ဝင်လာတဲ့သဘောပါဗျာ။ တခြား ဘာအကြောင်းကိစ္စမှတော့ မရှိပါဘူး ကိုသာဒွန်းဦး''

''ဒီမှာ ကိုမောင်ခြိမ့် ခင်ဗျားအကြောင်းကို ကျုပ် မသိဘူး မှတ်နေလား။ စုံထောက်မင်းကြီး မစ္စတာဝဲလ်ဘုန်း ကိုယ်တိုင် သတင်းစာရှင်းလင်းပွဲတစ်ခုမှာ ခင်ဗျားဟာ တစ်စုံတစ်ရာကို သံသယရှိပြီဆိုရင် အဲဒီသံသယ သက်သေပြဖို့အတွက် ကျားကုတ်ကျားခဲနဲ့ ဖွဲနပဲကြီးကြီး ကြိုးစားတတ်တဲ့နေရာမှာ အလွန်တော်တဲ့ စုံထောက်မျိုးလို့ပြောဖူးတာ ကျုပ်ဖတ်ဖူးတယ်ဗျ''

''ဟုတ်ရဲ့လားဗျာ၊ ကျုပ်ကတော့ မင်းကြီး အဲဒီလိုပြောတာ မကြားဖူးပါဘူး''



www.burmeseclassic

www.burmeseclassic.com



မြွေသူတော်မောင်ခြိမ့်က ရှက်ကိုးရှက်ကန်း အမူအရာမျိုး လုပ်ကာ ပြန်ပြောရင်း မိုလ်လသာ ဆေးပြင်းလိပ်ကြီးကို မီးညှိရှိုက် ဖွာနေလေသည်။

သာဒွန်းဦးက မြွေသူတော်မောင်ခြိမ့်ကို မထိမဲ့မြင်ပုံဖြင့် နှုတ်ခမ်းကို တွန့်ခေါက်စွာပြုံးလိုက်၏။ ပြီး...

''အီဂျစ်မှာ ရှေးခေတ် ဗိသုကာပညာရှင်တွေက သူတို့ ဘုရင်၊ ဘုရင်မတွေရဲ့ ရုပ်အလောင်းတွေကို အလုံခြုံဆုံးဖြစ်အောင် ပိရမစ်ကြီးတွေရဲ့အောက်မှာ မြှုပ်တယ်ဆိုတိုင်း ဦးရွှေဖူးကို သတ်ပြီး ကျုပ်က အင်္ဂတေတိုင်ကြီး တစ်တိုင်တိုင်ရဲ့ အောက်မှာ မြှုပ်ထားတယ်လို့ ခင်ဗျား သံသယရှိနေတာ မဟုတ်လား''

''ဟာဗျာ... မဟုတ်ရပါဘူး...၊ ကျုပ်က ဘာကိုမှ သံသယမရှိပါဘူး။ အင်္ဂတေတိုင်လုံးကြီးတွေကို ဘယ်လိုတည်ဆောက်သလဲ ဆိုတာ သိချင်ရုံသက်သက်နဲ့ ကိုညိုထွန်းကို မေးကြည့်နေတာပါ ဗျာ''

ပျာပျာသလဲအမူအရာဖြင့် အလျင်အမြန် ပြန်လည်ဖြေရှင်းချက်ပေးနေသော မြွေသူတော်မောင်ခြိမ့်အား သာဒွန်းဦးက ခပ်ညံ့ညံ့ ပြဇာတ်မင်းသားတစ်ယောက်ကို ကြည့်နေသည့် အကြည့်မျိုးဖြင့် ကြည့်ပြီး ဟက်ခနဲ တစ်ချက်ရယ်မောလိုက်လေသည်။

ပြီးနောက်... ယောက်ျားနှစ်ဖက်စာလောက် ရှိမည်ဖြစ်သော အိမ်ရာစီမံကိန်းလုပ်ငန်းတွင် အဝင်အဝရှိ "D3" ဟု သင်္ဘောဆေးအနီဖြင့် ရေးထားသည့် အင်္ဂတေတိုင်လုံးကြီးကို လက်ညှိုးထိုးပြကာ...





''ခင်ဗျား ကျုပ်ကို သံသယအနိုင်အမာရှိတာ သေချာရင်တော့ အဲဒီတိုင်လုံးကြီးကိုသာ ဖြိုဖျက်တူးဆွပြီး အောက်ခြေက ဖောင်ဒေးရှင်းထဲမှာသာ ဦးရွှေဖူးရဲ့အလောင်း ရှိ မရှိ ရှာကြည့်ပေတော့ဗျာ။ အဲဒီ တိုင်လုံးကြီးကို ဦးရွှေဖူး ခရီးထွက်သွားတဲ့နေ့က ကွန်ကရစ်စလောင်းခဲ့တဲ့ တိုင်ကြီးပဲလေ။ ခင်ဗျား ခုနက ကိုညိုထွန်းကိုမေးနေတာလည်း အဲဒီတိုင်လုံးကြီးပဲ မဟုတ်လား''

မြွေသူတော်မောင်ခြိမ့်က အူတူတူ၊ အတတ အမူအရာနှင့် သာဒွန်းဦးကိုတစ်လှည့် "D3" ဟု သင်္ဘောဆေးအနီဖြင့် ရေးထားသော အင်္ဂတေတိုင်လုံးကြီးကိုတစ်လှည့် ကြည့်လိုက်၏။

ထို့နောက် ဘာမှနားမလည် သဘောမပေါက်သည့်ပုံဖြင့် ခေါင်းကို ဟိုကုတ်သည်ကုတ် ကုတ်ရင်း...

''ကိုသာဒွန်းဦး ဘာကိုဆိုလိုတာလဲ ဗျ။ ကျုပ် နားမလည်ဘူး။ ကျုပ်က ဘာဖြစ်လို့ ဒီလောက်ကြီးတဲ့ အင်္ဂတေတိုင်လုံးကြီးကို တူးရမှာလဲ ဗျ''

''ကိုမောင်ခြိမ့်ကလည်း မသိချင်ယောင် ဆောင်မနေစမ်းပါနဲ့ ဗျာ။ အဲဒီလို အင်္ဂတေတိုင်လုံးကြီးရဲ့ အောက်ခံဖောင်ဒေးရှင်း ထဲမှာဆိုရင် လူသတ်ပြီး အလောင်းကိုဖျောက်ဖျက်ပစ်ဖို့ အကောင်းဆုံးနဲ့ အလုံခြုံဆုံးနေရာပဲလေ။ တစ်ခါတုန်းက ခင်ဗျားမေးလို့ ကျုပ် ဖြေခဲ့ဖူးပါတယ်။ ကျုပ်သာ တစ်ယောက် ယောက်ကို သတ်မိခဲ့ရင် အလောင်းဖျောက်ဖို့ ရွေးချယ်မယ့် နေရာက ဒီလိုနေရာပဲပေါ့''



www.burmeseclassic

www.burmeseclassic.com



တည်ငြိမ်အေးစက်စွာဖြင့် တစ်လုံးချင်းပြောလိုက်သော သာဒွန်းဦး၏စကားကို ကြားသောအခါ မြွေသူတော်မောင်ခြိမ့်မှာ ပြုံးစစ ဖြစ်သွားပြီး…

''ဒါပေမဲ့ ကိုသာဒွန်းဦးရာ၊ ဘယ် လူသတ်သမားမှတော့ ကိုယ် အလောင်းဖွက်ထားတဲ့နေရာကို ပုလိပ်ဆီမှာ မပြောပြ လောက်ဘူး ထင်တယ်ဗျ''

''ဟား… ဟား… ဟား… ဒါတော့ ခင်ဗျားထင်တာ မှားသွားပြီ ကိုမောင်ခြိမ့်ရေ…။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတဲ့ ကျုပ်လို လူစားဆိုရင်တော့ ပြောပြရဲတာပေါ့ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ဒီလောက်ကြီးတဲ့ အင်္ဂတေတိုင်လုံးကြီးကို ဖြိုချပြီး မြေကြီး ထဲကဖောင်ဒေးရှင်းကို ပြန်တူးဖို့ဆိုတာ ဘယ်လိုမှ မလွယ်ကူ တော့လို့ပဲဗျ''

မြွေသူတော်မောင်ခြိမ့်က အလွန်တရာ အံ့သြသွားသည့်ပုံဖြင့် သာဒွန်းဦးကို ပါးစပ်အဟောင်းသားဖြင့် မှင်သက်ကြည့်နေမိလေသည်။

သာဒွန်းဦးက ထိုသို့ပြောလိုက်ရသည့်အတွက် ဂုဏ်ယူဝင့် ကြွားသွားပုံဖြင့် မြွေသူတော်မောင်ခြိမ့်၏ ပခုံးစွန်းကို လက်ဖြင့်ပုတ်ကာ တစ်ချက်ကြည့်လိုက်သည်။ ထို့နောက် မြေကြီးများကို ကျင်းတစ်ခုထဲမှ ကော်ယူကာ ကုန်းပေါ်သို့ ပြန်ပုံချနေသော မြေတူးစက်အနားသို့ အေးအေးလူလူ လျှောက်သွားလေ၏။

မြွေသူတော်မောင်ခြိမ့်မှာတော့ ကြောင်ငေးပြီး ရပ်နေလျက်ပင်။ နောက်မှ သတိဝင်ပြီး သာဒွန်းဦး၏နောက်သို့ ကပျာကသီ ပြေးလိုက် သွားကာ မေးလိုက်၏။





''အဲဒါဆို ကျုပ် တစ်ခုလောက် မေးပါရစေ ကိုသာဒွန်းဦးရာ။ တကယ်လို့ ကျုပ်က သံသယရှိတဲ့ အဲဒီအင်္ဂတေတိုင်ကြီးကို ဖြိုပစ်မယ်ဆိုပါစို့။ အဲဒီအတွက် ကုန်ကျစရိတ်က ဘယ်မယ် လောက်လောက် ရှိသလဲဗျ။ ပြီးတော့ ဘာမှမတွေ့ရင်ရော''

''ဖြိုဖျက်မယ့် ကုန်ကျစရိတ်နဲ့ အင်္ဂတေတိုင်ကြီး ပြန်ဆောက် မယ့် ကုန်ကျစရိတ်အားလုံးကို ပေါင်းလိုက်ရင် ခင်ဗျားရတဲ့ လစာထက် အဆတစ်ရာလောက် ရှိတယ်ဗျ။ ဘာမှမတွေ့ ရင်တော့ အဲဒီ ကုန်ကျစရိတ်အားလုံးကို ခင်ဗျား လျော်ပေး ရမှာပေါ့။ ပြီးတော့ တူးချင်တိုင်း တူး၊ ဖြိုချင်တိုင်း ဖြိုလို့ မရဘူးနော်။ မြို့နယ်စီပယ်မင်းကြီးဆီက ခွင့်ပြုလက်မှတ်ပါမှ ရမှာ။ အဲဒီတော့ ခင်ဗျားရဲ့သံသယကို ခင်ဗျားယုံရင်တော့ ကြိုက်တာလုပ်ပေါ့ဗျာ''

''အိုး… မလွယ်ပါလားနော်''

မြွေသူတော်မောင်ခြိမ့်က ကုန်ကျစရိတ်ကို ကြားရသောအခါ လန့်ဖျပ်သွားပြီး မျက်လုံးပြူး၊ မျက်ဆံပြူးဖြင့် ရေရွတ်လိုက်လေ၏။

အင်္ဂတေတိုင်လုံးကြီးကို စုတ်တသပ်သပ်နှင့်ကြည့်နေသော မြွေသူတော်မောင်ခြိမ့်အား သာဒွန်းဦးက နားမလည်နိုင်စွာဖြင့် ကြည့် ပြီး…

''ခင်ဗျားကိုယ်တိုင်က အလောင်းလည်း မတွေ့မမြင်ရ၊ ဘာ သက်သေ သက္ကာယမှလည်း မရှိနဲ့ဗျာ။ အဲဒါကိုပဲ ဒေါ်ဂရေစီရဲ့ သူ့ယောက်ျား သေရင်ရမယ့် ဆက်ခံခွင့်ကို မြန်မြန်လိုချင်လို့ ဦးရွှေမှူး သေပြီပြောတဲ့စကားကို လက်ခံယုံကြည်နေတယ်ပေါ့''



www.burmeseclassic

www.burmeseclassic.com



''ဒါပေမဲ့ ကျုပ် စိတ်ဝင်စားနေတဲ့ အကြောင်းအရာတစ်ခုတော့ ရှိတယ်ဗျ ကိုသာဒွန်းဦးရေ၊ မနေ့က ခင်ဗျားဆီက တောင်းထားလိုက်တဲ့ သူဌေးကြီးဦးရွှေဖူးရဲ့ သေတမ်းစာကို ကျုပ်မိန်းမရဲ့ မောင် ရှေ့နေတစ်ယောက်ကို ပြကြည့်သေးတယ်။ သူက နာမည်ကြီးရှေ့နေတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ လူကတော့ လူတော်ပါဗျာ''

''ခင်ဗျားက ဘာမှမဟုတ်တဲ့ကိစ္စအတွက် တော်တော် အလုပ်ရှုပ်ခံတာပဲနော် ကိုမောင်ဖြိုမ့်''

သာဒွန်းဦးက ရိသဲ့သဲ့ ဝေဖန်တိုက်ခိုက်လိုက်သော်လည်း မြွေသူတော်မောင်ဖြိုမ့်မှာတော့ စိတ်ဆိုးသည့်အမူအရာ မပြဘဲ ဆက်လက်ပြောဆိုလိုက်၏။

''သေတမ်းစာအရ ဦးရွှေဖူး တရားဝင်သေဆုံးသွားခဲ့ရင် မခင်ထိပ်ထားက ဘာပိုက်ဆံမှ မရတဲ့အပြင် ဆောက်လုပ်ရေး လုပ်ငန်းတွေကိုလည်း အခုလို သူ့သဘောနဲ့သူ စီမံခန့်ခွဲလို့ မရတော့ဘူးဗျ။ ဒေါ်ဂရေစီက နှစ်ဆယ့်ငါးရာခိုင်နှုန်း ယူပြီးသွားရင် ဘဏ်ထဲမှာကျန်နေတဲ့ ပိုက်ဆံတွေရဲ့ ဘဏ်တိုးကိုပဲ လစဉ် အကျိုးခံစားခွင့်ရရှိမှာလေ''

''အို... ဟုတ်လား...။ ဘဏ်တိုးရရုံနဲ့တင် ခင်ထိပ်ထား အတွက် တော်တော်ကို များနေပါပြီဗျာ။ ဦးရွှေဖူးရဲ့ ပိုင်ဆိုင်မှုက နည်းနည်းနောနောမှ မဟုတ်တာ''





သာဒွန်းဦးက ခင်ထိပ်ထားရရှိမည့် အကျိုးခံစားခွင့်နှင့် ပတ်သက်ပြီး ဘာတစ်ခုမှမသိသည့် ပုံစံမျိုးဖြင့် အံ့သြတကြီး ပြောလေ၏။

မြွေသူတော်မောင်ဖြိုမ့်က ခေါင်းကို ညိတ်ပြပြီး...

''မနည်းတာတော့ အမှန်ပဲဗျို့၊ ဒါပေမဲ့ ဒီအိမ်ရာကြီး ဆက် ဆောက်ဖို့အတွက် ငွေထုတ်ပေးဖို့ကတော့ ဘယ်လိုမှ မဖြစ် နိုင်ဘူးလေ''

''ကျုပ်ကတော့ ဦးရွှေဖူး သေတယ်၊ မသေဘူးဆိုတာထက် ဒီအိမ်ရာကို ဆက်ဆောက်ဖို့ပဲ စိတ်ဝင်စားပါတယ်ဗျာ''

''ခင်ဗျားနဲ့ကျုပ်က ဒီနေရာမှာတော့ စိတ်ဝင်စားတာချင်း တူတယ် ကိုသာဒွန်းဦးရေ၊ ကျုပ်လည်း ဒီအိမ်ရာကြီး ဆက် ဆောက်မယ့်ကိစ္စကိုပဲ စိတ်ဝင်စားတာဗျ။ ခင်ဗျား ဒီ အိမ်ရာ ကြီးကို ဦးရွှေဖူးမသိဘဲနဲ့ ဆောက်လို့ရတယ်ဆိုတာ ခင် ထိပ်ထားက အပြည့်အဝ ထောက်ခံချက်ပေးတာ တစ်ခုတည်း နဲ့လေ။ တကယ်လို့ ဦးရွှေဖူးသာ အမှန်တကယ် သေဆုံး သွားခဲ့မယ်ဆိုရင် ခင်ထိပ်ထားလည်း ဒီအိမ်ရာကိစ္စကို စီမံ ခန့်ခွဲလို့ ရတော့မှာမဟုတ်ဘူး။ အဲဒီတော့ ခင်ဗျား ဒီအိမ်ရာ စီမံကိန်းကို ဆက်ဆောက်ချင်တယ်ဆိုရင် ဦးရွှေဖူးသေဆုံး ကြောင်း အထောက်အထား မရှိမှဖြစ်မှာလေဗျာ''

သာဒွန်းဦးက စိတ်မပါဘဲနဲ့ ပြုံးလိုက်၏။ ပြီးနောက် သူ့ကို သံသယစိတ်အပြည့်ဖြင့် ပြောနေသော မြွေသူတော်မောင်ဖြိုမ့်ကို မလို မုန်းတီးသည့်အကြည့်ဖြင့် ကြည့်ရင်း...



www.burmeseclassic

www.burmeseclassic.com



''ဒါကတော့ ခင်ဗျားရဲ့ တစ်ဖက်သတ် အမြင်တစ်ခုတည်းနဲ့ ပြောတာကိုး ဗျ။ ကိုင်း... အခုလည်း ဦးရွှေဖူး သေဆုံးတယ် ဆိုတာကို ဘယ်သူကမှ တရားဝင်သက်သေ မပြနိုင်ဘူးလေ ဗျာ။ ကဲ... ဘယ်လိုလုပ်မလဲ''

မြွေသူတော်မောင်ခြိမ့်က သာဒွန်းဦးကို ပြုံးပြုံးကြီး စိုက်ကြည့်နေလေသည်။ နောက်တော့မှ တည်ငြိမ်အေးစက်စွာဖြင့် တစ်လုံးချင်း ပြောလိုက်လေတော့သည်။

''ဦးရွှေဖူးသေဆုံးကြောင်း တရားဝင်သက်သေပြချင်ရင်တော့ "D3" ဆိုတဲ့ အင်တေတိုင်ကြီးကို ဖြိုပြီး ရှာကြည့်ရမှာပေါ့ဗျာ''

×××





## အခန်း (၉)

နောက်တစ်နေ့တွင်တော့ မြွေသူတော်မောင်ခြိမ့်မှာ အလုပ်များ နေရလေပြီ...။

ရွှေဖူးဉယျာဉ်မြို့တော် အိမ်ရာစီမံကိန်းမှ အင်တေတိုင်လုံးကြီး ကို ဖြိုဖျက်ရန် မြူနီစပယ်မင်းကြီးထံမှ ခွင့်ပြုချက်ရဖို့အတွက် စုံထောက် မင်းကြီးနှင့် အရင်တွေ့ဆုံရလေသည်။

ပထမတော့ စုံထောက်မင်းကြီးမှာ မြွေသူတော်မောင်ခြိမ့်၏ အစီ အစဉ်ကို ခါးခါးသီးသီးငြင်းပယ်လေ၏။ မြွေသူတော်မောင်ခြိမ့် ကိုယ်တိုင် က ဖွတ်အတင်းမရမက တောင်းဆိုလာသည့်အခါကျမှ နာမည်ကောင်း လက်မှတ် အကြိမ်ကြိမ်ရဖူးသည်ကို ထောက်ထားစာနာပြီး မြူနီစပယ် မင်းကြီးထံသို့ တင်ပြရန်အတွက် ထောက်ခံစာရေးပေးလိုက်လေသည်။

ထိုထောက်ခံစာကို လက်နှိပ်စက်စာရေးထံတွင် အပ်ပြီး လက် နှိပ်စက် ရိုက်နေစဉ်မှာပင် အိုင်ပီဘဦးနှင့် အိုင်ပီထွန်းရွှေတို့နှစ်ယောက် မင်းကြီးရုံးခန်းထဲမှ နောက်က လိုက်ထွက်လာကြကာ အမျိုးမျိုးအဖုံဖုံ ဝေဖန်တိုက်ခိုက်လေတော့သည်။



www.burmeseclassic

www.burmeseclassic.com



အိုင်ပီဘဦးက အထင်သေး၊ အမြင်သေးပုံစံဖြင့် မြွေသူတော်မောင်ခြိမ့်အား ကြည့်ကာ...

''ကိုမောင်ခြိမ့် ခင်ဗျား စဉ်းစဉ်းစားစားလည်း လုပ်နော်။ ဘယ်လူသတ်တရားခံမှ ကိုယ် အလောင်းဖွက်ထားတဲ့နေရာကို စုံထောက်တွေကို ပြောပြမှာမဟုတ်ဘူး။ အခု ခင်ဗျားဟာက အင်ဂျင်နီယာသာဒွန်းဦးကို သံသယရှိတာနဲ့ သူပြောတဲ့ အင်္ဂတေတိုင်ကြီးကိုဖြိုပြီး ရှာကြည့်မယ်ဆိုတော့ အရမ်းကို ကလေးကလားဆန်လွန်းနေတယ်ဗျာ''

အိုင်ပီထွန်းရွှေကလည်း...

''ဟုတ်တယ် ကိုမောင်ခြိမ့်၊ ခင်ဗျား နာမည်ကောင်းလက်မှတ် အကြိမ်ကြိမ်ရဖူးတာကိုတော့ လေးစားပါတယ်ဗျာ။ ဒါပေမဲ့ အခုတစ်ခါတော့ ခင်ဗျားစဉ်းစားပုံက စုံထောက်တစ်ယောက် စဉ်းစားပုံနဲ့မတူဘဲ ပုတ်သင်ညို၊ အပျိုလိုချင်ခေါင်းညိတ် ခေါင်းညိတ်ဆိုလို့ လိုက်ခေါင်းညိတ်ရတဲ့ ပုတ်သင်ညိုလို ဖြစ်မနေဘူးလား။ ကျုပ်ကတော့ ခင်ဗျားကို နှစ်ပေါင်းများစွာ တွဲလုပ်လာတဲ့ လုပ်ဖော်ကိုင်ဖက်မို့လို့ စေတနာနဲ့ တားတာပါ။ ကျုပ် ပြောရဲတာတစ်ခုကတော့ ခင်ဗျား အဲဒီ အင်္ဂတေတိုင်ကြီးကို ဖြိုပြီးရှာလည်း ဘာမှတွေ့မှာ မဟုတ်ဘူးဗျ''

မြွေသူတော်မောင်ခြိမ့်ကတော့ မည်သည့် ဖြေရှင်းချက်စကားမှ ပြန်မပြောဘဲ မိုလ်လသာဆေးပြင်းလိပ်ကြီးကို အငွေ့တထောင်းထောင်း ထအောင် ဖွာလျက် မထုံတက်သေး လုပ်နေလေ၏။





ထိုအမူအရာကိုကြည့်ပြီး စိတ်မရှည်တော့ဟန်ဖြင့် အိုင်ပီဘဦးက...

''ဒီမှာ ကိုမောင်ခြိမ့်၊ ကိုထွန်းရွှေပြောသလိုပဲ ကျုပ်တို့က လုပ်ဖော်ကိုင်ဖက်အချင်းချင်းမို့လို့ တားနေကြရတာ။ တကယ်လို့ ကုန်ကျစရိတ်အင်မတန်များတဲ့ အဲဒီ အင်္ဂတေတိုင်လုံးကြီးကို တူးပြီးမှ ဘာမှမတွေ့ရဘူးဆိုရင် ခင်ဗျားရှိတဲ့ အင်စပက်တာ ရာထူးလေးပါ အဆစ်ပါသွားနိုင်တယ်နော်။ ပြီးတော့ သတင်းစာတွေကလည်း ငြိမ်နေကြမှာ မဟုတ်ဘူး။ အဲဒီအခါကျမှ ခင်ဗျား အရှက်လည်း ကွဲ၊ ရာထူးလည်း ပြုတ် ဖြစ်လိမ့်မယ်ဗျ''

မြွေသူတော်မောင်ခြိမ့်က လက်နှိပ်စက်ရိုက်ပြီးသွားသော ထောက်ခံစာကို လှမ်းယူလိုက်သည်။ နောက် အေးတိအေးစက် အမူအရာဖြင့် အိုင်ပီဘဦးနှင့် အိုင်ပီထွန်းရွှေတို့ကို ကြည့်ပြီး...

''ဘယ်တတ်နိုင်ပါ့မလဲဗျာ။ စုံထောက်အလုပ်ဆိုတာ စွန့်စားရတဲ့ အလုပ်မျိုးပဲ။ ကျုပ်ကတော့ အဲဒီ အင်္ဂတေတိုင်ကြီးကို တူးလိုက်ရင် တစ်ခုခုထူးခြားလာလိမ့်မယ် ထင်တာပဲဗျ''

ဟု ပျင်းရိပျင်းတွဲ လေသံဖြင့်ပြောကာ ထွက်ခွာသွားလေတော့သည်။

အိုင်ပီဘဦးနှင့် အိုင်ပီထွန်းရွှေတို့မှာသာ သက်ပြင်းကိုယ်စီချရင်း မြွေသူတော်မောင်ခြိမ့်၏ ကျောပြင်ကိုကြည့်ကာ ကျန်ရစ်ခဲ့လေသည်။

×××



www.burmeseclassic

www.burmeseclassic.com



မွန်းတည့်ချိန်သို့ ရောက်ခါနီးပြီဖြစ်သောကြောင့် နေမှာ ခြစ်ခြစ်တောက် ပူလျက်ရှိနေလေသည်။

မြွေသူတော်မောင်ခြိမ့်မှာလည်း ရန်ကုန်မြူနီစပယ်မင်းကြီး မစ္စတာဂေဗင်စကော့၏ ခွင့်ပြုချက်ရရန်အတွက် ဆူးလေဘုရားလမ်းမပေါ်ရှိ မြူနီစပယ်ရုံးကြီး (ယခု မြို့တော်ခန်းမကြီးကို မတည်ဆောက်ရသေး) အတွင်း၌ ခွေးတလုံးလုံး၊ သံတလုံးလုံးဖြင့် တန်းစီနေရလေသည်။

အကြောင်းအမျိုးမျိုးကြောင့် လာရောက်တန်းစီနေကြသောသူ့ရှေ့မှ လူအုပ်ကြီးမှာလည်း မနည်းမနောပင်။

မြွေသူတော်မောင်ခြိမ့်မှာ သူနေရာ ပျောက်သွားမည်စိုးသဖြင့် သူ အလွန်တရာကြိုက်လှသော ဆေးပြင်းလိပ်ကိုပင် လူအုပ်ဘေးနား ထွက်ပြီး မသောက်ရဲပေ။ ဆေးပြင်းလိပ် သောက်ချင်နေသည့်စိတ်ကို မနည်း အောင့်အီးသည်းခံပြီး တန်းစီနေရ၏။





ထိုလူအုပ်ကြီးကို ဒိုင်ခံဖြေရှင်းပေးနေသူမှာ အသားဖြူဖြူ၊ ဝဝတုတ်တုတ်နှင့် ဗမာအမျိုးသား မြူနီစပယ်အရာရှိ တစ်ယောက်တည်းသာလျှင် ဖြစ်ပေသည်။

Early Bird BOOK RENTAL HOUSE

မြွေသူတော်မောင်ခြိမ့်မှာ ထိုမြူနီစပယ်အရာရှိနှင့် တခြားဝန်ထမ်းတစ်ယောက်ယောက်တို့ ရယ်ရယ်မောမော စကားပြောဆိုနေသည်ကိုမြင်လျှင် မဆီမဆိုင် ဒေါသထွက်နေရပြီး လာရောက်စကားပြောဆိုနေသော ဝန်ထမ်းကို အသားလွတ်ကျိန်ဆဲနေမိ၏။

နောက်ထပ် တစ်နာရီကျော်ကျော်လောက် ချွေးသံတရွှဲရွှဲနှင့်တန်းစီပြီးသည့်အခါကျမှ မြွေသူတော်မောင်ခြိမ့်၏အလှည့်သို့ ရောက်လာလေသည်။

မြွေသူတော်မောင်ခြိမ့်က ရွှေဖူးဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်းမှ အင်္ဂတေတိုင်အကြီးစားကြီးကို ဖြိုချင်သည့်အကြောင်း အကျဉ်းချုံး ပြောပြလိုက်လေရာ မြူနီစပယ်အရာရှိကြီးက...

''ခင်ဗျားက အဆောက်အဦပိုင်ရှင်လား ဒါမှမဟုတ် အင်ဂျင်နီယာလား''

မြွေသူတော်မောင်ခြိမ့်က စုံထောက်အရာရှိကဒ်ပြားကို ထုတ်ပြရင်း...

''ကျွန်တော်က အင်စပက်တာ တစ်ယောက်ပါ။ အမှုတစ်ခုနဲ့ ပတ်သက်ပြီး အဲဒီတိုင်လုံးကြီးကို ဖြိုချချင်တာပါ''

''အဲဒါဆိုရင်တော့ ခင်ဗျား တန်းစီတဲ့နေရာ မှားနေပြီ၊ ကျုပ်က အစိုးရဌာနတွေနဲ့ပတ်သက်ပြီး ဆုံးဖြတ်ချက်ချပေး ပိုင်ခွင့်



www.burmeseclassic

www.burmeseclassic.com



မရှိဘူး။ ဟော… ဟိုမှာ အစိုးရဌာနအကြီးပေးရုံးခန်းကို သွားပါ''

မြူနီစပယ်အရာရှိ၏ စကားကြောင့် မြွေသူတော်မောင်ခြိမ့်မှာ စိတ်ဓာတ် အကြီးအကျယ်ကျသွားရလေသည်။ သူ့ကိုယ်သူလည်း မှားယွင်းပြီး တန်းစီခဲ့မိသည့်အတွက် ဒေါသအလွန်ထွက်သွားရ၏။

ယခုလို သူ့ကိုဖမ်းဖို့အတွက် ချွေးသံတလုံးလုံးနှင့် ကြိုးစားနေရသော မြွေသူတော်မောင်ခြိမ့်ကိုမြင်လျှင် သာဒွန်းဦးတစ်ယောက် ဟားတိုက်ရယ်မောမည်မှာ မလွဲပေ။

မြွေသူတော်မောင်ခြိမ့်က ခံပြင်းဒေါသထွက်စွာဖြင့် ထိုနေရာမှ ထွက်လာပြီး အစိုးရဌာနအကြီးပေး ရုံးခန်းအတွင်းသို့ ဝင်လာခဲ့လိုက်၏။

ရုံးခန်းအတွင်းတွင်တော့ တန်းစီနေသည့် လူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရပေ။ ထို့အတွက်ကြောင့် မြွေသူတော်မောင်ခြိမ့်က ဝမ်းသာသွားပြီး စားပွဲတွင်ထိုင်နေသော အကြီးပေးအရာရှိ ဖြစ်ဟန်တူသည့် လူအနားသို့ အလောတကြီး သွားလိုက်သည်။

ပြီးနောက် စုံထောက်အရာရှိကတ်ပြားကို ထုတ်ပြကာ…

''ကျွန်တော် အင်စပက်တာ မောင်ခြိမ့်ပါ။ အင်္ဂတေတိုင်လုံးကြီးတစ်လုံးကို…''

အကြီးပေးအရာရှိ ဖြစ်ဟန်တူသည့်လူက မြွေသူတော်မောင်ခြိမ့်၏စကားကို ဆုံးအောင်ပင်စောင့်မနေဘဲ မျက်ထောင့်နီကြီးနှင့် ဆတ်ခနဲ မော့ကြည့်ကာ…

''ကိစ္စရှိရင် နောက်တစ်နာရီလောက်ကြာမှ ပြန်လာခဲ့။ အခု အချိန်က ထမင်းစားချိန်ဗျ''





''ခင်ဗျာ…''

မြွေသူတော်မောင်ခြိမ့်မှာ ထိုစကား တစ်လုံးတည်းကိုသာ ရေရွတ်နိုင်တော့ပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေချင်စိတ် ပေါက်သွားလေတော့သည်။

နောက်ဆုံးတော့ မြွေသူတော်မောင်ခြိမ့်မှာ မြူနီစပယ် အဆောက်အဦအတွင်းမှာပင် ဖွင့်လှစ်ထားသော ဘားနှဒ်ပိဋကတ်တိုက်သို့လာကာ စာအုပ်ဖတ်ပြီး အချိန်ဖြုန်းနေရလေ၏။

မွန်းလွဲ တစ်နာရီကျော်သွားပြီး နောက်ထပ်တစ်ခေါက် သွားလိုက်သည့်အခါကျမှ မြွေသူတော်မောင်ခြိမ့်မှာ မြူနီစပယ်မင်းကြီး မစ္စတာဂေဗင်စကော့အား ကိုယ်တိုင် လူချင်းတွေ့ဆုံပြီး တင်ပြနိုင်ရန်အတွက် စာရွက်စာတမ်းအချို့နှင့်အတူ ချလန်ဖြတ်ပိုင်းလေး တစ်ခုကို ရလေသည်။

မြူနီစပယ်မင်းကြီး မစ္စတာဂေဗင်စကော့၏ရုံးခန်းမှာ အပေါ်ဆုံးထပ်တွင်ရှိသဖြင့် မြွေသူတော်မောင်ခြိမ့်က မမောနိုင်၊ မပန်းနိုင်အားဘဲ စိတ်ကို ဖျစ်ညှစ်အားတင်းကာ တက်လာခဲ့ရသည်။

သို့သော် မြူနီစပယ်မင်းကြီး မစ္စတာဂေဗင်စကော့၏ရုံးခန်းရှေ့သို့ ရောက်သည့်အခါတွင်တော့ မြွေသူတော်မောင်ခြိမ့်မှာ ခေါင်းကိုသာ ငိုက်စိုက်ချလိုက်လေတော့သည်။

အဘယ်ကြောင့်ဆိုသော် သူ့လိုပင် လူချင်းတွေ့ဆုံရန် တန်းစီနေသူများမှာ မီးရထားတွဲကြီး ဘူတာတစ်ခုထဲတွင် ဆိုက်ကပ်ထားသည် ဟုပင် ထင်ရလောက်အောင် များပြားလွန်းလှသည်။



www.burmeseclassic

www.burmeseclassic.com



*(ထိုအချိန်ကာလက ကမ်းနားဈေးကြီး ယိုယွင်းပျက်စီးလာသည့်အပြင် သင်္ဘောဆိပ်ကမ်း ဆောက်လုပ်ရန်နေရာ ဖယ်ပေးရသဖြင့် အစားထိုးရန် ကော်မရှင်နာလမ်းပေါ်တွင် ဈေးသစ်ကြီးတစ်ခု ဆောက်လုပ်ပေးနေချိန်ဖြစ်သောကြောင့် မစ္စတာစကော့မှာ အလွန်အလုပ်များနေချိန်ဖြစ်၏။*

*သူ့အမည် ဂေဗင်စကော့ကို အစွဲပြုပြီး ဈေးသစ်ကြီးကို 'စကော့ဈေး' (နောင် – ဗိုလ်ချုပ်ဈေး)ဟု အမည်တွင်ခဲ့သည်)*

ခြေသလုံးကြွက်သားတွေ တင်းမာတောင့်ခဲလာသည်အထိ တန်းစီခဲ့ရပြီးမှ မြွေသူတော်မောင်ခြိမ့်မှာ သူလိုချင်သော 'အဆောက်အဦ ဖြိုဖျက်ခွင့်ပြုအမိန့်' ကို ရခဲ့လေ၏။

ထိုအချိန်မှာ ညနေလေးနာရီပင် ကျော်နေလေပြီ...။

×××





## အခန်း (၁၀)

ယနေ့တော့ ရွှေဖုံးဥယျာဉ်မြို့တော် ဆောက်လုပ်ရေးလုပ်ငန်းခွင်မှာ ခါတိုင်းကဲ့သို့ အလုပ်သမားများနှင့်သာ မဟုတ်တော့ဘဲ ပုလိပ်များ၊ အင်းစိန်စီအိုင်ဒီမှ စုံထောက်များ၊ သတင်းစာဆရာများဖြင့် ရှုပ်ယှက်ခတ်နေလေတော့သည်။

အင်္ဂတေတိုင်ကြီးကို ဖြိုဖျက်ပြီးသွားပြီဆိုသည်နှင့် အောက်ခံမြေကြီးများကို ထိုးကော်နေသော မြေတူးစက်ကြီး၏ တဝေါဝေါ၊ တဒုန်းဒုန်း မြည်သံမှာလည်း ကြားရသူအပေါင်းကို စိတ်ဒုက္ခပေးလျက်ရှိနေလေ၏။

ထို စက်ယန္တရားကြီးအား ချွေးသံတလုံးလုံးဖြင့် ပင်ပင်ပန်းပန်းမောင်းနှင်နေသည့်လူကို ကြည့်ရသည်မှာပင် ကိုယ်တိုင်ဝင်မောင်းနေရသကဲ့သို့ စိတ်ပင်ပန်းစရာ ကောင်းနေလေသည်။

www.burmeseclassic.com



မသိလျှင် သာဒွန်းဦးမှာ သံသယရှိခံထားရသည့် လူတစ်ယောက်နှင့်မတူဘဲ သတင်းစာဆရာများကိုဖိတ်ပြီး ညှော်ခံပွဲလုပ်နေသကဲ့သို့ ပြုံးပြုံးရွှင်ရွှင်နှင့် ဟိုလူနှင့် စကားပြောလိုက်၊ သည်လူနှင့် နှုတ်ဆက်လိုက် လုပ်နေလေ၏။

မပြုံးနိုင်၊ မပျော်နိုင်သူများမှာတော့ အင်းစိန်စီအိုင်ဒီမှ စုံထောက်များသာ ဖြစ်လေတော့သည်။

တာဝန်အရသာ လာရသော်လည်း အိုင်ပီဘဦးနှင့် အိုင်ပီထွန်းရွှေမှာ သူတို့နှင့် လားလားမျှ မသက်ဆိုင်သကဲ့သို့ ကားပေါ်တွင်သာထိုင်ရင်း ငိုက်မြည်းနေကြလေ၏။

တစ်မနက်လုံး သတင်းထောက်များရှေ့တွင် သူ့ဓာတ်ပုံများ သတင်းစာထဲ ပါလေမလားဆိုသည့်အတွေးဖြင့် လပ်လျားလပ်လျားလုပ်နေသော အိုင်ပီမောင်မောင်စိန်ပင် ယခုတော့ စိတ်ပျက်နေဟန်ဖြင့် မြေကြီးတူးနေသည့်နေရာနှင့် ခပ်ဝေးဝေးတွင် သွားထိုင်နေလေသည်။

မကြာခဏဆိုသလိုလည်း ကော့စမက်တစ်နှင့် ဖြီးလိမ်းထားသော သူ့ဆံပင်ပေါ်သို့ ဖုန်မှုန့်များလာကပ်နေသည်ကို စိတ်ရှုပ်နေဟန်ဖြင့် လက်နှင့် ခါခါချနေလေ၏။

အဓိကလက်သည်ဖြစ်သူ မြွေသူတော်မောင်ခြိမ့်ကတော့ ဆေးပြင်းလိပ်ကိုဖွာလျက် ကားပေါ်တွင်သာ အေးအေးလူလူ ထိုင်နေလေသည်။ မျက်နှာ အမူအရာမှာလည်း စိတ်ပျက်နေသည့်ပုံမျိုး အလျင်းမရှိ။

ထုံးစံအတိုင်း မျက်လုံးကို မှေးစင်းစင်းလုပ်ကာ တွေးတောနေသည်။





သူ့အားတွင်ထိုင်နေသာ ဒေါ်ဂရေစီပင် မြွေသူတော်မောင်ခြိမ့်၏ အေးတိအေးစက်ပုံကိုကြည့်ပြီး ခေါင်းတခါခါ ဖြစ်နေရလေသည်။

ထိုအချိန်မှာပင် မြွေသူတော်မောင်ခြိမ့် ရှိရာဆီသို့ သာဒွန်းဦး ရောက်ရှိလာပြီး ခနဲ့တဲ့တဲ့လေသံဖြင့် ပြောလေ့သည်။

''ဘယ်လိုလဲ အင်စပက်တာကြီးရဲ့ နောင်တရနေပြီလား''

''ဒါကိုလုပ်ဖို့အတွက် ခက်ခက်ခဲခဲနဲ့ မြူနီစပယ်မင်းကြီးရဲ့ ခွင့်ပြုချက်ကိုတောင် ယူထားရသေးတာပဲဗျာ။ ဘာလို့ နောင်တရရမှာလဲ''

မြွေသူတော်မောင်ခြိမ့်က မှေးစင်းရီဝေနေသော မျက်လုံးအစုံကို ဖြည်းညင်းစွာ ဖွင့်ကြည့်ပြီးနောက် ပြန်ပြောလိုက်သည်။

သာဒွန်းဦးက မြွေသူတော်မောင်ခြိမ့်ကိုကြည့်ကာ လှောင်ပြုံးပြုံးလိုက်ရင်း...

''ဘာပဲပြောပြော မနက်ဖြန်ကျရင်တော့ သတင်းစာထဲမှာ ခင်ဗျားပုံတွေချည်းပဲဖြစ်နေမှာ သေချာတယ်ဗျ။ အဲဒီအတွက် ခင်ဗျား ကျုပ်ကို ကျေးဇူးတင်သင့်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်မှာ ခင်ဗျားအဲဒီလို သတင်းစာထဲ ပါဖို့အတွက် သတင်းထောက်တွေကို ငွေကုန်ကြေးကျခံပြီး တကူးတက ဖိတ်ထားရတာဗျ... ဟဲ... ဟဲ''

ထိုစကားကို ကြားသောအခါ ဒေါ်ဂရေစီက စိတ်အချဉ်ပေါက်သွားသည့် အမူအရာဖြင့်...



www.burmeseclassic

www.burmeseclassic.com



''ရှင်လည်း သတိထားနေနော် ကိုသာဒွန်းဦး။ တော်ကြာ သတင်းစာထဲမှာ လူသတ်တရားခံ ဖမ်းမိပြီဆိုပြီး ရှင့်ဓာတ်ပုံကြီး ပါလာဦးမယ်''

''ကောင်းပါပြီ ဒေါ်ဂရေစီရာ၊ အခုလိုသတိပေးတာ ကျေးဇူးအထူးတင်ပါတယ်။ မကြာခင်ဆို အဖြေက သဲသဲကွဲကွဲ ထွက်လာတော့မှာပဲဗျာ''

မခန့်လေးစားအမူအရာဖြင့် ပြောဆိုနေသော သာဒွန်းဦးကို ဒေါ်ဂရေစီက မုန်းတီးစက်ဆုပ်နေသည့်ပုံဖြင့် နှုတ်ခမ်းကို တင်းတင်းစေ့ကာ ကြည့်လိုက်သည်။ သူမ၏ မျက်ဝန်းအစုံကလည်း ချက်ချင်းပင် မီးတောက်တွေ ဟုန်းခနဲ ထတောက်လာတော့မလိုမျိုး နီရဲစူးရှနေ၏။

မြေကော်စက်ကြီး၏ ဘေးနားတွင်ရပ်နေသော အလုပ်သမားကြီးကြပ်ရေးမှူး ညိုထွန်းက သာဒွန်းဦးအား လက်ခုပ်တီးကာ လှမ်းခေါ်လိုက်လေသည်။

သာဒွန်းဦးက ပိုလိုစီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာနေရာမှ တစ်ချက်လှမ်းကြည့်လိုက်ကာ လက်ထောင်ပြပြီးလျှင် ဒေါ်ဂရေစီဘက်သို့ လှည့်ပြီး…

''အောက်ဆုံးက ဖောင်ဒေးရှင်းကွန်ကရစ်ဘုံးကြီးကို ကရိန်းနဲ့ ဆွဲတင်တော့မယ် ထင်တယ်ဗျို့။ ကျုပ်ကတော့ သွားညွှန်ကြားလိုက်ဦးမယ်။ ခင်ဗျားတို့လည်း ဦးရွှေဖူးရဲ့အလောင်းကို တွေ့လို တွေ့ငြား လိုက်ကြည့်ကြဦးလေဗျာ… ဟဲ… ဟဲ''

ဟု ရီသွဲ့သွဲ့ပြောကာ အနားမှ ထွက်ခွာသွားလေသည်။

မြွေသူတော်မောင်ခြိမ့်နှင့် ဒေါ်ဂရေစီမှာလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပြီးလျှင် သာဒွန်းဦး၏နောက်သို့ လိုက်လာခဲ့ကြလေသည်။

မြေကျင်းကြီးထဲမှ သံချောင်းများ ထိုးထိုးထောင်ထောင် ထွက်ပေါ်နေသော ကျောက်ဖျာကြီးတစ်ချပ်နှင့် အလားသဏ္ဌာန်တူပြီး ထုထဲရှည်လျား ကျယ်ပြန့်လှသော အောက်ခံကွန်ကရစ်ပြားကြီးအား ဝန်ချီစက်ဖြင့် တူးဆွထိုးကော်နေကြသည်။

ကျင်းနှုတ်ခမ်းပေါ်သို့ ရောက်သွားပြီဖြစ်သော အောက်ခံကွန်ကရစ်ပြားကြီးကိုလည်း ကျောက်ခွဲစက်များဖြင့် တခြားအလုပ်သမားများမှာ ထိုးခွဲခြေမွနေကြ၏။

'တကယ်လို့များ ဦးရွှေဖူးရဲ့အလောင်း ပေါ်လာခဲ့ရင်… '

ဆိုသည့်အတွေးကို ကြည့်ရှုနေသူအားလုံး တွေးတောနေမိကြမှာ မလွဲပေ။

သတင်းထောက်များကလည်း ဓာတ်ပုံကင်မရာ တဖျပ်ဖျပ်ရိုက်ကာ မှတ်တမ်းတင်နေကြသလို ပုလိပ်များမှာလည်း နေရာတိုင်းကို စေ့စေ့စပ်စပ်နှင့် ကျီးကန်းတောင်းမှောက် ကြည့်နေကြ၏။

ဒေါ်ဂရေစီမှာလည်း စိတ်လှုပ်ရှားလွန်းအားကြီးနေ၍ မကြာခဏဆိုသလို မြွေသူတော်မောင်ခြိမ့်၏ လက်မောင်းကို လှမ်းလှမ်းကိုင်မိနေလေသည်။

ညနေ နေစောင်းသွားသည့်အခါမှာတော့ ရှာဖွေခြင်းကိစ္စအားလုံး ပြီးဆုံးသွားခဲ့လေပြီ… ။

သူဌေးကြီးဦးရွှေဖူး၏ အလောင်းမဆိုထားနှင့် သံသယဖြစ်စရာ ဆံချည်မျှင်တစ်မျှင်ကိုပင် မတွေ့ရပေ။





www.burmeseclassic

www.burmeseclassic.com



မှုစာကျဲနေသော မြေကြီးများ၊ ပုံရွဲ့ကြေမွနေသော အင်္ဂတေ စများမှာ မြွေသူတော်မောင်ခြိမ့်အတွက် သောကအမှိုက်ပုံကြီးလို ဖြစ်နေ လေသည်။

အိုင်ပီဘဦးတို့အဖွဲ့မှာ မြွေသူတော်မောင်ခြိမ့်အား စိတ်အပျက် ကြီးပျက်သည့်ပုံဖြင့် ကြည့်နေကြလျက်။ သတင်းထောက်များမှာလည်း သရော်ပြုံး၊ လှောင်ပြုံးများနှင့် မြွေသူတော်မောင်ခြိမ့်ကိုကြည့်ကာ ထွက် ခွာသွားကြလေပြီ။

မြွေသူတော်မောင်ခြိမ့်အတွက်တော့ လူပေါင်းများစွာ၏ အထင် သေး၊ အမြင်သေးဟန်ဖြင့် ကြည့်နေကြသော မျက်လုံးများအား ရှောင် လွှဲရန်မှာ ခေါင်းငုံ့နေရုံမှလွဲ၍ တခြားနည်းလမ်း မရှိတော့ပေ။

အမြဲတမ်း တော်ခဲ့၊ ကောင်းခဲ့သော သူ့ စိတ်ကူးစိတ်သန်းများ မှာလည်း အခုတော့ တခြား လုပ်ဖော်ကိုင်ဖက်များ၏အမြင်တွင် သူ့ လက်ကြားထဲမှ မီးသေနေသော ဆေးပြင်းလိပ်အတိုကဲ့သို့ ဘာမှ မသုံး မဝင်တော့ပေ။

ထိုစဉ်မှာပင် ခေါင်းငိုက်စိုက်ချကာ စိတ်ဓာတ်အကြီးအကျယ် ကျနေပုံဖြင့် ငူငူငိုင်ငိုင်ကြီးထိုင်နေသော မြွေသူတော်မောင်ခြိမ့်၏အနားသို့ သာဒွန်းဦး ရောက်လာလေသည်။

သာဒွန်းဦးက အောင်နိုင်သူတစ်ယောက်လို တစ်ချက်ပြုံးကြည့် ပြီးမှ မျက်နှာကိုတင်းကာ...





"ကဲ... ကိုမောင်ခြိမ့်... ခင်ဗျား ဘာပြောချင်သေးလဲ၊ ခင်ဗျားရဲ့ ရှုနှမ်းနှမ်း သံသယတွေအတွက် ကျုပ်မှာ စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရရုံတင်မကဘူး အလုပ်လည်း နှောင့်နှေး ကြန့်ကြာခဲ့ ရတယ် ဗျ"

ဟု ဒေါသသံဖြင့် ပြောလိုက်လေရာ မြွေသူတော်မောင်ခြိမ့်က အပြစ်လုပ်မိသူတစ်ယောက်၏ အမူအရာဖြင့် မျက်နှာငယ်လေးနှင့် မော့ကြည့်ကာ တောင်းပန်စကားဆိုလိုက်သည်။

"ကျုပ်ကြောင့် ခင်ဗျားအတွက် အနှောင့်အယှက်ဖြစ်ခဲ့ရတယ် ဆိုရင် တောင်းပန်ပါတယ် ဗျာ။ ပြီးတော့ ခင်ဗျားအပေါ်မှာ ကျုပ်ရှိခဲ့တဲ့ သံသယတွေဟာ အမှားတွေချည်းပဲဆိုတာ ကျုပ် ဝန်ခံပါတယ်"

"ဒီမှာကိုမောင်ခြိမ့် ခင်ဗျား တောင်းပန်နေရုံနဲ့တော့ ကျုပ် မကျေအေးနိုင်ဘူး။ ခင်ဗျားကို ကျုပ် ခပ်ရှင်းရှင်းပဲ ပြောမယ်။ အခုအတွက် ကုန်ကျတဲ့စရိတ်တွေအားလုံးကို ခင်ဗျား လျော် ပေးရမယ်။ ပြီးတော့ နောက်တစ်ခါ ကျုပ်ရုံးခန်း၊ ကျုပ် စာ သင်တဲ့နေရာ၊ ကျုပ်ရဲ့လုပ်ငန်းခွင် အဲဒီနေရာတွေ အားလုံး ကို ခင်ဗျားမလာနဲ့တော့။ တကယ်လို့ လာခဲ့ရင်လည်း အသရေ ဖျက်မှု၊ ပုဂ္ဂိုလ်ရေးနှောင့်ယှက်မှုတို့နဲ့ ခင်ဗျားကို ကျုပ် တရားစွဲ မယ်။ နားလည်လား ကိုမောင်ခြိမ့်"

လက်ညှိုးငေါက်ငေါက်ထိုးကာ ပြောဆိုနေသော သာဒွန်းဦး ကို မြွေသူတော်မောင်ခြိမ့်က ရှုံးနိမ့်သူတစ်ယောက်၏ အသွင်ဖြင့် ခေါင်းညိတ်ပြလိုက်ရလေတော့သည်။



www.burmeseclassic

www.burmeseclassic.com



သာဒွန်းဦးက မြွေဟောက်တစ်ကောင်လို ပါးပြင်းတရှုယ်ရှုယ်၊ အစွယ်တပြပြနှင့် မာန်တွေထနေ၏။

အင်စပက်တာမောင်ငြိမ့်ကတော့ အသွင်သဏ္ဍာန်မွဲတေသည့် မြွေသူတော်ပမာ နှံချာအထင်သေးခြင်း ခံနေရလေပြီ။

မြွေသူတော်မောင်ငြိမ့်ကိုကြည့်ပြီး ဒေါ်ဂရေစီပင် သနားကရုဏာသက်သွားကာ လက်မောင်းကို လာရောက်ဆုပ်နယ်ပြီး...

"ရှင် အခုလိုဖြစ်ရတာ ကျွန်မရဲ့ပယောဂလည်း မကင်းပါဘူး ရှင်။ ကျွန်မရဲ့ အစိုးရိမ်လွန်ပြီး ပြောတဲ့စကားတွေကို ရှင် နားယောင်သွားလို့ ဖြစ်တာထင်ပါရဲ့"

"ရပါတယ်ဗျာ။ အားလုံး ကျွန်တော့်အမှားတွေပါ"

မြွေသူတော်မောင်ငြိမ့်က အားအင်မဲ့စွာပြုံးပြရင်း လေသံခပ်တိုးတိုးဖြင့် ပြန်ပြောလိုက်လေသည်။

သာဒွန်းဦးက အောင်နိုင်သူတစ်ယောက်လို ဒေါ်ဂရေစီအား ကြည့်လိုက်ပြီး...

"ခင်ဗျားလည်း နောက်တစ်ခါကျရင် ဦးထုပ်ကို သွေးတွေဘာတွေသုတ်ပြီး ကျုပ်ပဲ လူသတ်တရားခံလိုလို ဘာလိုလိုနဲ့ ဟိုနားလျှောက်ပစ်ထား၊ ဒီနားလျှောက်ပစ်ထား မလုပ်နဲ့တော့ ဒေါ်ဂရေစီ"

ဟု မခံချင်စရာကောင်းသည့် လေသံဖြင့် ပြောလိုက်သည်။ ထို့နောက် မြွေသူတော်မောင်ငြိမ့်နှင့် ဒေါ်ဂရေစီတို့၏ မျက်နှာများကို မျက်နှာထားတင်းတင်းနှင့် ကြည့်လိုက်ပြီးမှ သာဒွန်းဦးမှာ သူ့ကားဆီသို့ လျှောက်သွားလေတော့သည်။





ဒေါ်ဂရေစီက ခံပြင်းဒေါသထွက်သွားပြီး တောက်တစ်ချက်ကို ကျယ်လောင်စွာ ခေါက်လိုက်လေ၏။

မြွေသူတော်မောင်ငြိမ့်ကတော့ မှေးစင်းရီဝေနေသော မျက်လုံးအစုံဖြင့် ကားမောင်းထွက်သွားသူ သာဒွန်းဦးအား မျက်စိတစ်ဆုံး လိုက်ကြည့်နေလျက်...။

ထိုအကြည့်ထဲတွင် မည်သည့်အဓိပ္ပာယ်ပါသည်ကိုတော့ မြွေသူတော်မောင်ငြိမ့် တစ်ယောက်သာလျှင် သိပေလိမ့်မည်။

xxx



www.burmeseclassic

www.burmeseclassic.com



ည ဆယ်နာရီကျော်သည့်အချိန်တွင် သာဒွန်းဦး၏ အစိမ်းရောင် မောရစ်ကားလေးမှာ ရှေ့မီးများကိုပိတ်လျက် တိတ်ဆိတ်ညင်သာစွာဖြင့် သူဌေးကြီးဦးရွှေဖူးပိုင်သော တာမွေရှိ မြင်းဇောင်းထားရှိရာ ခြံကျယ်ကြီးထဲသို့ မောင်းဝင်လာလေသည်။

နောက်... သူဌေးကြီးဦးရွှေဖူး သည်ခြံထဲသို့လာလျှင် ခေတ္တအနားယူလေ့ရှိရာ ဘန်ဂလိုရှေ့တွင် သာဒွန်းဦးက ကားကိုရပ်လိုက်လေ၏။

ခြံစောင့်အလုပ်သမားများနှင့် မြင်းထရိန်နာများနေထိုင်ရာ တန်းလျားများမှာ ခြံ၏တစ်ဖက်စွန်းတွင်ရှိပြီး ဘန်ဂလိုနှင့် အတော်လေးဝေးကွာလှသဖြင့် သာဒွန်းဦး၏ကား ဝင်လာသည်ကို မည်သူမှ မသိလိုက်ကြခြင်းဖြစ်သည်။





သာဒွန်းဦးက စိုးရိမ်စိတ်တစ်စုံတစ်ရာ မရှိသည့်ပုံဖြင့် ပါလာသည့် သော့တုကိုထုတ်ကာ ဘန်ဂလိုတံခါးအား ဖွင့်လိုက်သည်။

ပြီးနောက် အတွင်းသို့ လျှောက်ဝင်သွားကာ သူ လုံခြုံပိရိစွာ ဖွက်ထားခဲ့သော သူဌေးကြီးဦးရွှေဖူး၏အလောင်းကို ဓာတ်မီးဖြင့်ထိုးကာ ရှာလိုက်လေ၏။

တွေ့ပြီ။

သူဌေးကြီးဦးရွှေဖူး၏အလောင်းမှာ သူထားခဲ့စဉ်ကအတိုင်း မိုးကာစဖြင့် လေလုံအောင် အထပ်ထပ်ပတ်ကာ အပေါ်မှကြိုးများဖြင့် ချည်ထားလျက်ပင်။

သာဒွန်းဦးက ကျေနပ်သွားဟန်ဖြင့် တစ်ချက်ပြုံးလိုက်သည်။ ပြီးတော့မှ သူဌေးကြီးဦးရွှေဖူး၏အလောင်းကို ဘန်ဂလိုထဲမှ ထမ်းထုတ်ကာ သူ့ကားနောက်ဖုံးထဲသို့ ထိုးသိပ်ထည့်လိုက်လေသည်။

သွေးအေးအေးဖြင့်စဉ်းစားကာ အားလုံး ခြေရာလက်ရာမပျက် လုပ်ပြီးသွားတော့မှ သာဒွန်းဦးက ကားကို ညင်ညင်သာသာမောင်းကာ ခြံထဲမှ ထွက်လာခဲ့လေသည်။ ခြံအပြင်ဘက်သို့ ရောက်သောအခါ သာဒွန်းဦးက တာမွေရှိ မြင်းဇောင်းများကိုပတ်ကာ ရွှေပူဇော်ယျာဉ်မြို့တော် အိမ်ရာစီမံကိန်းရှိရာဆီသို့ ကားကို ဦးတည်မောင်းနှင်လိုက်လေ၏။

ကားမောင်းလာရင်းနှင့် သာဒွန်းဦးမှာ စိတ်လှုပ်ရှားနေမည့်အစား ပျော်ရွှင်သလိုလိုပင် ခံစားလာရလေသည်။

အဘယ်ကြောင့်ဆိုသော် ဦးရွှေဖူး၏အလောင်းကို မည်သူမှ မရှာဖွေနိုင်တော့သော နေရာတွင် ဖျောက်ဖျက်နိုင်တော့မည် ဖြစ်သော



www.burmeseclassic

www.burmeseclassic.com



ကြောင့်ပင်။ သူ ကွယ်လွန်သွားချိန်ထိ ဦးရွှေဖုး၏အလောင်းအား တစ်စုံတစ်ယောက် တွေ့ရှိသွားမည်ကိုလည်း ပူပန်စရာမလိုပေ။

သာဒွန်းဦးမှာ သူဆင်သည့်အကွက်ထဲသို့ ရှောရှောရှူရှူ ဝင်လာသော မြွေသူတော်မောင်ခြိမ့်ကိုပင် ကျေးဇူးတင်နေမိသည်။

ညဘက်တွင်မြင်ရသော ရွှေဖူးဉယျာဉ်မြို့တော် အိမ်ရာစီမံကိန်းလုပ်ငန်းခွင်မှာ နေ့ဘက်တွင်မြင်ရသကဲ့သို့ လူသံ၊ စက်သံများဖြင့် ဆူညံမနေဘဲ သုသာန်တစပြင်ကဲ့သို့ မှောင်မိုက်တိတ်ဆိတ်လျက် ရှိနေလေသည်။

သာဒွန်းဦးက ကားကို ရှေ့မီးနှစ်လုံးဖွင့်လျက် ဆောက်လုပ်ရေးလုပ်ငန်းခွင်ထဲသို့ မောင်းလာခဲ့ပြီး မနက်ဖြန်မနက်တွင် ကွန်ကရစ်ပြန်လောင်းမည့် မြေကျင်းကြီး၏အနားတွင် ရပ်လိုက်၏။

သူလုပ်ရမည်မှာ သူ့ဌေးကြီးဦးရွှေဖုး၏ အလောင်းအား မြေကျင်းထဲသို့ပစ်ချကာ မြေကြီးများပြန်ဖုံးလိုက်ရန်ပင် ဖြစ်သည်။ မနက်ကျလျှင်တော့ အလုပ်သမားများက မြွေသူတော်မောင်ခြိမ့် မြှုပ်ပစ်ခဲ့သော ဒီနေရာတွင် တိုင်အသစ်စိုက်ထူရန် ဦးရွှေဖုး၏အလောင်းပေါ်သို့ ကွန်ကရစ်များ သွန်းလောင်းစိုက်ထူကြပေလိမ့်မည်။

သူ့ဌေးကြီးဦးရွှေဖုး၏ အလောင်းပေါ်တွင် နောက်ထပ် တိုင်အသစ်စိုက်ပြီးသည်နှင့် တစ်ပြိုင်နက် သူကျူးလွန်ခဲ့သော ရာဇဝတ်မှုအတွက် အပြည့်အဝ လုံခြုံစိတ်ချသွားရပြီ ဖြစ်သည်။

အကြောင်းက ရိုးရိုးလေးပင်။ မြွေသူတော်မောင်ခြိမ့်က ဒီနေရာကို တစ်ကြိမ်ရှာသွားခဲ့ပြီးပြီ။ ဘာမှမတွေ့. . . ။ အဲဒီအတွက် မြွေသူတော်မောင်ခြိမ့်တစ်ယောက် အလုပ်ပင် ပြုတ်သွားပေလိမ့်မည်။





သို့ဖြစ်ရာ အခြားစုံထောက်များက သူ့အပေါ်တွင် သံသယဖြစ်စေဦးတော့ ဒီနေရာကိုပင် နောက်ထပ်တစ်ကြိမ် တိုင်ကိုဖြိုပြီး ရှာဖွေစစ်ဆေးဖို့ မည်သူမှ စိတ်ကူးရကြတော့မည် မဟုတ်ပေ။

သာဒွန်းဦး၏အကြံက ပိရိသေချာလွန်းသည်။ မြွေသူတော်မောင်ခြိမ့်လို နာမည်ကျော်စုံထောက် တစ်ယောက်ကိုပင် ဓားစာခံလုပ်ပြီး ကွက်ကျော်ရိုက်လိုက်နိုင်သည် မဟုတ်လား။

သာဒွန်းဦးက သူကြံစည်ထားသည့်အတိုင်း ကားပေါ်မှ ဆင်းကာ ကားနောက်ဖုံးကို ဖွင့်လိုက်သည်။ ပြီးနောက် မြေကျင်းထဲသို့ ပစ်ချရန်အတွက် သူ့ဌေးကြီး ဦးရွှေဖုး၏အလောင်းကို မယူလိုက်လေသည်။

ထိုအချိန်မှာပင် . . .

''ဖျောက်!''

တစ်စုံတစ်ရာကို ခလုတ်နှိပ်ဖွင့်လိုက်သော အသံနှင့်အတူ စူးရှလင်းထိန်သော အလင်းရောင်တန်းကြီးတစ်ခုမှာ ရုတ်တရက် ပေါ်ထွက်လာလေသည်။ ဆက်တိုက်ဆက်တိုက်ဆိုသလိုလည်း ဆောက်လုပ်ရေးလုပ်ငန်းခွင် ပတ်ပတ်လည်ရှိ မီးမောင်းကြီးများမှာ လင်းထိန်လာလေတော့သည်။

သူ့ဌေးကြီးဦးရွှေဖုး၏အလောင်းကို ထမ်းသယ်နေသော သာဒွန်းဦးမှာ ဇာတ်စင်ပေါ်တွင် မီးဆလိုက်များ စုပြုံအထိုးခံထားရသော ပြဇာတ်မင်းသားတစ်ယောက်လို ဖြစ်သွားရလေတော့သည်။

''ဟင်!''



www.burmeseclassic

www.burmeseclassic.com



ထိုအဖြစ်အပျက်ကြောင့် သာဒွန်းဦးမှာ ချက်ချင်းပင် တုန်လှုပ်ချောက်ချားသွားပြီး ဘေးဘီဝဲယာ အလန့်တကြား လှည့်လည်ကြည့်ရှုလိုက်လေရာ အမှောင်ထဲတွင် စောင့်ဆိုင်းနေကြသော မြွေသူတော်မောင်ခြိမ့်နှင့် ပုလိပ်သားအချို့ကို တွေ့လိုက်ရလေတော့သည်။

မြွေသူတော်မောင်ခြိမ့်က အေးဆေးတည်ငြိမ်စွာနှင့်ပင် သာဒွန်းဦးထံသို့ တစ်လှမ်းချင်းလျှောက်လာရင်း...

''ကျုပ်ထင်တာ မလွဲဘူးဆိုရင် ကားနောက်ဖုံးထဲက သူဌေးကြီး ဦးရွှေဖူးရဲ့အလောင်းမှ ဟုတ်ပါလေစ''

ဟု မေးလိုက်လေသည်။

သာဒွန်းဦးက မည်သို့မှ မငြင်းသာတော့သည့် အခြေအနေတွင်ရှိသောကြောင့် သူ့ဘဝ၏ အလေးလံဆုံးသော သက်ပြင်းကို ချလိုက်ပြီး...

''ကျုပ် ဒီကိုရောက်လာပြီး အလောင်းဝှက်မယ်မှန်း ခင်ဗျား ဘယ်လိုလုပ်သိသလဲ''

မြွေသူတော်မောင်ခြိမ့်က နှုတ်ခမ်းကို တွန့်သည်ဆိုရုံ ပြုံးလိုက်၏။

''ခင်ဗျား ကျုပ်ကို ဒီအင်္ဂတေတိုင်ကြီး မဖြို၊ ဖြိုအောင် လှည့်ပတ်ပြောနေကတည်းက ကျုပ် ရိပ်မိပါတယ်ဗျာ။ ခင်ဗျားဟာ ခေတ်ပညာတတ်တဲ့ လူတစ်ယောက်ပဲ။ ဒီလောက်တော့ ဘယ်တုံးလိမ့်မလဲ။ ဘယ်လောက်ပဲ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတဲ့ လူသတ်သမားဖြစ်စေ အလောင်းဖွက်ထားတဲ့ နေရာကိုတော့ ပုလိပ်ကို မပြောရဲပါဘူးဗျာ။ ခင်ဗျားက ဒီ





အောက်မှာ ဘာအလောင်းမှမဖွက်ထားလို့ ကျုပ်ကို ပြောရဲတာပေါ့''

''ဒါဆို ခင်ဗျားက ဘာဖြစ်လို့ အင်္ဂတေတိုင်ကြီးကို တူးရတာလဲ''

''ဒါကတော့ ရှင်းပါတယ်ဗျာ။ ဦးရွှေဖူးရဲ့အလောင်းကို ခင်ဗျား တစ်နေရာရာမှာ ဝှက်ထားတယ်ဆိုတာ ကျုပ် အစောကြီးကတည်းက ရိပ်မိပါတယ်။ ဒါပေမဲ့ ဘယ်နေရာမှာ ဝှက်ထားတယ်ဆိုတာတော့ မသိဘူးလေ။ အဲဒီတော့ ခင်ဗျားအတွက် အလောင်းဝှက်ဖို့ အကောင်းဆုံးနေရာတစ်ခုကို ကျုပ်က ဖန်တီးပေးရတာပေါ့။ ဒါမှ အလောင်းကို ခင်ဗျား သယ်ထုတ်လာမှာလေ ဗျာ။ အလောင်းဖွက်ဖို့ အကောင်းဆုံးနေရာကလည်း ပုလိပ်က သံသယရှိလို့ ရှာဖွေထားပြီး၊ နောက်တစ်ကြိမ် ဘယ်လိုမှ ပြန်ရှာလို့မဖြစ်နိုင်တဲ့နေရာ ဖြစ်မှရမှာပေါ့။ အဲဒါကြောင့် ကျုပ်က ဒီအင်္ဂတေတိုင်ကြီးကို ဖြိုလှဲရှာဖွေပြလိုက်ရတာပေါ့''

သာဒွန်းဦးက အစွယ်ကျိုးသွားသော မြွေဆိုးတစ်ကောင်ပမာ မြွေသူတော်မောင်ခြိမ့်အား အင်အားမဲ့စွာ ကြည့်လိုက်ပြီးနောက်...

''ကျုပ် အရှုံးပေးပါပြီ ကိုမောင်ခြိမ့်။ ခင်ဗျားဟာ တကယ့်ကို ကွက်ကြိုမြင်နိုင်တဲ့ လူတော်စုံထောက်တစ်ယောက်ဆိုတာ ကျုပ် ယုံပါပြီ''



www.burmeseclassic

www.burmeseclassic.com



မြွေသူတော်မောင်ခြိမ့်က စိတ်ကို ဒုန်းဒုန်းလျှော့ချလိုက်ဟန်ဖြင့် ပြောနေသော သာဒွန်းဦးအား နှစ်သိမ့်သည့်အနေဖြင့် ပခုံးစွန်းတစ်ဖက်ကို ခပ်ဖွဖွ ဆုပ်ကိုင်လိုက်လေသည်။

တကယ်တော့... သူ့အတွက် ဒါက မဆန်းပါ။ သာဒွန်းဦးလို လူသတ်သမား မြွေဆိုး၊ မြွေဟောက်တွေ ဘယ်လောက်ပဲ အဆိပ်ပြင်းပြင်း နောက်ဆုံးမှာတော့ မြွေသူတော်ရဲ့ရှေ့မှောက်မှာ ဦးခေါင်းဝပ်လျှိုးပေးရစမြဲပင် မဟုတ်လား။

×××



BURMESE CLASSIC .com



(နိဂုံး)

ထိုသို့ဖြစ်ပွားပြီး နောက်တစ်ပတ်ကြာသည့် အခါတွင်တော့ အင်းစိန် စီအိုင်ဒီရုံးရှေ့ရှိ ကာကာဆိုင်တွင် မြွေသူတော်မောင်ခြိမ့်မှာ တစ်ယောက်တည်း ထိုင်လျက် လက်ဖက်ရည်သောက်ရင်း သတင်းစာကို အေးအေးလူလူ ဖတ်နေလေသည်။

ထိုအချိန်မှာပင် မင်းကြီး၏ အလစ်ကိုချောင်းကာ လက်ဖက်ရည်သောက် ထွက်လာကြသော အိုင်ပီဘဦးတို့အဖွဲ့မှာ မြွေသူတော်မောင်ခြိမ့်အား မြင်တွေ့သွားပြီး ထိုင်နေသည့်စားပွဲဝိုင်းဆီသို့ ရောက်လာကြလေသည်။

အိုင်ပီဘဦးက စတင်ပြီး...

''ကိုယ့်လူကြီးကတော့ တယ်အေးချမ်းပါလားနော်။ ကျုပ်တို့မှာတော့ တစ်မနက်လုံး မင်းကြီးဆူတာငေါက်တာကို ခံနေရတာဗျ''

အိုင်ပီထွန်းရွှေကလည်း...



www.burmeseclassic

www.burmeseclassic.com



''ဟုတ်ပါ့ဗျာ။ မင်းကြီးက ကျုပ်တို့ကို ဆူဖို့၊ ငေါက်ဖို့ သက်သက်များ သူ့လက်အောက်မှာ ထားထားတာလားမသိဘူး။ ကိုမောင်ခြိမ့်တို့ကျတော့ဗျာ ချီးမွမ်းခံရရင် ထိပ်ဆုံးက အဆူခံရရင် ဘယ်တော့မှ မပါ။ ကောင်းရောကွာ''

မြွေသူတော်မောင်ခြိမ့်၏ အေးချမ်းနေသော အာရုံလေးမှာ အခုတော့ တစ်ယောက်တစ်ပေါက် ပြောဆိုသံများ၊ စားပွဲထိုးကို လှမ်းခေါ်လိုက်သံများဖြင့် ရှုပ်ထွေးသွားလေသည်။

မြွေသူတော်မောင်ခြိမ့်က ဆက်ဖတ်၍လည်း မရနိုင်တော့မှန်း သိသဖြင့် သတင်းစာကို ပိတ်လိုက်ပြီး...

''မင်းကြီးက ဘာတွေများ ကြိမ်းမောင်းလိုက်လို့ အခုလို မကျေမနပ်ဖြစ်နေကြတာလဲ ဗျာ''

''ဘာဖြစ်ရမှာလဲ ဆရာခြိမ့်ရာ၊ မင်းကြီးက ဆရာခြိမ့်ဖော်လိုက်တဲ့ သူဌေးကြီး ဦးရွှေဖုူးရဲ့အမှုကို ပြန်စားမြုံ့ပြန်ပြီး ကျွန်တော်တို့ကို ဆရာခြိမ့်လို မစွန့်စားရဲတဲ့လူတွေ၊ လူဖျင်း၊ လူညံ့တွေ၊ သူရဲဘောကြောင်တဲ့ လူတွေဆိုပြီး ပက်ပက်စက်စက် ပြောလွှတ်လိုက်တယ်လေ ဗျာ။ ဆရာမောင်မောင်စိန်ကိုတောင် မင်းကြီးက စုံထောက်မလုပ်ဘဲ ပြဇာတ်မင်းသား လုပ်နိုင်းနေသေးတယ်ဗျ''

SIP ကျော်ဒွန်း၏စကားကြောင့် မြွေသူတော်မောင်ခြိမ့်မှာ နားမလည်သည့်ပုံဖြင့်...

''ဘာကြောင့် မင်းကြီးက ကိုမောင်မောင်စိန်ကို စုံထောက် မလုပ်နိုင်းဘဲ ပြဇာတ်မင်းသား လုပ်နိုင်းရတာလဲ ကျော်ဒွန်းရ။



BURMESE CLASSIC .com



ရှင်းစမ်းပါဦး''

SIP ကျော်ဒွန်းမှာ ဘယ်အချိန်ကတည်းက ပြောချင်နေသည် မသိ။ မြွေသူတော်မောင်ခြိမ့်၏ အမေးစကားကို ကြားသည်နှင့်

''ဦးရွှေဖုူးရဲ့ အိမ်ရာစီမံကိန်း လုပ်ငန်းခွင်ထဲက အင်္ဂတေတိုင်ကြီးကို တူးတုန်းကလေ နောက်တစ်နေ့မနက် သတင်းစာထဲမှာ သူ့ပုံတွေချည်းပဲ ပါလာလို့''

မြွေသူတော်မောင်ခြိမ့်က ပြုံးရုံသာပြုံးလိုက်သော်လည်း အိုင်ပီဘဦးနှင့် အိုင်ပီထွန်းရွှေတို့မှာတော့ ခွက်ထိုးခွက်လန် ရယ်မောလိုက်ကြလေသည်။

အိုင်ပီမောင်မောင်စိန်မှာတော့ သူ့အပြစ်နှင့်သူ ခေါင်းပင် မဖော်နိုင်တော့ဘဲ လက်ဖက်ရည်အပူကြီးကိုသာ ရှက်ရှက်နှင့် ဖွတ်အတင်းသောက်နေလေ၏။

အတန်ကြာတော့မှ အိုင်ပီဘဦးက...

''နို့.... နေစမ်းပါဦး ကိုမောင်ခြိမ့်ရ၊ ခင်ဗျားက ဦးရွှေဖုူးရဲ့အမှုမှာ ဘယ်ကဘယ်လိုလုပ်ပြီး အင်ဂျင်နီယာ သာဒွန်းဦးကို သံသယရှိသွားရတာလဲဗျ။ ကျုပ်တို့သိရအောင် ပြောပြပါဦး ဗျာ''

မြွေသူတော်မောင်ခြိမ့်က လက်ဖက်ရည်တစ်ငုံ မော့သောက်နေရာမှ အိုင်ပီဘဦး၏ အမေးစကားကို ကြားသောအခါ လက်ဖက်ရည်ပန်းကန်အား ပြန်ချလိုက်သည်။ ပြီးမှ...

''ရာပန်းဆီအနံ့ကြောင့်ပေါ့ဗျာ။ ပန်းဆိုးတန်း ဆိပ်ကမ်းနားမှာ ဦးရွှေဖုူးရဲ့ကားကို သွားစစ်ဆေးတုန်းက ရာပန်းဆီ အနံ့ကို



www.burmeseclassic

www.burmeseclassic.com



ရတယ်လေ။ ဦးရွှေဖူးရဲ့ ဇနီးနှစ်ယောက်စလုံးကို မေးကြည့်လိုက်တော့ ဦးရွှေဖူးက ရာပန်းဆီ ရှူလေ့ရှူထ မရှိဘူးဗျ။ ဒါပေမဲ့ သာဒွန်းဦးရဲ့ ရုံးခန်းကိုရောက်တော့ ရာပန်းဆီ ပုလင်း တွေ့ရတယ်။ သူ့ရဲ့ အတွင်းရေးမှူးမလေးကို မေးကြည့်လိုက်တော့ သာဒွန်းဦးက ရာပန်းဆီရှူလေ့ရှူထရှိတယ်လို့ ပြောတယ်။ အဲဒီမှာပဲ ကျုပ် သာဒွန်းဦးကို သံသယ ရှိသွားမိတာလေ။ ပြီးတော့ ဦးရွှေဖူးက သာဒွန်းဦးနဲ့ တွေ့ပြီး နောက်ပိုင်း ကျမှ အဆက်အသွယ်မရတော့တာ မဟုတ်လား...''

''ကဲ... အဲဒါတော့ ရှင်းသွားပြီ။ အင်္ဂတေတိုင်လုံးကြီးကို တူးတဲ့ ကိစ္စကျတော့ရော...''

အိုင်ပီထွန်းရွှေက ဝင်မေးလိုက်သည်။

မြွေသူတော်မောင်ခြိမ့်က ဆေးပြင်းလိပ်အခိုးအငွေ့များကို မှုတ်ထုတ်နေရာမှ ပြန်ဖြေလေသည်။

''အဲဒီတိုင်ကြီးကို ဖြိုဖို့ကိစ္စကတော့ သာဒွန်းဦးက ကျုပ်ကို အရင် ချောက်တွန်းတာဗျို့။ ကျုပ်လည်း ပထမတော့ အဲဒီတိုင်ကြီးကို သံသယရှိနေတာဗျ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီတိုင်ကြီးကို အင်္ဂတေလောင်းတာက ဦးရွှေဖူးပျောက်သွားတဲ့ ရက်ပိုင်းအတွင်းမှာပဲလေ။ သာဒွန်းဦးကလည်း ကျုပ် ဘာကို သံသယရှိနေလဲဆိုတာကို ရိပ်မိသွားတယ်ဗျ။ အဲဒီမှာပဲ သူ့ဘက်ကစပြီး ကျုပ်ကို အဲဒီအင်္ဂတေတိုင်ကြီး မဖြို၊ ဖြိုအောင် ဖြားယောင်းလာတော့တာပဲ။ ကျုပ်လည်း အဲဒီမှာတင် ဒီအမှုကိုဖော်ဖို့ နည်းလမ်းရသွားတယ်။ အင်္ဂတေတိုင်ကြီးကို



BURMESE CLASSIC .com



ဖြိုလိုက်ရင် ဘာမှတွေ့မှာ မဟုတ်ဘူးဆိုတာ ကျုပ်သိပါတယ်။ ဒါပေမဲ့ ကျုပ်က အဲဒါကြီး ဖြိုပြီးသွားလို့ ဘာမှမတွေ့ရင် သာဒွန်းဦးက သူ့ကိုယ်သူ အပိုင်ရိုဆုံးလုပ်နိုင်ပြီထင်ပြီး ဦးရွှေဖူးရဲ့ အလောင်းကို ထုတ်လာမယ်ဆိုတာ ကြိုပြီး သဘောပေါက်လိုက်မိတယ်လေဗျာ။ ဒါကြောင့် မြူနီစပယ်မင်းကြီးရဲ့ ထောက်ခံချက်ကို မရ ရအောင်ယူပြီး အဲဒီတိုင်ကြီးကို ဖြိုပစ်ရတာပေါ့ဗျာ''

မြွေသူတော်မောင်ခြိမ့်က ရှည်လျားစွာ ရှင်းပြလိုက်ပြီးသည့်နောက်တွင်တော့ နားထောင်နေကြသော အိုင်ပီဘဦးတို့လူစုမှာ ဖတ်ရှည်လည်သွားကြလေသည်။

အိုင်ပီထွန်းရွှေက မြွေသူတော်မောင်ခြိမ့်၏ စကားဆုံးသွားသည့်အခါတွင်တော့ သူ့ထုံးစံအတိုင်း အသံကြီးကြီးဖြင့်ရယ်မောရင်း ပြောလိုက်လေသည်။

''မသိပါဘူး ဗျာ။ ကျုပ်တို့ကတော့ အဲဒီ အင်္ဂတေတိုင်ကြီးကို ဖြိုပြီးသွားလို့ ဘာမှမတွေ့ရင် ကိုမောင်ခြိမ့်ကြီးတစ်ယောက် ကိုယ့်ရွာကိုယ်ပြန်ပြီး လယ်ထွန်နေရပြီမှတ်တာ ဗျို့...''

''ဟား ... ဟား ... ဟား''

''ဟား ... ဟား ... ဟား''

ဇော်နိုင်ငံစိုး

ပြီး



www.burmeseclassic